# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**တားမြစ်ပိတ်ပင်နိုင်သူ**

ပညာရှိတို့သည် ကိုယ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်၊ နှုတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်၊ စိတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင်၏။ ပညာရှိတို့သာလျှင် ဒုစရိုက်များကို တားမြစ်ပိတ်ပင်နိုင်သူတို့ မည်ကုန်၏။

**ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၃၄)**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၇)

# စင်ကာပူလေကြောင်းလိုင်းများ မြန်မာနိုင်ငံ မြို့ကြီးများသို့ တိုးချဲ့ပျံသန်းရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်ဇနီးတို့အား ဂုဏ်ပြုကြိုဆို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်

**နေပြည်တော် ဇွန် ၇**

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့သည် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆

## ဒရုန်း (Drones) တွေကို ဘယ်လိုသုံးကြမလဲ

စာမျက်နှာ-၆

## နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အတားအဆီးများ လျှော့ချရေး တရုတ်ကို အမေရိကန် တိုက်တွန်း

စာမျက်နှာ-၁၀



မြန်မာ့အလင်း

# ငြိမ်းချမ်းရေးနှင့်ယှဉ်သော လူ့ယဉ်ကျေးမှုဓလေ့

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ အမေရိကန်ရှိ မျှော်စင်ညီနောင် အဆောက်အအုံတိုက်ခိုက်ခံရမှုကို အကြောင်းပြု၍ အမေရိကန် သမ္မတ ဂျော့ဘုရှ်က မိစ္ဆာကင်းသောကမ္ဘာဖြစ်ရေး မူတစ်ခုချလျက် မိမိနှင့်ရန်ဘက်ပြုသည့် နိုင်ငံအချို့အား မိစ္ဆာဝင်ရိုးတန်းနိုင်ငံများဟု သတ်မှတ်ကာ ဘာသာရေးစစ်ပွဲဆန်ဆန်တုံ့ပြန်ခဲ့သည်ကို မှတ်မိကြပါလိမ့်မည်။ ထိုအချိန်တွင် ဘုန်းတော်ကြီး ဒလိုင်လားမားက အမေရိကန်သမ္မတအား "အကြမ်းဖက်သည့်နည်းဖြင့် အခြေအနေကို တုံ့ပြန်ခြင်းသည် မှန်ကန်သောတုံ့ပြန်ခြင်းဟုတ်မဟုတ် သေသေချာချာစဉ်းစားရန် လိုအပ်သည်။ အထူးသဖြင့် နိုင်ငံနှင့် နိုင်ငံတွင်းရှိ လူထု၏ ရေရှည်အကျိုးစီးပွားကို ကြည့်ရမည်။ ဆရာတော်အနေဖြင့် အကြမ်းဖက်သည့်နည်းသည် အကြမ်းဖက်သံသရာကိုသာ ရှည်စေလိမ့်မည်ဟု မြင်သည်"ဟု မိန့်မှာခဲ့ဖူးသည်။

ဆရာတော်၏မိန့်မှာချက်သည် သွေးထွက်အောင်မှန်သည်ဟု ဆိုနိုင်သည်။ အာဖဂန်စစ်ပွဲမှအစပြု၍ အီရတ်စစ်ပွဲ၊ ထိုစစ်ပွဲများ၏နောက်ဆက်တွဲထွက်ပေါ်လာသော IS အကြမ်းဖက်အဖွဲ့စသဖြင့် မဆုံးနိုင်သော အကြမ်းဖက်သံသရာဖြစ်လာသည်။ ထိုအကြမ်းဖက်မှုများ၏ နောက်ဆက်တွဲအဖြစ် ထွက်ပေါ်လာသော ဒုက္ခသည်များ၏အရေးသည် ဥရောပတိုက်သို့ပါ ကူးစက်ပျံ့နှံ့လာခဲ့သည်။ ယခု ဥရောပတိုက်နိုင်ငံများတွင် နောက်ဝင်လာသူများနှင့် မူရင်းနေထိုင်သူများကြား ယဉ်ကျေးမှုချင်း မတိုးတိုက်မိအောင် ဆောင်ရွက်နေရသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံ လူမှုအသွင်ပြောင်းလဲရေးလှုပ်ရှားမှု၏ အထင်ကရခေါင်းဆောင် အာဂျန်ဆုလတ်(ခေါ်)ဆုလတ်ရှီဗာရာကာကလည်း "မိစ္ဆာကင်းသော ကမ္ဘာကို ဟစ်တလာနှင့် စတာလင်တို့ကလည်း ရည်ရွယ်လုပ်ကိုင်ခဲ့ဖူးကြောင်း၊ ကမ္ဘာကြီးကို နှစ်ပိုင်းပိုင်းပြီး အဆိုးနှင့်အကောင်း၊ အမှားနှင့် အမှန် သီးခြားဖြစ်သွားအောင် လုပ်ဆောင်ရန်ရည်ရွယ်ချက်သည် သမာသမတ်ကျသော ယူဆချက်ဟုတ်မဟုတ် စဉ်းစားရန်လိုအပ်လှကြောင်း" ပြောခဲ့ဖူးသည်။

မိမိ၏အိမ်ဝင်းကို သန့်ရှင်းအောင်ကြိုးစားချိန်တွင် အိမ်ဘေးကပ်လျက်မှာ မီးလောင်နေသကဲ့သို့ပင်၊ ပဋိပက္ခဆိုသည်မှာ မိမိနှင့်ချစ်ခင်ရင်းနှီးသူအကြားရော၊ မိမိနှင့် သူစိမ်းတစ်ရံအကြားတွင်ပါ မလွှဲမရှောင်သာ ပေါ်ပေါက်တတ်စမြဲဖြစ်သည်။ ထိုအခါတွင် ပဋိပက္ခကိုအနီးကပ်ကိုင်တွယ်ခြင်းဖြင့်သာ မိမိဘဝအတွက် ပညာရစရာ၊ ကုစားရာနှင့် ကြီးပွားရာအခွင့်အရေး ဖြစ်ပေလိမ့်မည်။ အနီးကပ်ကိုင်တွယ်ခြင်းဆိုရာတွင် ပထမအဆင့်အနေဖြင့် တစ်ဖက်သူအား တစ်ဖက်သတ်အပြစ်တင်ခြင်းကို ရပ်ဖို့လိုသည်။ မိမိဘက်က မည်သည့်အပိုင်းတွင် မပျော့ပျောင်းဘဲ တင်းမာနေပါသနည်း၊ ခေါင်းမာမာဖြင့် မိမိကသာ မှန်သည်ဆိုသည့်အမြင် လွှမ်းမိုးထားနေသလား၊ ထိုအခြေအနေမှကျော်လွှားပြီး အခြားသူများ၏ ရှုထောင့်အမြင်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် မိမိကိုယ်ကိုမိမိ မခြွင်းမချန် ထွင်းဖောက်သိမြင်ပြီးသည့်နောက်တွင် မိမိနှင့် ပဋိပက္ခဖြစ်နေသော တစ်ဖက်သူများကို နားလည်လာပါလိမ့်မည်။

ပဋိပက္ခအခြေအနေတစ်ရပ်တွင် မိမိကအတိုက်အခိုက်ခံရပြီဆိုလျှင် ပြန်လည်လက်တုံ့ပြန်မှု ပြုလျှင်ပြု၊ မပြုလျှင်ရှောင်တိမ်းနေရုံသာရှိသည်ဟု မယူဆသင့်ပေ။ အခြားသောတုံ့ပြန်နိုင်သည့်နည်းများကို ရှာဖွေရမည်။ ဥပမာ ဥပဒေအရအရေးယူခြင်း၊ အမြင်ဖလှယ်ဆွေးနွေးခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ သံခင်းတမန်ခင်း နည်းလမ်းသုံးခြင်းအစရှိသည့် အခြားရွေးချယ်စရာများရှိပါသည်။ ပဋိပက္ခတွင် ပါဝင်ပတ်သက်သူ အချင်းချင်းကြား အမှန်တကယ်နားလည်လိုစိတ်အရင်းခံဖြင့် အပြန်အလှန် နားထောင်ကြမည်ဆိုလျှင် ရန်လိုမှုများပြေလည်နိုင်ပေသည်။

အကြမ်းဖက်သည့် ဓလေ့စရိုက်သည် ခွဲခြားဆက်ဆံခြင်းနှင့် မုန်းတီးခြင်းတို့ကို ပွားများစေခြင်းနှင့် အရာရာကို ဖုံးအုပ်သွားခြင်းများ ဖြစ်စေသည်။ ယနေ့ လူမှုအသိုင်းအဝိုင်းသည် အကြမ်းဖက်မှုနှင့် စစ်မက်အင်အားများအပေါ် အလွန်အမင်းရင်းနှီးမြှုပ်နှံလာကြခြင်း ဖြစ်သည်။ ယနေ့ မိမိတို့ရှင်သန်ရပ်တည်နေသော ကမ္ဘာကြီးမှာ ထိတ်လန့်ဖွယ်ရာများ ရောပြွမ်းနေသော ခေတ်ကြီးဖြစ်ပေရာ ငြိမ်းချမ်းရေးနှင့်ယှဉ်သော လူ့ယဉ်ကျေးမှုဓလေ့အကြောင်း ပြောဆိုဆွေးနွေး၊ ဟောပြောဝေငှရန် အလွန်အရေးကြီးသောကာလဖြစ်ကြောင်း ရေးသားရပါသည်။ ။

# မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ



**ပျဉ်းမနား ဇွန် ၇**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ် (၁၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း ပိုစတာပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ အတွင်းရေးမှူး နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း၁၀၀ ကျော်ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်က မူးယစ်ကင်းစင် တို့ဘဝ အသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့၊ စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ၊ တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့၊ လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကို ရှောင်ရှားမနေးစသည် ခေါင်းစဉ်များဖြင့် ပြိုင်ပွဲကိုကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဇော်မျိုးနိုင်**

# အုတ်ဖိုမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**အုတ်ဖို ဇွန် ၇**

အုတ်ဖိုမြို့နယ် ဥတိုမြို့သစ် သီတဂူ စက္ခုဒါနဆေးရုံကြီးတွင် ဇွန် ၇ ရက် နံနက်က နိုင်ငံတကာခြသေ့်အသင်းဝင်များ ဒေသ ၃၄၅-က (ကိုရီးယား) မှ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန် လှူဒါန်းခြင်းအား သီတဂူသာသနာပြုအဖွဲ့၊ ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



မျက်စိဝေဒနာရှင်များအား ကိုရီးယားနိုင်ငံမှ Dr.Jung Gun Lee ဦးဆောင်သောအဖွဲ့က အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိရာ ဇွန် ၆ ရက်က မျက်စိဝေဒနာရှင် ၃၆ ဦးခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ယင်းအစီစဉ်ကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၇**

လူငယ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဖလား အလေးမ တံခွန်စိုက်ပြိုင်ပွဲကို ဇွန် ၁၈ ရက်မှ ဇွန် ၂၀ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်း အမျိုးသား အမျိုးသမီး အသက် ၂၀ နှင့်အောက် ကီလိုတန်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ဝန်ကြီးဌာန၊ ကလပ်အသင်း၊ အား/ကာ (သိပ္ပံ) ရန်ကုန်၊ မန္တလေးတို့မှ အမျိုးသား အမျိုးသမီး အလွတ်တန်းပြိုင်ပွဲဝင်မည့် ကစားသမား များသည် ကိုယ်အလေးချိန် အတန်းလိုက် စံချိန်များကို အမြန်မ ပထမအကြိမ်နှင့် နှစ်ဆင့်မ ပထမအကြိမ် မ နိုင်ရမည်ဖြစ်၍ အမျိုးသား အမျိုးသမီး ၂၀ နှင့်အောက် ကစားသမားများသည် ကိုယ်အလေးချိန် အတန်းလိုက် အမျိုးသား ၂၆ ကီလို၊ အမျိုးသမီး ၂၁ ကီလိုစံချိန်များကို ပထမအကြိမ်၌ မ နိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ တွေ့ဆုံဆွေးနွေး

## ၁၉၉၉ ခုနှစ်ကချုပ်ဆိုခဲ့သော နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်မဖြစ်စေရေး သဘောတူစာချုပ်ကို ခေတ်အခြေအနေနှင့်အညီ ပြန်လည်သုံးသပ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ၁၉၉၉ ခုနှစ်က ချုပ်ဆိုခဲ့သော နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်မဖြစ်စေရေးသဘောတူစာချုပ်ကို ခေတ်အခြေအနေနှင့်အညီ ပြန်လည်သုံးသပ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ စင်ကာပူလေကြောင်းလိုင်းများ မြန်မာနိုင်ငံမြို့ကြီးများသို့ တိုးချဲ့ပျံသန်းပို့ဆောင်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်း၌ ဝန်ဆောင်မှုနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တိုးမြှင့်ဖွင့်လှစ်သင်ကြားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၌ အာဆီယံကိုယ်စား တက်ကြွစွာဦးဆောင်မှုပေးရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ရက် ၃၀ ဗီဇာကင်းလွတ်ခွင့်ဖြင့် အပြန်အလှန်သွားရောက်နိုင်ရေး သဘောတူညီချက်ကို ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့က လဲလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

# စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

စင်ကာပူဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်ဇနီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်၊ မြန်မာ နိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# Western Union က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ငွေလွှဲပို့မှုကို စတင်မိတ်ဆက်

**ရန်ကုန် ဇွန် ၇**

Western Union သည် ၂၀၁၃ ခုနှစ်တွင် ပြည်ပမှ မြန်မာနိုင်ငံသို့ ငွေလွှဲဝန်ဆောင်မှု စတင်ခဲ့ရာမှ ယနေ့တွင် မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ ငွေလွှဲပို့မှုကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မိတ်ဆက်ခဲ့သည်။

Western Union သည် ပြည်တွင်းဘဏ် ကိုးခုဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ ရောဝတီဘဏ်၊ ရိုးမဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ကမ္ဘာ့ရတနာလီမိတက်၊ မြန်မာ့ရှေ့ဆောင်၊ ပထမပုဂ္ဂလိကဘဏ်၊ ယူနိုက်တက်အမရာဘဏ်တို့ဖြင့် ချိတ်ဆက်ကာ ပြည်ပနိုင်ငံများသို့ ငွေလွှဲပို့နိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှနှင့် အိုးရှင်းနီးယားဒေသ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Ms.Patricia Z Riingen က " Western Union ဟာ မြန်ဆန်၊ လွယ်ကူ၊ စိတ်ချယုံကြည်ရပါတယ်။ မိနစ်ပိုင်းအတွင်းမှာ ငွေလွှဲပို့နိုင်တဲ့အတွက် လျင်မြန်ပါတယ်။ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက် စာရင်းအရ နိုင်ငံတစ်ဝန်းကို လွှမ်းခြုံထားတဲ့ ထိပ်တန်းဘဏ်ကိုးခုနဲ့အတူ ကိုယ်စားလှယ်ပေါင်း ၇၉၀ ရှိတဲ့ ကျွန်မတို့ရဲ့ ဝန်ဆောင်မှုဟာ လွယ်ကူ အဆင်ပြေလှပါတယ်။ နိုင်ငံနဲ့နယ်မြေပေါင်း ၂၀၀ ကျော်မှာ ကိုယ်စားလှယ်ပေါင်း ငါးသိန်းကျော်ရှိမှုကြောင့် ငွေလက်ခံမယ့်သူတွေ အတွက်လည်း သက်သောင့်သက်သာရှိလှပါတယ်။ ငွေကြေးခဝါချမှုလိုမျိုး တရားမဝင်လုပ်ရပ်တွေကို ရပ်တန့်စေမယ့် ဆုံးဖြတ်ချက်နဲ့အတူ ဒေသခံဥပဒေ လိုက်နာရေးကို ထိပ်တန်းဦးစားပေးအနေနဲ့ ဆောင်ရွက်ထားတာကြောင့် ယုံကြည်စိတ်ချရပါတယ်"ဟု ပြောသည်။

ငွေလွှဲမှုတွင် ကျန်းမာရေး၊ နိုင်ငံခြားသို့ ပညာသင်သွားရောက်ကြသူများ၊ ခရီးသွားခြင်း၊ လက်ဆောင်ပေးခြင်း၊ အမွေနဲ့ပတ်သက်သော ငွေကြေးများကို လွယ်ကူစွာ လွှဲပို့ပေးနိုင်ပြီး မည်သည့်ငွေကြေးဖြင့်မဆို လွှဲပို့ပေးနိုင်ကြောင်း သိရသည်။

Western Union နှင့်ချိတ်ဆက်ထားသော အေးဂျင့်ဌာန ၇၉၀ ကျော်တွင် ငွေပို့၊ ငွေလွှဲလက်ခံထုတ်ယူနိုင်မည်ဖြစ်သည်။

**ဝင်းဝင်းမော်**



# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေ ၁၀ ခု ပြင်ဆင်ပြဋ္ဌာန်းမည်

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေများအနက် အဓိကအရေးကြီးသောဥပဒေ ၁၀ ခုကို ပြင်ဆင်ပြဋ္ဌာန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ပြောသည်။

"ပြဋ္ဌာန်းဖို့ဆိုတာက ကျွန်တော်တို့ဆီမှာလွှတ်တော်ကော်မတီ ၁၀ ခုရှိပါတယ်။ ကော်မတီ ၁၀ ခုအသီးသီးကမှ လူထုကြားမှာသူတို့ကိုယ်တိုင် လေ့လာထားတယ်။ အဲဒီအပေါ်မှာ သူတို့သုတေသနလုပ်ထားတဲ့ မြေပြင်အနေအထားအတိုင်း ပြုပြင်ပြင်ဆင်သွားမှာပါ။ တိုင်းဒေသကြီး လွှတ်တော်အနေနဲ့ ဥပဒေပေါင်း ၂၅ ခုရှိပါတယ်။ ဒီအထဲမှာ ဘတ်ဂျက် ဥပဒေတွေ၊ ဘာတွေဖယ်လိုက်မယ်ဆိုရင် ၁၀ ခု ဝန်းကျင်လောက်ပဲရှိပါတယ်။ အဲဒီ ၁၀ ခုကို ပြန်လည်သုံးသပ်နေပါတယ်။ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းတဲ့ ဥပဒေနဲ့မဆန့်ကျင်ဘဲ ပြင်ဆင်မှုတွေပြုလုပ်သွားမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကခွင့်ပြုထားတဲ့အတိုင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေက ပြဋ္ဌာန်းနိုင်တဲ့ဥပဒေတွေပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်သွားမှာပါ"ဟု တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဇွန် ၆ ရက်က UMFCCI ၌ တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ပြင်ဆင်ပြဋ္ဌာန်းမည့် ဥပဒေများတွင် ယစ်မျိုး ခွန်ဥပဒေ၊ စည်ပင်သာယာဥပဒေ၊ ရေချိုငါးလုပ်ငန်းဥပဒေနှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆိုင်သောဥပဒေများပါဝင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကော်မတီ ၁၀ ခုက ခေတ်နှင့်လျော်ညီသော ဥပဒေ ၁၀ ခုကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ တွေ့ဆုံ ဆွေးနွေးစဉ်**
(သတင်းစဉ်)

◆ *ရွှေဖုံးမှ*

တွေ့ဆုံစဉ် ၁၉၉၉ ခုနှစ်က ချုပ်ဆိုခဲ့သော နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်မဖြစ်စေရေး သဘောတူစာချုပ်ကို ခေတ်အခြေအနေနှင့်အညီ ပြန်လည်သုံးသပ်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး၊ စင်ကာပူလေကြောင်းလိုင်းများ မြန်မာနိုင်ငံမြို့ကြီးများသို့ တိုးချဲ့ပျံသန်းပို့ဆောင်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်း၌ ဝန်ဆောင်မှုနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တိုးမြှင့်ဖွင့်လှစ် သင်ကြားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် ဇနီးတို့အား သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးခိုင်မြဲတိုးတက်လျက်ရှိနေပုံကို ပီပီပြင်ပြင်ဖော်ကျူးလျက်ရှိပါကြောင်း၊ ယခုနှစ်သည် မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်မြောက်သည့် နှစ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအသိုက်အဝန်းနှင့်အတူ လက်တွဲကာ လုပ်ကိုင်လျက်ရှိကြကြောင်း၊ လွန်ခဲ့သည့် နှစ် ၅၀ ကြာကာလပတ်လုံး မိမိတို့နှစ်နိုင်ငံ အတူလက်တွဲခဲ့ကြခြင်းအတွက် အထူးပင်ကျေနပ်အားရဖြစ်မိပါကြောင်း။

စင်ကာပူနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများအရသာမက မြန်မာနိုင်ငံရှိ လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်ပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအရပါ အားပေးကူညီခြင်း ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအသိုက်အဝန်းနှင့် မြန်မာလူငယ်များအတွက် အရေးပါသော ဆောင်ရွက်ချက်များပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက် ဆက်လက် ထောက်ခံမှုပေးခြင်းနှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးပေးခြင်းအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ ချဲ့ထွင်နိုင်ရေးအတွက် မိမိတို့ ဆက်လက်ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံပြည်သူများအကြား အစဉ်ထာဝရ တည်တံ့ခိုင်မြဲသော ရင်းနှီးချစ်ကြည်မှုတိုးတက်စေရန် ဆုတောင်းပတ္ထနာပြုပါကြောင်း ပြောကြားသည်။

ထို့နောက် စင်ကာပူဝန်ကြီးချုပ်က မိမိသည် ၂၀၁၄ ခုနှစ်က အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ယခုတစ်ကြိမ်တွင် သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ လှိုက်လှဲပျူငှာစွာဖြင့် ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ကျေးဇူးတင်ရှိပါကြောင်း။

အစိုးရအဖွဲ့သစ်နှင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ကဏ္ဍသစ်များနှင့် ပတ်သက်၍ ဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေနပ်အားရဖြစ်ရပါကြောင်း၊ ယခုနှစ်သည် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး၏ ရွှေရတုနှစ်ပတ်လည် အခါသမယကျရောက်သည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

နှစ်ပေါင်း ၂၀၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် နှစ်နိုင်ငံပြည်သူတို့မှာ ဆက်ဆံရေးအရ ခိုင်မြဲလျက်ရှိကြောင်း၊ ယနေ့ကာလတွင် စင်ကာပူရောက်မြန်မာပြည်သူ ၂၀၀၀၀၀ ခန့်ရှိနေပြီး မိမိတို့နိုင်ငံ လူ့အဖွဲ့အစည်းအတွင်း ကျောင်းသား ကျောင်းသူများ၊ ပညာရှင်များစသည့် နယ်ပယ်မျိုးစုံမှ ပုဂ္ဂိုလ်များအဖြစ် ပါဝင် လှုပ်ရှားလျက်ရှိကြောင်း။

နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်နေသူများအတွက် ရက် ၃၀ ကြာမြင့်သည်အထိ နေထိုင်ခွင့်ပေးရန် ဗီဇာစည်းမျဉ်း ကန့်သတ်ချက်များကို လျှော့ချပေးမည်ဖြစ်ကြောင်း၊ လေကြောင်းခရီးစဉ် ပျံသန်းမှုများနှင့် အပြန်အလှန်ချိတ်ဆက်မှု တိုးမြှင့်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံသည်မိမိတို့၏ မိတ်ဆွေကောင်းဖြစ်သည်သာမက မိမိတို့အတွက် အရေးကြီးသော မိတ်ဖက်လည်းဖြစ်ကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်တာကာလပတ်လုံး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် မိမိတို့အတူယှဉ်တွဲလျှောက်လှမ်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံအား အကူအညီပေးမှုကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရအဖွဲ့များအကြား အပြန်အလှန်ဖလှယ်ရေး အစီအစဉ်များကို နှစ်ရှည်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ စင်ကာပူနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့်အညီ မြန်မာအစိုးရတာဝန်ရှိသူ ၁၂၆၀၀ ကျော်သည် သင်တန်းများ တက်ရောက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံမှ အရပ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများမှ အကြီးအကဲ အတော်များများမှာ စင်ကာပူရှိ ပြည်သူ့ရေးရာမူဝါဒတက္ကသိုလ်များ၏ ကျောင်းသားဟောင်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေး တည်ဆောက်မှုတို့တွင် တိုးတက်အောင်မြင်မှုများကို တွေ့မြင်နေရသဖြင့် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးသည် နိုင်ငံတော်အစိုးရသစ် စတင် တာဝန်ယူစဉ်ကာလအတွင်း ပထမဆုံး ချစ်ကြည်ရေးခရီး အလည်အပတ် လာရောက်သည့် နိုင်ငံခေါင်းဆောင် တစ်ဦးဖြစ်သည်။

စင်ကာပူနိုင်ငံ ဗြိတိသျှ ကိုလိုနီလက်အောက်တွင် ကျရောက်လျက်ရှိနေသေးသည့် ၁၉၅၂ ခုနှစ် စက်တင်ဘာလကတည်းက မြန်မာနှင့် စင်ကာပူတို့အကြား ကောင်စစ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများရှိခဲ့သည်။ ၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် ကောင်စစ်ဝန်ချုပ်အဆင့်



**ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှုတ်ခွန်းဆက်စကားပြောကြားစဉ်**
(သတင်းစဉ်)

*စာမျက်နှာ ၅ သို့*

## မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက် ဆက်လက်ထောက်ခံမှုပေးခြင်းနှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးပေးခြင်းအတွက် အထူးပင် ကျေးဇူးတင်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်**

## အစိုးရအဖွဲ့သစ်နှင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ကဏ္ဍသစ်များနှင့်ပတ်သက်၍ ဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေနပ်အားရ

**စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး**

*စာမျက်နှာ ၄ မှ*

အထိ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ မလေးရှားမှ ခွဲထွက်ပြီး တရားဝင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ၁၉၆၅ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကြေညာနိုင်ခဲ့ပြီးနောက် စင်ကာပူသမ္မတနိုင်ငံအား မြန်မာနိုင်ငံမှ အသိအမှတ်ပြုကြောင်းကို ၁၉၆၅ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းနောက် မြန်မာ-စင်ကာပူ သံအမတ်ကြီးအဆင့် ဆက်သွယ်ဆောင်ရွက်မှုကို ၁၉၆၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စတင်ခဲ့သည်။ နှစ်နိုင်ငံအကြား သက်ဆိုင်ရာမြို့တော်များ၌ သံအမတ်ကြီးများ ခန့်အပ်ရေးကို ၁၉၈၄ ခုနှစ် ဇူလိုင်လတွင် နှစ်ဖက်သဘောတူ ဆောင်ရွက်ခဲ့ကြပြီး လက်ရှိတွင် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးဌေးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအဖြစ် မစ္စတာ ရောဘတ်ချာတို့က ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

## ရွေးကောက်ပွဲဥပဒေဆိုင်ရာလုပ်ငန်းစဉ် လေ့လာသုံးသပ်ဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Stakeholders များအကြား ရွေးကောက်ပွဲ ဥပဒေဆိုင်ရာလုပ်ငန်းစဉ် လေ့လာသုံးသပ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (၆)ဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို အခန်းကဏ္ဍအလိုက် ခွဲခြား၍ အစုအဖွဲ့ (၄)ဖွဲ့ စုဖွဲ့ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ဆွေးနွေးခဲ့ကြပြီးနောက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပါဝင်အားဖြည့်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အခြားနိုင်ငံများ၏ ရွေးကောက်ပွဲဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာခြင်း၊ နောင်လာမည့်ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းစဉ်အတွက် အကြံပြုဆွေးနွေးခြင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် လွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် အစီအစဉ်၊ သတင်းအချက်အလက်များ မျှဝေရန်အစီအစဉ်တို့နှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၇**

ပွင့်လင်းမြင်သာမှုသည် အဓိကကျကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံးတွင် ပြုလုပ်သည့် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ **(ဓာတ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက အဆင်သင့်မဖြစ်သည့်အဖြေများ မဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပြီး ထိုသို့ပြင်ဆင်ထားမည်ဆိုပါက မေးခွန်းတိုင်းကို ဖြေဆိုနိုင်မည်ဖြစ်ကြောင်း၊ ပြောရေးဆိုခွင့်ရှိသူများကို ဝန်ကြီးဌာနများတွင် ခန့်အပ်လုပ်ဆောင်ခြင်းသည် ဝတ္တရားအရ လုပ်ဆောင်သည်ဟု မသတ်မှတ်စေလိုကြောင်း၊ မီဒီယာသည် သူတို့အလုပ်ကို သူတို့လုပ်ဆောင်သလို မိမိတို့သည်လည်း မိမိတို့အလုပ်ကို လုပ်ခြင်းဟု သတ်မှတ်စေလိုပါကြောင်း၊ ပြည်သူနှင့် ထိတွေ့ရန် မီဒီယာကို ကြားခံအသုံးပြုခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် မိမိအလုပ်ကို ပိုမိုကောင်းမွန်စေရန် လေ့ကျင့်ပေးသည်ဟု သတ်မှတ်စေလိုကြောင်း၊ ယနေ့သည် စုပေါင်းလေ့ကျင့်ရသည့်အချိန်အခါ ဖြစ်ပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူ အသီးသီးက မိမိဌာနနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများကို ကြိုတင်ပြင်ဆင်ထားစေလိုကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်သတင်းစာပညာကျောင်းမှ ဒါရိုက်တာ ဦးရဲနိုင်မိုးက သတင်းထုတ်ပြန်ချက်ရေးသားခြင်း၊ သတင်းဖြေကြားခြင်း၊ သတင်းရေးသားနည်း၊ အင်တာဗျူးဖြေဆိုခြင်း စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်) ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၇၉ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)၏ မိတ်ဆွေရှစ်ဦး၊ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦး၊ ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)၏ မိတ်ဆွေငါးဦး၊ ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)၏ မိတ်ဆွေ ၁၁ ဦး၊ ဦးကျော်စိုး(ဇန်းမောက်မဲဆန္ဒနယ်)၏ မိတ်ဆွေလေးဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၏ မိတ်ဆွေ ၃၁ ဦး စုစုပေါင်း ၁၄၀ တို့သည် ဇွန် ၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

## လွှတ်တော်ရုံးအသီးသီးနှင့် UNDP / IPU တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်ကော်မတီများအတွက် ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာစွမ်းရည်မြှင့်တင်ရေးအစီအစဉ် ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၇**

လွှတ်တော်ရုံးအသီးသီးနှင့် UNDP / IPU တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်ကော်မတီများ အတွက် ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ် ဒုတိယနေ့ကို ဇွန် ၇ ရက်က လွှတ်တော်သဘင်ဆောင်၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အဆိုပါအစီအစဉ်သို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ နိုင်ငံတကာလွှတ်တော်များမှ ကိုယ်စားလှယ်များနှင့် ကော်မတီကျွမ်းကျင်သူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒရုန်း (Drones) တွေကို ဘယ်လိုသုံးကြမလဲ

**ဒေါက်တာကြည်သွင်(လေကြောင်းနှင့်အာကာသ)**

မြန်မာနိုင်ငံ၌ တပ်မတော်(လေ)မှ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် အဝေးထိန်းလေယာဉ်များဖြင့် သရုပ်ပြသခဲ့စဉ်က အဆိုပါအဝေးထိန်းလေယာဉ်ပျံ (Remote Controlled Plane) အသေးများကို စတင်တွေ့မြင်ခဲ့ရသည်။ ထိုအချိန်က ပုဂ္ဂလိကအနေဖြင့် အဝေးထိန်းလေယာဉ်ပျံများ တင်သွင်းခွင့်ရှိ/မရှိ မသိရသော်လည်း ယခုအချိန်ကဲ့သို့ လွယ်ကူစွာတင်သွင်းမှုမျိုး မတွေ့ရပေ။ နောင်တွင် တပ်မတော်(လေ)နှင့် ရန်ကုန်တက္ကသိုလ်မှ ဆရာများ၊ ပုဂ္ဂလိကမှ စိတ်ပါဝင်စားသူများပူးပေါင်း၍ အဝေးထိန်းလေယာဉ်ပျံများ စမ်းသပ်တည်ဆောက်လာကြပြီး မောင်းသူမဲ့လေယာဉ်တီထွင်နိုင်ရန် ကြိုးစားလာသည်ကို တွေ့ရသည်။

အလားတူ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ၂၀၀၇ ခုနှစ်က အဆိုပါ အဝေးထိန်းယာဉ်ပျံဒီဇိုင်းတွက်ချက်စမ်းသပ်ခဲ့ကြပြီး ၂၀၀၉ ခုနှစ်တွင် တည်ဆောက်ကာ စမ်းသပ်ပျံသန်းမှုများကို အောင်မြင်စွာ စတင်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင် ကိုယ်တိုင်တီထွင်တည်ဆောက်ခဲ့သော မောင်းသူမဲ့စနစ်ဖြင့် မိုင် ၂၀ ခရီးကို အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနအနေဖြင့် မြင်းကောင် ရေအား ၂ ဒသမ ၈၊ ၄ ၊ ၁၀ ရှိသည့် အင်ဂျင်အသေးစားများကို အသုံးပြု၍ မောင်းသူမဲ့လေယာဉ်အမျိုးမျိုးကို အသုံးပြုမည့် ရည်ရွယ်ချက်အလိုက် တည်ဆောက်နိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မြေတိုင်းတာရေး (Survey) လုပ်ငန်းအတွက် ဂြိုဟ်တုဓာတ်ပုံထက် ပို၍တိကျသော မြေတိုင်းတာမှု၊ မြေမျက်နှာပြင် အနိမ့်အမြင့်အလိုက် ဖော်ပြနိုင်မှု၊ သုံးဖက်မြင်မြေပုံ ထုတ်နိုင်မှုတို့ကို ပေးနိုင်သည့် ကောင်းကင်ဓာတ်ပုံရိုက်ရာတွင် မောင်းသူမဲ့လေယာဉ်အား အသုံးပြုနိုင် ခဲ့သည်။ ထို့အတူ ဘက်ထရီနှင့် မော်တာအသုံးပြုသည့် လက်ပစ်မောင်းသူမဲ့လေယာဉ် (Hand-launched UAV)၊ ပန်ကာလေးလက်၊ ခြောက်လက်၊ ရှစ်လက်စသည်ဖြင့် ဒရုန်းများကိုလည်း ကိုယ်ပိုင်တည်ဆောက်ကာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။ ယခုအခါ နေစွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်ကိုလည်းကောင်း၊ ဒေါင်လိုက်တက်ဆင်း ပြုလုပ်နိုင်သည့် (VTOLအမျိုးအစား) မောင်းသူမဲ့လေယာဉ်ကို လည်းကောင်း ဆက်လက်သုတေသနပြုလုပ်လျက်ရှိသည်။

လေယာဉ်ပျံတီထွင်မှုကို စိတ်ပါဝင်စားသူ ဝါသနာရှင်အချို့ကလည်း အဝေးထိန်းလေယာဉ်ပျံများကို နိုင်ငံခြားမှ တင်သွင်း၍လည်းကောင်း၊ ပြည်တွင်း၌ တပ်ဆင်၍ လည်းကောင်း တည်ဆောက်ပျံသန်းခြင်း၊ အင်ဂျင်စက်တပ်ပျံသန်းသည့် (Para Motor) တည်ဆောက်ပျံသန်းခြင်း၊ ဗီဒီယိုဓါတ်ပုံရိုက်ကူးရာတွင် ဒရုန်းများ အသုံးပြုခြင်းတို့ကို တွေ့မြင်ရသည်။ ထိုမျှမက အဝေးထိန်းလေယာဉ် တည်ဆောက်ပျံသန်းမှုကို စိတ်ပါဝင်စားသူ ဝါသနာရှင်များစုစည်း၍ (RC Plane Builders & Flyers Club)ကိုလည်း ဖွဲ့စည်းထားကြောင်း၊ စုဖွဲ့၍လေ့ကျင့်ပျံသန်းကြကြောင်း သိရှိရသည်။ နိုင်ငံတကာတွင် ကလေးသူငယ်များပင်လျှင် ဒရုန်းနှင့် အဝေးထိန်းလေယာဉ်ငယ်လေးများကို ကာလကြာမြင့်စွာကပင် အသုံးပြုနိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း ဤကဲ့သို့ တီထွင်ဖန်တီးမှု၊ စိတ်ပါဝင်စားမှုတို့မှာ နည်းပညာ



ဖွံ့ဖြိုးတိုးတက်လာမှုအတွက် ကြိုဆိုသင့်၊ အားပေးသင့်သည့် ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။

**မောင်းသူမဲ့လေယာဉ်နှင့် ၎င်း၏ကောင်းကျိုးဆိုးကျိုးများ**

မောင်းသူမဲ့လေယာဉ် (UAV)တွင် ဂြိုဟ်တုလမ်းညွှန်စနစ် (GPS) သို့မဟုတ် ယာဉ်၏တည်နေရာပြစနစ် (Inertial Navigation System - INS) တို့ဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း လေယာဉ်ကို အလိုအလျောက်ထိန်းကျောင်းမောင်းနှင်စနစ် (Autopilot System) ကို အသုံးပြုထားခြင်းဖြစ်သည်။ အဆိုပါ မောင်းသူမဲ့လေယာဉ်များကို အမေရိကန်၊ အစ္စရေးနိုင်ငံတို့တွင် ဦးစွာတီထွင်ခဲ့ကြပြီး စစ်ပွဲများတွင် ကင်းထောက်ခြင်း၊ ဗုံးကြဲခြင်း၊ ပစ်မှတ်ရှာဖွေချေမှုန်းခြင်း စသည်ဖြင့် တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ ယခုအခါ နိုင်ငံအတော်များများတွင်ပါ မောင်းသူမဲ့လေယာဉ်ပိုင်ဆိုင်အသုံးပြုလာကြသည်ကို တွေ့ရှိရသည်။

ဤသို့ မောင်းသူမဲ့လေယာဉ်ကို စစ်ဘက်အသုံးပြုမှုသာမက အရပ်ဘက်ပါအသုံးပြုမှုများအနေဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ရာသီဥတုလေ့လာစောင့်ကြည့်ခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေလွှာပြတ်ရွေ့ခြင်း၊ တောမီးလောင်ခြင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းများ စောင့်ကြည့်ခြင်း၊ ဓာတ်သတ္တုရှာဖွေခြင်း၊ မြေတိုင်းတာခြင်း၊ ကောင်းကင်ဓာတ်ပုံဗီဒီယိုရိုက်ကူးခြင်း စသည်ဖြင့် အမျိုးမျိုးသောကဏ္ဍတို့တွင် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့အကျိုးပြုမှုများကြောင့် အရပ်ဘက်လုပ်ငန်းကဏ္ဍအသီးသီးတွင်လည်း မောင်းသူမဲ့လေယာဉ်ကို တွင်ကျယ်စွာအသုံးပြုလာကြောင်း လေ့လာသိရှိရသည်။

မကြာသေးမီက လူမှုကွန်ရက်တစ်ခုဖြစ်သည့် ဖေ့ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇူကာဘတ်က အင်တာနက်ကွန် ရက်နှင့်အလှမ်းဝေးသည့်ဒေသရှိ ၎င်း၏ဖောက်သည်များအတွက် ကောင်းကင်တွင် တစ်ကြိမ်ပျံလျှင် သုံးလကြာပျံသန်းနေနိုင်မည့် နေစွမ်းအင်သုံး မောင်းသူမဲ့လေယာဉ် (Aquila) ကို လွှတ်တင်ထားကြောင်း၊ အလားတူ အမေရိကန်မှ (Titan Aerospace) ကုမ္ပဏီက ကျေးလက်ဒေသအင်တာနက်ဆက်သွယ်ရေးအတွက် လေထုအတွင်းကဂြိုဟ်တု (Atmospheric Satellite) ဟုတင်စားသည့် အမြင့်ပေ ၆၅၀၀၀ မှ ၉၀၀၀၀ ရှိ ကောင်းကင်၌ ငါးနှစ်ကြာပျံသန်းမည့် နေစွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်ကို လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ထို့အတူ ဒရုန်းများကို အသုံးပြု၍ ကုန်ပစ္စည်းများကို (Door to Door) ပို့ဆောင်ပေးခြင်း၊ စိုက်ခင်းများတွင် ဆေးဖျန်းခြင်း၊ သီးနှံစိုက်ခင်း ပိုးကျ၊ မကျ စသည်ဖြင့် ကဏ္ဍစုံတွင် အသုံးပြုနိုင်ကြောင်း လေ့လာသိရှိရသည်။

| အုပ်စု | အမျိုးအစား | အလေးချိန် (ကီလိုဂရမ်) | သတ်မှတ်ချက်များ |
| --- | --- | --- | --- |
| Open | ကစားစရာ/ မီနီဒရုန်း | ၁ ထက်နည်း | မြေပြင်အထက် မီတာ ၅၀ထက် ပိုမပျံရန် |
| | အလွန်သေးငယ်သော ဒရုန်းများ | ၄ နှင့် ၂၅ အကြား | ဒရုန်းကန့်သတ်ဇုန်များတွင် မပျံသန်းရ။ မီ တာ ၅၀ အမြင့်၊ မီတာ ၅၀ အကွာအဝေးတွင် ပျံသန်းရန်၊ လေကြောင်းပျံသန်းမှုအခြေခံများ သိရှိရန်။ |
| | ဒရုန်းငယ်များ | ၂၅ နှင့် ၁၅၀ အကြား | မီတာ ၁၅၀ အောက်တွင်သာပျံသန်းရန်၊ ကန့်သတ်ဇုန်များ၊ လုံးဝမပျံသန်းရဇုန်များတွင် မပျံသန်းရန်၊ ၁၂ ဦးထက်ပိုသော လူအုပ်အပေါ်တွင်မပျံသန်းရ၊ လေကြောင်းပျံသန်းမှုအခြေခံများ သိရှိရန်။ |
| Specific | အဝေးထိန်းလေယာဉ်ငယ် မောင်းသူမဲ့ လေယာဉ်ငယ်များ | ၁၅၀ | သတ်မှတ်သည့်လုပ်ငန်းသာ အသုံးပြုခွင့်စစ်ဆေးခံရန်၊ ဒရုန်း၏လုံခြုံစိတ်ချမှုကို စစ်ဆေးခံရန်၊ ပျံသန်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကန့်သတ်ချက်များ လိုက်နာရန်၊ အဝေးထိန်းပျံသန်းခွင့်လက်မှတ်ရှိသူဖြစ်ရန်။ |
| Certified | မောင်းသူမဲ့လေယာဉ်ကြီးများ | ၁၅၀ အထက် | လူလိုက်ပါသည့် လေယာဉ်ကြီးများ၏ လုပ်ထုံးလုပ်နည်း၊ ကန့်သတ်ချက်များအတိုင်း အန္တရာယ်ကင်းရှင်းမှုလက်မှတ် (C of A) ရှိရန်၊ အဝေးထိန်းပျံသန်းခွင့်လက်မှတ်ရှိသူဖြစ်ရန်။ |

ဤကဲ့သို့ မောင်းသူမဲ့လေယာဉ်များ ဒရုန်းများကို ကောင်းမွန်သည့်ဘက်တွင် အသုံးပြုနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း တွေ့ရှိရသည်။ လေယာဉ်ကွင်းများအနီးတွင် ဒရုန်းများပျံသန်းမှုကြောင့် လေယာဉ်ပျံကြီးများ၏ အတက်အဆင်းတွင် ဘေးအန္တရာယ် ကျရောက်စေသည့်ဖြစ်စဉ် လူထုထပ်ရာနေရာများတွင် ပျံသန်းရင်း မှားယွင်းချွတ်ချော်မှုများကြောင့် လူများကိုထိခိုက်မှုဖြစ်စဉ်၊ အသေးစားဒရုန်းကို အသုံးပြု၍ တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို နှောင့်ယှက်စေသောဖြစ်စဉ်များကို မီဒီယာအမျိုးမျိုးမှ တွေ့မြင်ကြားသိနေရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် တန်ဖိုးအလိုက် စွမ်းဆောင်ရည်နှင့် အရွယ်အစားမျိုးစုံသည့် ဒရုန်းများ၊ အဝေးထိန်းလေယာဉ်များ တွင်ကျယ်ပေါ်များလာသည်ကို တွေ့ရသော်လည်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံရေးထိခိုက်မှုတို့ကို မဖြစ်ပေါ်စေရန် စနစ်တကျအသုံးပြုရမည့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားခြင်းမရှိသေးသဖြင့် ပြုစုထုတ်ပြန်ပေးရန် လိုအပ်ပါသည်။

**နိုင်ငံတကာမှ ဒရုန်းအသုံးပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ယခုအခါ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ကမ္ဘာ့နိုင်ငံအတော်များများတွင် အသုံးပြုနေကြသည်ဖြစ်ရာ အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုသကဲ့သို့ ဘေးထွက်ဆိုးကျိုးများ မဖြစ်ပေါ်စေရန် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ ပြဋ္ဌာန်းကာ စနစ်တကျသုံးစွဲရန် ဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ဆွစ်ဇာလန်နိုင်ငံ၌ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဆွစ်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ၃၀ ကီလိုဂရမ်ထက်ပေါ့သော ဒရုန်းများကို မောင်းသူ၏မျက်မြင် အကွာအဝေး (သို့မဟုတ်) မီတာ ၁၀၀ အချင်းဝက်အတွင်း သတ်မှတ်သည့် ကိစ္စရပ်အတွက် အသုံးပြုရန် ခွင့်ပြုပေးခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် ကိုယ်ပိုင်ဒရုန်းပျံသန်းသူ များအတွက် မပျံသန်းရဇုန်များ၊ မြို့ပြဆိုင်ရာ အထူးစည်းကမ်း သတ်မှတ်ချက်များလိုက်နာခြင်း၊ ယာဉ်၏ယုံကြည်စိတ်ချနိုင်သည့် ပမာဏအထိသာ အလေးချိန်သယ်ယူခွင့်ပြုခြင်း၊ ကောင်းကင်ဓာတ်ပုံရိုက်ကူးခြင်းကို စစ်တပ်နှင့် အထူးသတ်မှတ်နေရာများတွင် လည်းကောင်း၊ ကိုယ်ပိုင်လွတ်လပ်ခွင့် ဥပဒေကို လည်းကောင်း လိုက်နာခြင်းစသည့် အထူးကန့်သတ်ချက်များကို သတ်မှတ်ထုတ်ပြန်ပေးခဲ့သည်။

ကနေဒါနိုင်ငံတွင် ပို့ဆောင်ရေးဌာနမှ အရပ်ဘက်နှင့် စီးပွားရေးလုပ်ငန်းသုံး မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများအတွက် အထူးပျံသန်းရေးအသိအမှတ်ပြု လက်မှတ်များကို ထုတ်ပေးခဲ့သည်။ ကနေဒါလေကြောင်းစည်းမျဉ်း အပိုဒ် (၆၀၂.၄၁)တွင် အထူးပျံသန်းရေး အသိအမှတ်ပြုလက်မှတ် (သို့မဟုတ်) ဒရုန်းယာဉ်မောင်း လက်မှတ်မရှိဘဲ မည်သူမျှ မောင်းသူမဲ့လေယာဉ်များကို ပျံသန်းအသုံးပြုခွင့်မရှိကြောင်း ဖော်ပြထားသည်။ အဆိုပါ အထူးပျံသန်းရေးအသိအမှတ်ပြု လက်မှတ်ကိုလည်း မြို့ပြဆိုင်ရာကိစ္စရပ်များ၊ လေ့လာစောင့်ကြည့်မှုများ စသောသတ်မှတ်သည့် ကိစ္စရပ်များအတွက် သတ်မှတ်ခွင့်ပြုသည့်နေရာများတွင်သာ ပျံသန်းခွင့်ပြုထားခြင်းဖြစ်သည်။

ထို့အပြင် မောင်းသူမဲ့လေယာဉ်ကို မြို့ပြရေိယာများအတွင်း (သို့မဟုတ်) အပေါ်များတွင် ပျံသန်းခြင်း၊ မြို့ပြဧရိယာမှ သတ်မှတ်ထားသည့် အကွာအဝေးအတွင်းမှလွဲ၍ ပျံသန်းခြင်း၊ ဘုရားရှိခိုးကျောင်းများ၊ ဆေးရုံများ၊ ပန်းခြံများ၊ စာသင်ကျောင်းများစသည့် ဆူညံသံကင်းမဲ့ရန် သတ်မှတ်သည့် နေရာများအနီးတွင် ပျံသန်းခြင်းတို့ကို တားမြစ်ထားကြောင်း၊ ဝါသနာ (သို့မဟုတ်) အပျော်တမ်းပျံသန်းသည့် လေယာဉ်မိုဒယ်များ မှာ ၃၅ ကီလိုဂရမ်ထက် အလေးချိန်ပိုခွင့် မရှိကြောင်း၊ လက်ရှိ အချိန်အထိ မှတ်ပုံတင်ထားသည့် မောင်းသူမဲ့လေယာဉ် (သို့မဟုတ်) အဝေးထိန်းလေယာဉ်ပျံသန်းမောင်းနှင်သူ ၃၀၀ ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

*စာမျက်နှာ ၇ သို့*

**၂၀၁၄ ခုနှစ်တွင် မြေတိုင်းတာရေး (Survey) လုပ်ငန်းအတွက် ဂြိုဟ်တုဓာတ်ပုံထက်ပို၍ တိကျသော မြေတိုင်းတာမှု၊ မြေမျက်နှာပြင် အနိမ့်အမြင့်အလိုက် ဖော်ပြနိုင်မှု၊ သုံးဖက်မြင်မြေပုံ ထုတ်နိုင်မှုတို့ကို ပေးနိုင်သည့် ကောင်းကင်ဓာတ်ပုံရိုက်ရာတွင် မောင်းသူမဲ့လေယာဉ်အား အသုံးပြုနိုင်ခဲ့**

# ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ရန်ဆုံးဖြတ်

**နေပြည်တော် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိပင်လယ်ကမ်းခြေတွင်ဒီရေတောများဖွဲ့စည်းပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ရန် ပြည်သူ့လွှတ်တော်က ယနေ့အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးတို့က ထောက်ခံဆွေးနွေးကြပြီး လူတစ်သိန်းလေးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရသည့် နာဂစ်မုန်တိုင်းဖြစ်စဉ်တွင် ဒီရေတောရှိသည့် ဒေသများ၌နေထိုင်သည့် လူဦးရေ တစ်သောင်းခြောက်ထောင်တွင် သုံးဦးသာသေဆုံးပြီး ဒီရေတောမရှိသည့်ဒေသများ၌ လူဦးရေများစွာပျက်စီးကြောင်း၊ ဒီရေတောများသည် ဆိုင်ကလုန်းမုန်တိုင်းကို အားနည်းအောင်၊ ပျက်ပြယ်အောင် လုပ်နိုင်ကြောင်း။

ဒီဇယ်လောင်စာ အသုံးပြုရမည့် မြိတ်မြို့ရှိ ငါးမုန့်စက်ရုံ ငါးရုံမှာလည်း ထင်းလောင်စာများ အသုံးပြုလာသည့်အတွက် တစ်နေ့လျှင် ထင်းတန်ချိန် ၁၀၀ ခန့် ကုန်ဆုံးလျက်ရှိကြောင်း၊ ပြည်တွင်းမီးသွေးများကို ၁၅ ရက်တစ်ကြိမ် တန်ချိန် ၄၀၀၀၀ မှ ၅၀၀၀၀ အထိ ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ရောင်းချမှုများရှိနေကြောင်း၊ သစ်တောဝန်ထမ်းအင်အားနည်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်း၊ အဂတိတရားလိုက်စားခြင်းတို့ကြောင့် တောပျက်များသာ ကျန်ရှိကြောင်း၊ သတ်မှတ်စိုက်ခင်းများကို မစိုက်ပျိုးဘဲ ဟန်ပြသာစိုက်ပြနေကြသည့်အတွက် ထိထိရောက်ရောက် စစ်ဆေးအရေးယူဆောင်ရွက်ရန် လိုအပ်နေကြောင်း စသည့်အချက်များကို ထောက်ပြခဲ့ကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဒေးဒရဲမြို့နယ်ကျုံဒတ်ကျေးရွာဝန်းကျင်တွင် ယခင်က စားကျက်မြေ ဧရိယာ ၂၀၈၄ ဧက ရှိသော်လည်း ရေမြေတိုက်စားခြင်း၊ စိုက်ပျိုးမြေနှင့် အခြားမြေအသုံးချမှုသို့ ပြောင်းလဲသွားခြင်းကြောင့် ဒီရေတောစိုက်ပျိုးတည်ထောင်နိုင်သည့် ဧရိယာမှာ ၃၆ ဒသမ ၈ ဧက ကျန်ရှိကြောင်း၊ ယခုနှစ်မိုးရာသီတွင် ဒီရေတော ၁၂ ဒသမ ၈ ဧကကို စိုက်ပျိုးသွားရန် ပြင်ဆင်ထားကြောင်း၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေးဒရဲမြို့နယ်တွင်လည်း လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းနေရာအပြင် အခြားစိုက်ပျိုးရန်နေရာများရှိပါက မုန်တိုင်းဒဏ်ကာကွယ်နိုင်သည့်အပင်များကို စိုက်ပျိုးတည်ထောင်ပေးသွားမည်ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ခွင့်ပြုရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့အတူ အဆိုရှင် ဒေါက်တာဒေါ်ခင်ညိုကလည်း မှတ်တမ်းတင်ပေးရန် တင်ပြသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားမှတ်တမ်းတင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသဖြင့် အဆိုကိုမှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၈၃၂ ကီလိုမီတာ ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ၎င်းကမ်းရိုးတန်းတစ်လျှောက် ဒေသများဖြစ်သည့် ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ၌ ဒီရေတောများကို အများအပြား တွေ့ရသည်။

၂၀၁၀ ပြည့်နှစ် World Mangrove Atlas မှတ်တမ်းအရ မြန်မာနိုင်ငံသည် ကမ္ဘာ့ဒီရေတော စုစုပေါင်း ဧရိယာ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပြီး ဒီရေတောဧရိယာ ၅၀၂၉ စတုရန်းကီလိုမီတာ ပေါက်ရောက်လျက်ရှိရာ အာရှဒေသတွင် တတိယအများဆုံးနှင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်အများဆုံး ဒီရေတောပေါက်ရောက်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဒေးဒရဲမြို့နယ်အတွင်းရှိ ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေးဒရဲမြို့နယ်တွင်လည်း လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းနေရာအပြင် အခြားစိုက်ပျိုးရန် နေရာများရှိပါက မုန်တိုင်းဒဏ်ကာကွယ်နိုင်သည့် အပင်များကို စိုက်ပျိုးတည်ထောင်ပေးသွားမည်**

# လူကုန်ကူးခံရသူများကို ကယ်တင်ခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဧပြီလအထိ စုစုပေါင်း အမျိုးသား ၅၅၁ ဦး၊ အမျိုးသမီး ၅၅၁ ဦး စုစုပေါင်း ၁၁၀၂ ဦးကို ကယ်တင်နိုင်ခဲ့ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး၏ **လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော နိုင်ငံဖြတ်ကျော်လုပ်ငန်းများတွင် ပိုမိုလျင်မြန်သွက်လက်စေရန် အစီအစဉ် ချမှတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ပိုမိုလျင်မြန်သွက်လက်စေရန်အတွက် လူကုန်ကူးမှုသတင်းများကို အချိန်နှင့်တစ်ပြေးညီ ရရှိအောင်ဆောင်ရွက်ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ တားဆီးခြင်း၊ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်း၊ လူကုန်ကူးခံရသူများ ကယ်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများကို သက်ဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများမှ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (အင်တာပို)နှင့် လည်းကောင်း၊ နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်း ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာနိုင်ငံ၏ သံရုံးသို့အကြောင်းကြား၍ သံတမန်နည်းလမ်းအရလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လူကုန်ကူးမှုများသည် ပြည်တွင်း၊ ပြည်ပ နှစ်နေရာလုံး၌ ဖြစ်ပွားနိုင်ပါကြောင်း၊ လူကုန်ကူးခံရမှု သတင်းများရရှိလျှင်သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားမှုများ လက်ခံရရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာ နယ်မြေခံရဲစခန်းများနှင့် လူကုန်ကူးမှုတားဆီး



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး

နှိမ်နင်းရေးရဲတပ်ဖွဲ့များသည် လူကုန်ကူးခံရသူများကို ကယ်တင်ခြင်း၊ လူကုန်ကူးမှု ကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းတို့ကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော်သွားမည့် လူကုန်ကူးမှုများနှင့်ပတ်သက်၍ သတင်းရရှိပါက တပ်ဖွဲ့အချင်းချင်းချိတ်ဆက်၍ အချိန်မီ တားဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့ဖြစ်စဉ်များတွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်ရှိသွားပြီးနောက်မှသာ လူကုန်ကူးခံရကြောင်း သက်ဆိုင်ရာကာယကံရှင်များနှင့် မိဘဆွေမျိုးများ၏ သတင်းပေးချက်များအရ သိရှိရပါကလည်း ၎င်းတို့ရောက်ရှိနေသည့်နေရာ၊ လုပ်ငန်းခွင်များကို စုံစမ်းသိရှိရပါက သက်ဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများမှ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (အင်တာပို)နှင့် လည်းကောင်း၊ နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်း ဆက်သွယ်၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာနိုင်ငံ၏ သံရုံးသို့ အကြောင်းကြား၍ သံတမန်နည်းလမ်းအရ လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုများနှင့်ပတ်သက်၍ အချိန်မီသတင်းရရှိရေးအတွက် ဟော့လိုင်းဖုန်းနံပါတ်များကို အများပြည်သူသိရှိအောင် ကြော်ငြာ၍ သတင်းများ လက်ခံဆောင်ရွက်ခြင်း၊ ရပ်ကွက်ကျေးရွာများတွင် ဖွဲ့စည်းထားသည့် ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ စသည့် သတင်းရရှိနိုင်သည့် ဌာနများနှင့် ပူးပေါင်းသတင်းရယူစုံစမ်းခြင်း၊ နယ်စပ်မြို့များ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် ပူးပေါင်းအဖွဲ့များထံမှ သတင်းများရယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု ဝါးဒတ်ကွင်းကျေးရွာအနီး မြေလွတ်မြေလပ်များတွင် တဲအိမ်ဖြင့် အိမ်ခြေ ၄၀၀ ခန့် အခြေချနေထိုင်သူများကို အကြမ်းဖက်ရိုက်နှက်နှင်ထုတ်ပြီး အိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ နစ်နာသူများအား ကုစားပေးရန်နှင့် တာဝန်ရှိသူများကို ဥပဒေအရ အရေးယူ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျူးကျော်နေထိုင်သူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျူးကျော်တဲ မီးရှို့သူများ၏ လုပ်ရပ်သည် တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည့်အတွက် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်လျက်ရှိပါကြောင်း၊ ဝါးဒတ်ကွင်းကျေးရွာ တိုးချဲ့ရွာမြေ ၈၂ ဒသမ ၃၇ ဧကကို ရွာမြေတိုးချဲ့ခွင့်ပြုမိန့်ရရှိပါက မွန်ပြည်နယ်အစိုးရအနေဖြင့် မြေကွက်နေရာချထားရေးကော်မတီဖွဲ့စည်း၍ ရှင်းလင်းပြတ်သားသည့် မြေကွက်နေရာချထားရေးမူဝါဒများချမှတ်ပြီး ဒေသခံ အိုးမဲ့အိမ်မဲ့များကို ဦးစားပေးအစီအစဉ်အရ ပွင့်လင်းမြင်သာစွာ စနစ်တကျနေရာချထား ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **လျှပ်စစ်နည်းဥပဒေများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများ**ကို လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

အလားတူ ဥရောပလေကြောင်းလုံခြုံရေးအာဏာပိုင်အဖွဲ့(EASA) ကလည်း ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများတွင် ဒရုန်းများ အသုံးပြုမှုနှင့်ပတ်သက်၍ ဘုံစည်းမျဉ်း စည်းကမ်း အဆိုပြုချက်များကို ပြုစုလျက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက်များကို တောင်းခံခဲ့သည်။ EASA ၏ အဆိုပြုချက်တွင် စွန့်စားမှုအနည်းဆုံးဖြစ်သည့်(Open Category)၊ အလယ်အလတ်စွန့်စားမှုရှိသည့် (Specific Category) နှင့် စွန့်စားမှုအများဆုံးယူရမည့် (Certified Category) တို့အတွက် အဆိုပြုချက် ၃၃ ချက် ပါဝင်သည်။

အမေရိကန်နိုင်ငံတွင် ၂၀၁၂ ခုနှစ် အစောပိုင်း၌ ကွန်ဂရက်က အတည်ပြုခဲ့ပြီး သမ္မတအိုဘားမား လက်မှတ်ရေးထိုးခဲ့သည့် (FAA Modernization and Reform Act of 2012) ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေအရ ဖက်ဒရယ်လေကြောင်း အာဏာပိုင်အဖွဲ့(FAA)အနေဖြင့် ၂၀၁၅ ခုနှစ်တွင် မောင်းသူမဲ့လေယာဉ်များ အမေရိကန်ကောင်းကင်တွင် ပျံသန်းနိုင်ရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ပြုစုနိုင်ရန်ဖြစ်သည်။ ထိုအချိန်၌ ပျံသန်းခွင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပြန်ပေးထားသည့် မောင်းသူမဲ့လေယာဉ် ၃၀၀ ခန့်ရှိသော်လည်း နောင်အနှစ် ၂၀ ခန့်တွင် ၃၀၀၀၀ ကျော်ဖြစ်လာမည်ဟု FAA က ခန့်မှန်းထားသည်။

အဆိုပါဥပဒေ၏ အပိုဒ်(၃၃၆)တွင် FAA ၏ စည်းမျဉ်းများ သက်ရောက်မှုမရှိစေသော အချက်များမှာ (က) ဝါသနာအရ သို့မဟုတ် တီထွင်ဖန်တီးမှုအရ ဒရုန်းအသေးစားများကိုအသုံးပြုခြင်း၊(ခ)နိုင်ငံအနှံ့ လူထုအခြေပြုအဖွဲ့အစည်းများ၏ အန္တရာယ်ကင်းရှင်းမှု သတ်မှတ်ချက်များနှင့်အညီ အသုံးပြုမှုများ၊ (ဂ) အလေးချိန် ၂၅ ကီလိုဂရမ်အောက် နည်းသော မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများ၊ (ဃ) လေယာဉ်ကြီးများပျံသန်းမှုကို မထိခိုက်စေသော အသုံးပြုမှုများ၊ (င) လေယာဉ်ကွင်းများ၏ ငါးမိုင်ပတ်လည်အတွင်း ပျံသန်းမှုမရှိသော လေကြောင်းထိန်းဌာနသို့ ကြိုတင်အကြောင်းကြားလျက် ပျံသန်းသော အသုံးပြုမှုများ စသည်တို့ဖြစ်သည်။

(၁၁၃)ကြိမ်မြောက် ကွန်ဂရက်၌ အကြိမ်ကြိမ်ကြားနာခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် (၁၁၄) ကြိမ်မြောက်ကွန်ဂရက်က ဒရုန်းအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းတွင် ဒရုန်းအသုံးပြုမှုဆိုင်ရာ ရှာဖွေတွေ့ရှိမှုများ၊ ဒရုန်းဖြင့် တိုက်ခိုက်ခြင်း ထောက်လှမ်းခြင်းများ ရပ်စဲရန်အချက်များ၊ လက်နက်တပ်ဆင်ထားသည့် ဒရုန်းများ၊ ထောက်လှမ်းရေးဒရုန်းများ တင်ပို့၊ တင်သွင်းခွင့်၊ ထုတ်လုပ်ခွင့်ရပ်စဲရန်အချက်များ၊ ဆုံးရှုံးပျက်စီးမှုမရှိအောင် စီမံဆောင်ရွက်ရမည့်အချက်များ၊ ဆုံးဖြတ်ပေးနိုင်သည့် ခုံရုံးဖွဲ့စည်းမှု၊ နိုင်ငံတကာတုံ့ပြန်ဆောင်ရွက်မှုများ၊ ခွင့်ပြုပေးမည့် ဒရုန်းအသုံးပြုမှုများ စသည်ဖြင့် ပါဝင်ပါသည်။ ထို့အတူ ဒရုန်းမှတ်ပုံတင်ခြင်း၊ ဒရုန်းအသုံးပြုမှုနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့် ကာကွယ်သည့် နောက်ဆက်တွဲ ဥပဒေများကိုလည်း ပြဋ္ဌာန်းဆောင်ရွက်ကြောင်း လေ့လာသိရှိရပါသည်။

**အကြံပြုချက်**

မြန်မာနိုင်ငံတွင် အဝေးထိန်းမောင်းနှင်သည့် လေယာဉ်နှင့် ဒရုန်းအသုံးပြုမှုများပြားလာသည့်အလျောက် ကောင်းကျိုးရှိစေသကဲ့သို့ တစ်ဖက်ကလည်း ဆိုးကျိုးများရှိစေနိုင်ရာ စနစ်တကျဆောင်ရွက်ရန် လိုအပ်လာပါသည်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်၏ မောင်းသူမဲ့လေယာဉ်၊ ဒရုန်းအသုံးပြုမှုများအတွက် ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၆-၁-၂၀၁၆ ရက်နေ့ က Advisory Circular များ ထုတ်ပြန်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသွားသည်ကို သိရှိရပါသည်။

ကျွန်တော်တို့ဆီတွင် ဘေးအန္တရာယ်ကင်းရှင်းမှုကို အာမခံနိုင်သည့် ဥပဒေမျိုး ထုတ်ပြန်မှုမရှိဘဲ အသုံးပြုနေကြသည့် ဒရုန်းများကို မှတ်ပုံတင်ပြုလုပ်စေ၍ အသုံးပြုခွင့်လက်မှတ်ထုတ်ပေးလျှင် ထုတ်ပေးသည့်ဌာနတွင် တာဝန်ရှိလာပါမည်။ ဒရုန်းများရှိပစ္စည်းများ၏ နည်းပညာပိုင်းဆိုင်ရာ စိတ်ချရမှု၊ မောင်းနှင်အသုံးပြုသူတို့တွင် အော်ပရေတာလိုင်စင်၊ လိုင်စင်ထုတ်ပေးရန် သတ်မှတ်ချက်များ၊ ဒရုန်းကန့်သတ်ဇုန်များသတ်မှတ်ခြင်း၊ အဆိုပါကန့်သတ်ဇုန်များတွင် ပျံသန်း၍မရစေရန် ကာကွယ်သည့်စနစ် (Geo-fencing)၊ ဘေးအန္တရာယ်ဖြစ်ပေါ်လျှင် ကန့်သတ်ချက် ချိုးဖောက်လျှင် မည်သို့အရေးယူမည် (လေယာဉ်ကြီးအတိုင်းလုပ်၍မရပါ) စသည်ဖြင့် ထည့်သွင်းစဉ်းစားရမည့်အချက်များ ရှိပါသည်။

ထို့ကြောင့် အသုံးပြုသူများအတွက်လည်း အဆင်ပြေ၊ ပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကိုလည်း တာဝန်ခံနိုင်ပြီး ဘက်စုံလွှမ်းခြုံမှုရှိသည့် နိုင်ငံတကာဥပဒေများနှင့် လိုက်လျောညီထွေရှိသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း၊ ကျွမ်းကျင်သူများ၊ အသုံးပြုသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်သင့်ကြောင်း၊ အားလည်းပေးသင့်သလို စနစ်တကျထိန်းရန်လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

# နှစ်နိုင်ငံရေရှည်ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးဆိုင်ရာများဆွေးနွေး



**နေပြည်တော် ဇွန် ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေရှည်ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဆိုင်ရာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များတွင် ပတ်ဝန်းကျင်ကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် ဒေသခံပြည်သူလူထု၏ယုံကြည်မှုကိုရရှိနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း မြို့သုံးမြို့၌ နိုင်ငံသားကတ်စိစစ်ရေးလုပ်ငန်းအတွက် ကနဦးလုပ်ငန်းများစတင်

**စစ်တွေ ဇွန် ၇**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်အတွက် ကျောက်ဖြူ၊ မြေပုံ၊ ပုဏ္ဏားကျွန်း စသည့်မြို့နယ်များ၌ ကနဦးလုပ်ငန်းစဉ်အဖြစ် NVC ကတ်များကို ဇွန် ၇ ရက်က စတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ NVC ကတ် ဆိုသည်မှာ နိုင်ငံသားစိစစ်ခံမည့်သူ၏ သက်သေခံကတ်ပြားဖြစ်ပြီး ယခင် ကတ်များကဲ့သို့ သက်တမ်းသတ်မှတ်ထားခြင်း မရှိဘဲ လူမျိုးနှင့်ဘာသာကိုလည်း ဖော်ပြခြင်းမပြုကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းလွင်၏ ပြောပြချက်အရ သိရသည်။



အဆိုပါကတ်မှာ ကြည်ပြာရောင်ဖြစ်ပြီး နိုင်ငံသားဖြစ်ရန်အတွက် ပထမအဆင့်ခြေလှမ်းဖြစ်ကာ ကတ်ကိုင်ဆောင်ထားခြင်းဖြင့် တစ်ဖက်နိုင်ငံမှ တရားမဝင်ဝင်ရောက်လာခြင်းကိုလည်း ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ နိုင်ငံသားစိစစ်ရေး ကိစ္စလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းနှင့် ဆောင်ရွက်သွားမည်ဖြစ်ကာ မူဆလင်များ၏ လက်ရှိအိမ်ထောင်စုစာရင်းတွင်ရှိသော လူဦးရေအနက် အသက် ၁၀ နှစ်အထက်ရှိသူများအား NVC ကတ် ထုတ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကတ်အပေါ်၌ မူတည်ကာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားအဖြစ်ရရှိအောင် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ကော်မတီများဖွဲ့စည်းကာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ NVC ကတ်ထုတ်ပေးခြင်း လုပ်ငန်းကို ရခိုင်ပြည်နယ်တစ်ခုတည်းတွင်သာမဟုတ်ဘဲ နယ်စပ်နှင့်ထိစပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဝင်းလွင်က ပြောသည်။ NVC ကတ်များကိုစတင်ထုတ်ပေးသော ဇွန် ၇ ရက်တွင် မြေပုံမြို့နယ်၌ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၂၆ ဦးနှင့် ကျောက်ဖြူမြို့နယ်တွင် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၉၂ ဦးကိုထုတ်ပေးနိုင်ခဲ့ပြီး ပုဏ္ဏားကျွန်းမြို့နယ်၌မူ NVC ကတ်ထုတ်ပေးမှုနှင့်ပတ်သက်၍ နားလည်မှုလွဲမှားခြင်း အနည်းငယ်ရှိသဖြင့် ထုတ်ပေးခြင်းမရှိနိုင်ခဲ့ကြောင်း သိရသည်။

"NVC ကတ်ပုံစံမှာ လူမျိုးနဲ့ဘာသာကို ထည့်သွင်းထားတာမရှိတဲ့အတွက် သူတို့ဘက်က ပြန်စဉ်းစားမယ်လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြန်လည်အကြောင်းပြန်ဖို့အတွက် တစ်ပတ်အချိန်ပေးခဲ့ပါတယ်"ဟု ဦးဝင်းလွင်က ပြောသည်။

NVC ကတ်များ မထုတ်ပေးမီ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက လူထုအတွင်းသို့ ကွင်းဆင်းကာ ရှင်းလင်းပြသခဲ့သည်။ NVC ကတ် ထုတ်ပေးခြင်းလုပ်ငန်းအား လူဦးရေ အနည်းအများပေါ်မူတည်ပြီး အချိန်မည်မျှကြာမြင့်မည်ကို ခန့်မှန်းမရကြောင်း ၎င်းက ပြောသည်။ ညှိနှိုင်းမှုကို ၎င်းတို့ဘက်မှ လက်မခံခဲ့ပါက ဗဟိုအဆင့်သို့တင်ပြကာ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဝင်းလွင်က ပြောသည်။

**မြတ်ဝေ**

● *ကျောဖုံးမှ*

ဈေးမြင့်တက်လာကြောင်း သိရသည်။

ဦးအောင်မြင့်က "အခု ဒီရက်ပိုင်းမှာ တရုတ်ကလည်း နည်းနည်း ပြန်ဝယ်လာတယ်။ ကမ္ဘာ့ဆန်ဈေးကလည်း ပြန်တက်လာတော့ ပြည်တွင်းဆန်ကြမ်းဈေးနည်းနည်း ပြန်တက်လာတယ်" ဟု ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) ၏ နေ့စဉ် ဈေးကွက်လေ့လာချက်များအရ ဧပြီလအတွင်းက ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ချောအမျိုးအစားဖြစ်သည့် ပေါ်ဆန်းဆန်သစ်များ တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၊ ၃၃၀၀၀ ဝန်းကျင်တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ဆန်ကြမ်းအမျိုးအစားဖြစ်သည့် ဧည့်မထဆန်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ မှ မတ်လအတွင်းက တစ်အိတ်လျှင် ၂၀၅၀၀ ခန့်သို့ ဈေးနှုန်းကျဆင်းသွားခဲ့ပြီး လက်ရှိတွင် ငွေကျပ် ၂၀၅၀၀ မှ ၂၃၅၀၀ အထိ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရသည်။

ဦးအောင်မြင့်က "တရုတ်အစိုးရက ဒီကပို့ကုန်တွေကို ဖမ်းဆီးတာရော၊ ဒေါ်လာဈေးကျဆင်းသွားတာရောကြောင့် ဒီနှစ်ဆန်တင်ပို့မှုကတော့ မနှစ်ကထက် တန်ချိန်သုံးသိန်းလောက် လျော့ကျသွားတယ်။ ပြီးခဲ့တဲ့ ကြားထဲမှာလည်း အရောင်းအဝယ်သိပ်မရှိဘူး" ဟု ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့နေသည့် ဆန်အမျိုးအစားများမှာ ဇီရာ၊ ဧည့်မထဆန်အကျိုးအကြေဆန်ကွဲ ၂၅ မှတ်တန်များကိုတင်ပို့နေခြင်းဖြစ်ပြီး လက်ရှိ ပြန်တွင်းဆန်ဈေးကွက်တွင် အဆိုပါ ဧည့်မထ ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ မှ ၁၇၅၀၀ အထိ ဈေးနှုန်းရှိကြောင်း AMIA ၏ ဈေးနှုန်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ဆန် ၇၀ရာခိုင်နှုန်းခန့်သည် တရုတ်သို့ မူဆယ်မှတစ်ဆင့်တင်ပို့နေခြင်းဖြစ်ပြီး အာဖရိက၊ ဥရောပနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းမှ တင်ပို့နေခြင်းဖြစ်သည်။

# တရုတ်အဝယ်သွက်လာခြင်းကြောင့် ပြည်တွင်းသကြား ဈေးတက်လာ

**မန္တလေး ဇွန် ၇**

ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံမှ သကြားအဝယ် လိုက်လာသောကြောင့် ပြည်တွင်းသကြားဈေးကွက်မှာ ဇွန် ၁ ရက်ကစတင်၍ ဈေးနှုန်းအနည်းငယ် တက်လာသည်ဟု မန္တလေးမြို့ခံ သကြားကုန်သည်များထံမှ သိရသည်။

မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ အသင်းအထွေထွေအတွင်းရေးမှူး ဦးစိန်ထွန်းက "တရုတ်နိုင်ငံဘက်က လိုအပ်ချက်ကတော့ ရှိနေပါသေးတယ်။ နယ်စပ်ဈေးက ငွေကြေးဈေးနှုန်းကြောင့်လည်း ပါနိုင်ပါတယ်။ အတားအဆီးတွေကလည်း ရှိနေတုန်းပါပဲ" ဟု ပြောသည်။

လက်ရှိ ပြည်တွင်းသကြားဈေးမှာ တစ်တန်ကို ငွေကျပ် ခုနစ်သိန်းနီးပါးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး တရုတ်နိုင်ငံဈေးကွက်တွင် သကြားတစ်တန်ကို ယွမ် ၅၀၀၀ (မြန်မာငွေကျပ် ၁၀ သိန်း) ပေါက်ဈေးရှိနေကြောင်း ၎င်းက ပြောသည်။

ယခု ဇွန်လပထမပတ်အတွင်း မူဆယ် သကြားဈေးကွက်သို့ သကြားကားစီးရေ နေ့စဉ်ပျမ်းမျှအစီး ၃၅၀ (အိတ် ၂၀၀၀၀) ခန့် ဝင်ရောက်နေပြီး ၅၀ ကီလိုသကြားအိတ်တစ်အိတ်ကို ရက်ပိုင်းအတွင်း ငါးယွမ်ခန့် ဈေးတက်လာသဖြင့် ပြည်တွင်းသကြား ဈေးအနည်းငယ်တက်လာကြောင်း သကြားပွဲရုံများမှတစ်ဆင့် သိရသည်။

မြတောင်သားသကြားရောင်းဝယ်ရေးမှတာဝန်ရှိသူတစ်ဦးက "အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ ဈေးကတော့ တစ်ပိဿာကို ၂၀၊ ၃၀ တက်လာတယ်။ အခု တစ်ပိဿာကို ၁၁၄၀၊ ၁၁၅၀ ဝန်းကျင်ရှိပါတယ်"ဟု ပြည်တွင်းသကြားဈေးကွက်အခြေအနေကို ရှင်းပြသည်။

မြန်မာနိုင်ငံ သကြားနှင့် သကာရည်လုပ်ငန်းရှင်များက ထိန်တော်အသင်း (မန္တလေး)က ထုတ်ပြန်သည့် ဇွန် ၆ ရက် ဈေးနှုန်းများအရ ပွက်သား ၇၃၀၊ တင်လဲရည် ၂၈၀ မှ ၃၅၀၊ ပွက်သား ၇၃၀၊ ခါသကြား ၈၄၅ မှ ၉၂၀ နှင့် ခါစက်ကျရည် ၄၂၀ မှ ၄၅၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ရဲလင်းထက်(AMIA)၊ ဓာတ်ပုံ-AMIA**



# မြောက်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်

**နေပြည်တော် ဇွန် ၇**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

(မိုး/ဇလ)

# ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားကတ်ကိုင်ဆောင်ခွင့်ရစေရန် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိ

**ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအတွက် နိုင်ငံသား ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင် ခွင့်ရရှိစေရန် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်ရည်ရွယ်ပြီး စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။**



ထိုအခြေအနေနှင့်စပ်လျဥ်း၍ လက်ရှိဆောင်ရွက်နေမှုကိုသိရှိနိုင်ရန် ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်အား မေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ရပါသည် -

**မေး။ ဒီနေ့အထိ နိုင်ငံသားစိစစ်မှုခံယူဖို့ ဆောင်ရွက်နေတာ ဘယ်လိုအခြေအနေရှိပါသလဲ၊ ဘယ်လောက် ပြီးစီးသွားပြီလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ဒီနေ့ မြေပုံမြို့မှာ အမျိုးသား ၅၇ ဦးနဲ့ အမျိုးသမီး ၆၉ ဦး၊ ကျောက်ဖြူမြို့မှာ အမျိုးသား ၄၁ ဦးနဲ့ အမျိုးသမီး ၅၁ ဦးတို့ရဲ့ နိုင်ငံသားစိစစ်မှုခံယူမယ့်သူရဲ့ သက်သေခံကတ်ပြား(NVC)ထုတ်ဝေခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ကြပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်မှာကတော့ ကတ်မှာ လူမျိုးနဲ့ ဘာသာမပါလို့ဆိုပြီး ညှိနှိုင်းဆဲဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်မှ မလုပ်သေးပါဘူး။ ရပ်မိရပ်ဖတွေနဲ့ ဘာသာရေးခေါင်းဆောင်တွေ ညှိနှိုင်းပြီးမှ စိစစ်တဲ့အဖွဲ့ကို ပြန်ပြောမယ်လို့ ပြောပါတယ်။ ဒါကြောင့် မြေပုံနဲ့ ကျောက်ဖြူမှာ ဆက်လက်ဆောင်ရွက်သွား ပါမယ်။

**မေး။ ပုဏ္ဏားကျွန်းမြို့နယ်မှာ လုပ်ငန်းဆောင်ရွက်မှု အခက်အခဲ ဖြစ်ပေါ်နေတာနဲ့ ပတ်သက်ပြီး နည်းနည်းလောက် ထပ်မံရှင်းပြပေးပါ။**

ဖြေ။ ပုဏ္ဏားကျွန်းမြို့နယ်မှာ လုပ်ငန်းဆောင်ရွက်တဲ့အခါ လူမျိုး၊ ဘာသာ မပါလို့ဆိုပြီး ကောက်ယူရရှိခြင်း မရှိသေးပါဘူး။ သူတို့နေရာက IDP Camp မဟုတ်ပါဘူး။ သီးခြားနေထိုင်တဲ့ ရွာလေးတစ်ရွာဖြစ်ပါတယ်။ နောက်တစ်ခုက သူတို့ကို လွှမ်းမိုးထားတဲ့ ဘာသာရေးတွေ၊ ရပ်မိရပ်ဖတွေကလည်း ဂဃနဏ အခြေအမြစ်ကို ပြောဆိုနိုင်ခြင်း မရှိပါဘူး။ ပညာအခြေခံနည်းတာလည်း ပါကောင်းပါ ပါလိမ့်မယ်။

**မေး။ အခုလို ဆောင်ရွက်တဲ့နေရာမှာ ကုန်ကျစရိတ်ကို ဘယ်လိုကျခံရပါသလဲ။**

ဖြေ။ အဲဒီမှာ ပုံစံဖြည့်တာ၊ ရေးသားတာတွေကို ကျွန်တော်တို့ လဝက က အဓိက ဆောင်ရွက်ပေးပါတယ်။ ဓာတ်ပုံရိုက်တာ၊ ဓာတ်ပုံထုတ်တာတွေကို ကျောက်ဖြူအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အခမဲ့ကူညီပေးပါတယ်။ မြေပုံမြို့မှာတော့ မိမိအစီအစဉ်နဲ့ ဓာတ်ပုံရိုက်ပါတယ်။

**မေး။ နိုင်ငံသားစိစစ်မှုခံယူမယ့်လုပ်ငန်းစဉ်ကို သိချင်ပါတယ်။**

ဖြေ။ ပထမအဆင့်အနေနဲ့ နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့ သက်သေခံကတ်ပေးမယ်။ ဒုတိယအဆင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့က သေသေချာချာရှင်းပြပေမယ့် သူတို့က ညှိနှိုင်းဦးမယ်၊ ပြန်စဉ်းစားဦးမယ်လို့ ပြောပါတယ်။ အတွေးအခေါ်ပိုင်းလိုတယ်လို့ သုံးသပ်ပါတယ်။

ကျောက်ဖြူနဲ့ မြေပုံမှာလည်းလူမျိုးဘာသာ ကောက်ယူခြင်း မရှိပါဘူး။ အားလုံးနိုင်ငံသားဖြစ်တာကိုပဲ အဓိကထားဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီမြို့နှစ်မြို့ကို အဆင်ပြေအောင် ဆောင်ရွက်သွားမယ်ဆိုရင် ပုဏ္ဏားကျွန်းမှာလည်း အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

အဲဒီနိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခြင်းကို လျာထားရက် ခုနစ်ရက် သတ်မှတ်ထားပါတယ်။ လုပ်ငန်းစဉ်ကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့ ချိန်ထိုးဆောင်ရွက် သွားမှာဖြစ်ပါတယ်။ အမေက နိုင်ငံသားဖြစ်ပြီး အဖေက နိုင်ငံသားဖြစ်တယ်ဆိုရင် မွေးလာတဲ့ကလေးသည် နိုင်ငံသားဖြစ်ပါမယ်။ အဖေက နိုင်ငံသားပြုခွင့်ရသူဖြစ်တယ်၊ အမေက နိုင်ငံသားပြုခွင့်ရသူဆိုရင် မွေးလာတဲ့ကလေးဟာ နိုင်ငံသားဖြစ်ချင်မှ ဖြစ်ပါမယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**မင်းမင်းဇော်(ကလေး)**

# ပုဂံ၌ ရှေးဟောင်းအမွေအနှစ်များနှင့် ရေဝတီမြစ်အားထိန်းသိမ်းခြင်းသဘောတူလက်မှတ် Campaign လှုပ်ရှားမှုအနေဖြင့် လှည့်လည်လှုံ့ဆော်

**ညောင်ဦး ဇွန် ၇**

ပုဂံတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အမွေအနှစ်များနှင့် ရေဝတီမြစ်အား ထိန်းသိမ်းခြင်းဆိုင်ရာ သဘောတူလက်မှတ်ထိုး Campaign လှုံ့ဆော်ရေးအစီအစဉ်အနေဖြင့် မျိုးဆက်စံ (ခ) ဦးစံထွေးအောင် ဦးဆောင်သော ပုဂံ-ညောင်ဦးဒေသခံ ၁၀၀ ရှိ Save The Bagan အဖွဲ့နှင့် ဝန်းရံပြည်သူ ၅၀ ခန့် ပါဝင်သောအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၈ နာရီမှစတင်၍ ညောင်ဦးမြို့နှင့် ပုဂံမြို့တစ်ပတ်လှည့်လည်ကာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် စီတန်းလှည့်လည်ကာ လက်မှတ်များ စုဆောင်းခြင်း၊ ဟောပြောဆော်သြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ယင်းသို့ လှည့်လည်လှုံ့ဆော်ရာတွင် ညောင်ဦး (ပုဂံ)ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ ဥပဒေနှင့် မညီညွတ်သော ခေတ်သစ်အဆောက်အအုံများနှင့် ခြံခတ်သိမ်းပိုက်ထားသော မြေနေရာများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရေး၊ တားဆီးပိတ်ပင်ခံထားရသော ဒေသခံများ၏ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများ အလုံးစုံကို ဥပဒေနှင့်အညီ အမြန်ဆုံး လမ်းဖွင့်ဆောင်ရွက်ပေးရေး၊ ဒေသတွင်းရှေးဟောင်းအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကျွမ်းကျင်ပညာရှင်များကို ဦးဆောင်စေ၍ ဒေသခံများနှင့် သက်ဆိုင်ရာ NGO အဖွဲ့အစည်းများအား ပွင့်လင်းမြင်သာစွာ တင်ပြသိရှိခွင့်ရရှိရေး၊ ဒေသတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ ကျူးကျော်သိမ်းဆည်းခံမြေနေရာများ (အများပိုင်မြေ၊ အများပိုင် လမ်းနယ်၊ လယ်ယာမြေ) အား ဥပဒေနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးရေး၊ ရေဝတီမြစ်ကမ်းတစ်လျှောက်တာဖို့ ကျူးကျော်ပေါင်ခတ်ထားသောနေရာများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရေး စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် လှုံ့ဆော်ရေး အစီအစဉ်ကို သက်ဆိုင်ရာမှ ခွင့်ပြုထားသည့်အတိုင်း ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ပုဂံမြို့ဟောင်းရှိ သရပါတံခါးမှစတင်၍ ညောင်ဦးမှ ပုဂံမြို့ဟောင်းသွားလမ်းအတိုင်း စီတန်းလှည့်လည်ခဲ့ပြီး လမ်းတစ်လျှောက်ရှိ လက်ဖက်ရည်ဆိုင်များ၊ ညောင်ဦးမြို့ မဏိစည်သူဈေးအနီးတို့တွင် ၎င်းတို့ ဦးတည်ဆောင်ရွက်ချက်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သဘောတူသည့်ပြည်သူများအား လက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထိုမှတစ်ဆင့် အဖွဲ့သည် ညောင်ဦးမှ လေယာဉ်ကွင်းလမ်းဆုံ၊ လေယာဉ်ကွင်းလမ်းဆုံမှ ပုဂံမြို့သစ်သို့စီတန်းလှည့်လည်သွားရောက်ခဲ့ကြပြီး ပုဂံမြို့သစ်မှ မြင်းကပါကျေးရွာ မနူဟာဘုရား၌ နံနက် ၁၀ နာရီတွင် လှုံ့ဆော်ရေးဆောင်ရွက်ခြင်း အစီအစဉ် ပြီးဆုံးခဲ့ကြောင်း သိရသည်။

ယင်းအဖွဲ့မှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အမွေအနှစ်များနှင့် ရေဝတီမြစ်အား ထိန်းသိမ်းခြင်းဆိုင်ရာ သဘောတူလက်မှတ်ထိုး Campaign လှုံ့ဆော်ရေးအစီအစဉ် စီမံချက်ကာလကို ၄၅ ရက်သတ်မှတ်ထားရှိပြီး ပြည်သူများ၏ သဘောတူ ထောက်ခံချက်လက်မှတ်များကိုစုဆောင်းနိုင်ရန် ဒေသတွင်းနီးစပ်ရာနေရာအသီးသီးတွင် လက်မှတ်ထိုးရန် စာအုပ်များ ထားရှိပေးသွားမည်ဖြစ်ကြောင်း၊ စီမံချက်ကာလပြည့်ပါက လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## မော်တော်ယာဉ်လက်ဝယ်ရှိသူ ပိုင်ရှင်များသတိပြုပါရန်

၁။ မော်တော်ယာဉ် သက်တမ်းကုန်ဆုံးသည့် လအတွင်း မပျက်မကွက် သက်တမ်းတိုးကြပါရန် ပန်ကြားအပ်ပါသည်။

၂။ သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ ကြိုတင်ဆောင်ရွက်နိုင်ပါသည်။

၃။ မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် အသစ်လဲလှယ်ရန်တစ်ဆက်တည်း ငါးနှစ်ပျက်ကွက်လျှင် အဆိုပါ မော်တော်ယာဉ်၏ မှတ်ပုံတင်ခြင်းကိုဖျက်သိမ်းပါမည်။

၄။ သက်တမ်းကုန်ဆုံးနေသောယာဉ်ကို ပြည်သူတို့ဆိုင်ရာနေရာများတွင် မောင်းနှင်ခွင့်မပြုရပါ။

၅။ သို့ပါ၍ သက်တမ်းကုန်ဆုံးတော့မည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မပျက်မကွက် သက်တမ်းတိုးခြင်းအား သက်ဆိုင်ရာမှတ်ပုံတင်ရုံးများအလိုက် ဆောင်ရွက်ကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ဒုတိယအကြိမ် စုပေါင်းသွေးလှူပွဲကျင်းပ

**ရန်ကုန် ဇွန် ၇**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၇ ရက်ကကျင်းပရာ ရန်ကုန်မြို့တွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ ပါဝင်လှူဒါန်းခဲ့ကြသည်။ မန္တလေးမြို့နှင့် တိုင်းဒေသကြီးနှင့် ကျန်ပြည်နယ်တို့တွင်လည်း ကမ္ဘောဇဘဏ်ခွဲများနှင့် ကမ္ဘောဇအုပ်စုကုမ္ပဏီအသီးသီးမှ အရာထမ်း၊ ဝန်ထမ်းများ စုစုပေါင်းသွေးလှူရှင် ၁၇၀၀ ကျော်တို့က ယခုနှစ် ဇွန်လအတွင်း သွေးလိုအပ်သောနေရာများ၊ လူနာများအတွက် စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ပထမအကြိမ် သွေးလှူဒါန်းပွဲကိုလည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရန်ကုန်မြို့နှင့် အထက်မြန်မာပြည် မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့ရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကမ္ဘောဇအုပ်စုကုမ္ပဏီအသီးသီးနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ကမ္ဘောဇဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်းများ စုစုပေါင်း



သွေးလှူရှင် ၉၀၀ ကျော်က သွေးလိုအပ်သောနေရာများ၊ လူနာများအတွက် သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံခြားကုမ္ပဏီများ ရောင်းဝယ်ရေးလုပ်ငန်းများအတွက် အတားအဆီးများလျှော့ချရေး တရုတ်ကို အမေရိကန် တိုက်တွန်း



**ပေကျင်း ဇွန် ၇**
နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအတွက် အတားအဆီးများလျှော့ချပေးရန် အင်္ဂါနေ့တွင် အမေရိကန်ထိပ်တန်းအရာရှိတစ်ဦးက တရုတ်ကိုထပ်မံ၍ တိုက်တွန်းပြောဆိုခဲ့သည်။

နိုင်ငံခြားကုန်သန်းရောင်းဝယ်ရေးကိစ္စများတွင် နိုင်ငံခြားကုမ္ပဏီများကို အဓိကထား၍ အစိုးရက စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ ပင်လယ်ရပ်ခြားနည်းပညာအသုံးပြုမှုကိုလည်း အမျိုးသား လုံခြုံရေးဥပဒေအရ ကန့်သတ်ချက်များထားရှိခြင်းနှင့် အကာအကွယ်ပေးသူအဖွဲ့အစည်းများ၏ စောင့်ကြည့်မှုများနှင့်လည်း ကြုံတွေ့နေရသည်။

တရုတ်နိုင်ငံ၏ဥပဒေ စည်းမျဉ်းစည်းကမ်း အသစ်များသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကိုသာ ဦးစားပေးထားခြင်းဖြစ်ပြီး အခြားလုံခြုံရေးဥပဒေများကြောင့် တရုတ်နိုင်ငံ၌ လုပ်ငန်းလည်ပတ်ရန် ပိုမိုအခက်အခဲဖြစ်စေကြောင်း အမေရိကန်စီးပွားရေးလုပ်ငန်းရှင် အုပ်စုဘက်မှ ပြောဆိုမှုများရှိနေသည်။

**(ရိုက်တာ)**

# နေတိုး၏ ဆောင်ရွက်မှုများကို တုံ့ပြန်ရန် ရုရှားပြင်ဆင်

**မော်စကို ဇွန် ၇**

ရုရှားနိုင်ငံသည် ၎င်းတို့နယ်စပ်တစ်လျှောက် နေတိုးတပ်ဖွဲ့၏ ချဲ့ထွင်ဆောင်ရွက်မှုများကို လုံလောက်စွာတုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်က တနင်္လာနေ့တွင် ပြောသည်။

ရုရှားနယ်စပ်တစ်လျှောက် နေတိုးတပ်ဖွဲ့၏ စစ်လက်နက်များနှင့် တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားမှုကို ရုရှားနိုင်ငံအနေဖြင့် မနှစ်မြို့ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ရိုမေးနီးယားနှင့် ပိုလန်တို့၌ နေတိုးတပ်ဖွဲ့ဝင်များ၏ ဒုံးခွင်းစနစ် တပ်ဖြန့်ချထားမှုကို တုံ့ပြန်သည့်အနေဖြင့် အနောက်ဘက်နယ်စပ်အနီး တပ်မကြီးသုံးခု တပ်ဖြန့်ချထားမှုကို ကြေညာခဲ့သည်။

နေတိုးတပ်ဖွဲ့သည် ယူကရိန်းပဋိပက္ခနှင့် နိုင်ငံအရှေ့ပိုင်းမှ ရုရှားမျိုးနွယ်စုများကြား ခွဲခြားဆက်ဆံရန် ကီယက်ဗ်၏ ကြိုးပမ်းမှုအပေါ် ရုရှား၏ အရေးယူဆောင်ရွက်မှုတို့ကိုအသုံးချခဲ့ပြီး မဟာမိတ်တပ်ဖွဲ့များထားရှိမှုအပေါ် အကြောင်းပြချက်အသစ်ဖန်တီး၍ လုပ်ဆောင်ခဲ့သည်ဟု လက်ဗ်ရော့ဗ်က ပြောသည်။

အခြားနိုင်ငံများ၏ စစ်ရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်သည့် နေတိုး၏ မူဝါဒကို ရုရှားက မနှစ်သက်ကြောင်း ၎င်းကဆက်ပြောသည်။ တနင်္လာနေ့အစောပိုင်းက ဖင်လန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် နေတိုးတပ်ဖွဲ့၏ ၂၀၁၆ ခုနှစ် စစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဖင်လန်နိုင်ငံခြားရေးဝန်ကြီး တီမိုဆွိုင်နီက ယခုပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုသည် ဖင်လန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်ဖြစ်ပြီး မည်သည့်ရည်ရွယ်ချက်မျှမရှိကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ပါလက်စတိုင်းကယ်ဆယ်ရေးစခန်း တိုက်ခိုက်ခံရ ဂျော်ဒန်ထောက်လှမ်းရေးအရာရှိ သုံးဦးသေဆုံး

**အာမန် ဇွန် ၇**

ဂျော်ဒန်မြို့တော် အာမန်အပြင်ဘက်ရှိ ပါလက်စတိုင်းဒုက္ခသည် ကယ်ဆယ်ရေးစခန်းရှိ လုံခြုံရေးရုံးခန်းကို တိုက်ခိုက်ခံရခဲ့ရာ ဂျော်ဒန်ထောက်လှမ်းရေးအရာရှိသုံးဦးနှင့် အခြားလုံခြုံရေးအရာရှိနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ သံသယရှိသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ယခုကိစ္စသည် တစ်ဦးချင်းတိုက်ခိုက်မှုဖြစ်နိုင်ကြောင်း တနင်္လာနေ့တွင် ဌာနဆိုင်ရာက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ဂျော်ဒန်ရှိ အကြီးဆုံးဒုက္ခသည်စခန်း ဘာကာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမေရိကန်ကျောထောက်နောက်ခံ အာရပ်ဘုရင့်နိုင်ငံများကို အံ့အားသင့်စေခဲ့သည်။

ကနဦးစုံစမ်းမှုများအရ ထောက်လှမ်းရေးရုံးခန်း တိုက်ခိုက်ခံရမှုသည် တစ်ဦးတစ်ယောက်၏ ပယောဂကြောင့်ဖြစ်ကြောင်း ဂျော်ဒန်အစိုးရ ပြောခွင့်ရသူ မိုဟာမက်အယ်မိုမာနီက ပြောသည်။ သီးခြားပြောဆိုခြင်းမရှိပေ။

အစောပိုင်းတွင် ဂျော်ဒန်အစိုးရက



တိုက်ခိုက်မှုကိုဖော်ပြရာ၌ နံနက် ၇ နာရီအချိန် အကြမ်းဖက်သူတစ်ဦးကြောင့် အရာရှိသုံးဦးနှင့် အစောင့်တစ်ဦး၊ လုံခြုံရေးရုံးခန်းမှ တယ်လီဖုန်းအော်ပရေတာတစ်ဦးတို့ သေဆုံးခဲ့ကြောင်း မိုမာနီက ပြောခဲ့သည်။

သံသယဖြစ်ခံရသူသည် ဘာကာကယ်ဆယ်ရေးစခန်းမှ အသက် ၂၂ နှစ်အရွယ် ပါလက်စတိုင်းတစ်ဦးဖြစ်ကြောင်းဒေသခံနှစ်ဦးက ပြောသည်။ ၎င်း၏ သံသယဖြစ်ဖွယ်ရာ အပြုအမူများကို တွေ့ရှိခဲ့ကြောင်းဆိုသည်။

**(ရိုက်တာ)**

# အိုကီနာဝါ အမေရိကန်စစ်အခြေစိုက်စခန်းမှ အလုပ်သမားတစ်ဦး လူသတ်မှုဖမ်းဝရမ်းဖြင့် ရင်ဆိုင်နေရ

**တိုကျို ဇွန် ၇**

ဂျပန်ရဲများက အိုကီနာဝါစီရင်စု တောင်ဘက်တွင် အမျိုးသမီးတစ်ဦးသေဆုံးမှုနှင့် ပတ်သက်ပြီး အမေရိကန်စစ်အခြေစိုက်စခန်း၏ အရပ်ဘက်အလုပ်သမားတစ်ဦးကို လူသတ်မှုနှင့် တရားစွဲရန်စီစဉ်ထားကြောင်း အင်န်အိတ်ချ်သတင်းတစ်ရပ်တွင် ဇွန် ၇ ရက်က ဖော်ပြခဲ့သည်။

ကန်နက်ဖရန်ကလင်ရှင်ဇတိုကို လွန်ခဲ့သောပြီလက အွန်နာရွာမှ အသက် ၂၀ခန့်ရှိ ဂျပန်အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကိုစွန့်ပစ်မှုဖြင့် တရားစွဲဆိုထားပြီး အသက် ၃၂ နှစ်ရှိ သံသယရှိသူကို မေ ၁၉ ရက်က ဖမ်းဆီးခဲ့သည်။

ကနဦးဖမ်းဆီးထိန်းသိမ်းထားသည့် ကာလကုန်ဆုံးပြီဖြစ်သောကြောင့် အိုကီနာဝါရဲများက လူသတ်မှုဖမ်းဝရမ်းအသစ်ဖြင့် ကြာသပတေးနေ့က ၎င်းကို ထပ်မံဖမ်းဆီးခဲ့သည်။ ရှင်ဇတိုသည် အမေရိကန် ကန်ဒီနာလေတပ်အခြေစိုက်စခန်း၏ အမေရိကန် အရပ်ဘက်အလုပ်သမားတစ်ဦးဖြစ်ပြီး ယခင်အမေရိကန်မရိန်းတပ်သားတစ်ဦးဖြစ်သည်။ မှုခင်းအရာရှိများက သေဆုံးသူအမျိုးသမီး၏သွေးကို ၎င်း၏ကားတွင် တွေ့ရကြောင်း ပြောခဲ့သည်။ ထို့အပြင် ၎င်း၏သော့ကိုလည်း ကားအနီးတွင် တွေ့ရကြောင်း ပြောခဲ့သည်။

ရှင်ဇတိုသည် ကနဦးတွင် ၎င်းကိုလည်ပင်းညှစ်ခဲ့ပြီး ဓားဖြင့်ထိုးခဲ့ကြောင်း ဝန်ခံခဲ့သည်။ နောက်ပိုင်းတွင် ပိုမိုခိုင်မာသော သတင်းအချက်အလက်များကိုပေးရန် ငြင်းဆိုလျက်ရှိကြောင်း သိရသည်။ ရှင်ဇတိုသည် တင်းပုတ်ကဲ့သို့အရာမျိုးဖြင့် ၎င်းကို ရိုက်ခဲ့ပြီး မတော်မတရားပြုလုပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအရာရှိများက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ကလေးသူငယ်အခွင့်အရေးအတွက် ယီမင်၌ ဆော်ဒီဦးဆောင်ညွန့်ပေါင်း တိုက်ခိုက်မှုများကို ကုလဖယ်ရှား

**ရီယာ့ဒ် ဇွန် ၇**

တိုက်ခိုက်မှုများအတွင်း ကလေးသူငယ်သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကလေးသူငယ်အခွင့်အရေးအတွက် ယီမင်၌ ဆော်ဒီအာရေဗျဦးဆောင်ညွန့်ပေါင်းအဖွဲ့၏ တိုက်ခိုက်မှုများကိုဖယ်ရှားရန် ကုလသမဂ္ဂက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ကြာသပတေးနေ့က ထုတ်ပြန်ခဲ့သော ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခများအပေါ် ကုလသမဂ္ဂအစီရင်ခံစာတွင် ပြီးခဲ့သော နှစ်က ယီမင်၌ ကလေးများသေဆုံးဒဏ်ရာရရှိမှု ၆၀ ရာခိုင်နှုန်းခန့်ဖြစ်ပေါ်ခဲ့ရာ ညွန့်ပေါင်းအဖွဲ့တွင် တာဝန်ရှိကြောင်း၊ ကလေးငယ် ၅၁၀ သေဆုံးခဲ့ပြီး ၆၆၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ တိုက်ခိုက်မှုပေါင်း ထက်ဝက်ခန့်မှာ ဆေးရုံများနှင့်စာသင်ကျောင်းများဖြစ်ကြောင်း ပါရှိသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက စစ်ပွဲအတွင်းကလေးငယ်များ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် နှစ်စဉ်အစီရင်ခံစာထုတ်ပြန်ချက်အရ ညွန့်ပေါင်းတိုက်ခိုက်မှုကို ပြန်လည်စစ်ကြောရန် သဘောတူခဲ့သော်လည်း ဆော်ဒီဘက်မှ ငြင်းဆိုမှုများရှိခဲ့သည်။

**(ရိုက်တာ)**




# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေလ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း











| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မုံရွာနေဇာ | မြတ်ဗုဒ္ဓလက်ထက်က ထက်မြက်ထင်ပေါ် သမီးတော်များ | ၁၃၀၀ | စိတ်ကူးချိုချို |
| ၂ | မောင်ခေတ်ထွန်း | ကလေးများအတွက်ဗဟုသုတဉာဏ်စမ်းပဟေဠိ | ၁၂၀၀ | စိတ်ကူးချိုချို |
| ၃ | ဇော်ဝင်းကြူ (ပျဉ်းမနား) | အသေးစားစီးပွားရေးလုပ်ငန်းအတွက် သေနင်္ဂဗျူဟာ | ၃၅၀၀ | တူဒေး |
| ၄ | ထွန်းဖောင်ဒေးရှင်း | ပျူလူမျိုးနှင့်ပျူနိုင်ငံတော်စာတမ်း(၂) | ၉၀၀၀ | ထွန်းဖောင်ဒေးရှင်း |
| ၅ | ဝင်းငြိမ်း | ရွှေ(၇၀) | ၈၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၆ | အောင်သူရ | တက်စ်နှင့်ဒဿန | ၆၀၀၀ | ဝါးလည်စာပေ |
| ၇ | လူထုစိန်ဝင်း | သင့်လုပ်ငန်းအောင်မြင်ရေးအတွက် နေ့စဉ်သုံးဆောင်ပုဒ်များ | ၁၅၀၀ | ကျော်မွှေး |
| ၈ | မင်းသိခ် | ပတ္တမြားမိုး | ၃၅၀၀ | ဘုမ္မာဝတီ |
| ၉ | မိုးနတ်သျှင် | ဗမာ့စိတ်ထား | ၄၀၀၀ | ရတနာပုံ |
| ၁၀ | ငြိမ်းဝေ၊ ကိုအောင် | မေ့မရနိုင်တဲ့နိုင်ဝင်းဆွေ | ၁၅၀၀ | ဆန်းစသော်တာ |
| ၁၁ | သုမောင် | ပြည်ပသွားလွမ်းစကား | ၁၃၀၀ | ရန်အောင်-၂ |
| ၁၂ | ဆရာရဲရင့်(မြန်မာစာ) | အောင်ပွဲဝင် စာစီစာကုံးများ | ၁၅၀၀ | အားမာန်သစ် |
| ၁၃ | ခင်မောင်တိုး(မိုးမိတ်) | ထူးချွန်ထက်မြက်ဆယ်ကျော်သက် | ၂၅၀၀ | ပင်ဝါးရုံ |
| ၁၄ | စကြာကောင်းစံ | အထူးခရီးသွားမှတ်တမ်း / အောင်မော်စံဆရာတော် (ကချင်ပြည်နယ်) | ၁၂၀၀ | မဇ္ဈိမ |
| ၁၅ | စေတနာလှိုင်(ရေစကြို) | သံသရာခရီးသည်များ | ၁၈၀၀ | ရန်အောင်-၁ |
| ၁၆ | မျိုးမာန် | ယဉ်ကျေးလိမ္မာကလေးတရားအမှတ်(၅) | ၁၅၀၀ | မြင်းမိုရ်မေမေ |
| ၁၇ | | မူလတန်းသင်္ချာစာအုပ်၄-၃ | ၂၀၀၀ | မြင်းမိုရ်မေမေ |
| ၁၈ | | မူလတန်းသင်္ချာစာအုပ်၄-၄ | ၂၀၀၀ | မြင်းမိုရ်မေမေ |
| ၁၉ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိသုဒ္ဓါစာရ | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၂၀ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ရွှေတြိဂံနယ်မြေကဘိန်းဘုရင်ခွန်ဆာခြေရာခံခြင်း | ၃၅၀၀ | လွင်ဦးစာပေ |
| ၂၁ | Myanmar Chayyar | 2016-2017 BANGKOK VERSION (မြန်မာ့ခြေရာခရီးသွားလမ်းညွှန်) | ၃၅၀၀ | မြန်မာ့ခြေရာ |
| ၂၂ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | အကောင်းမြင်စိတ်ဖြင့် အလုပ်လုပ်ခြင်း | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၃ | ဝင်းဇင်(မြိတ်) | ဓမ္မခရီးသည် | ၁၆၀၀ | သစ္စာအလင်း |
| ၂၄ | သဲထူး | ကျောရိုးမဲ့အထားအသို ဝတ္ထုတိုများ | ၃၀၀၀ | အိမ်မက်သစ် |
| ၂၅ | ဒီနိုဗို-မြန်မာပြန် | တရားသဖြင့်လုပ်ကြံကြသူများ | ၁၅၀၀ | နှစ်ကာလများ |
| ၂၆ | စိန်မွတ္တား | ထပ်ဆင့်အကယ်ဒမီစိန်မွတ္တားစာဟောဆရာရွှေဘိုစိန်နှင့် မြန်မာ့ဆိုင်းပညာလောကဆောင်းပါးများ | ၂၀၀၀ | စိတ်ကူးသစ် |

(ဆက်လက်ဖော်ပြပါမည်)

# ဦးကိုကိုကြီး (ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးဟောင်း၏အတ္ထုပ္ပတ္တိ)

**မြင့်ဆွေဦး**

မြန်မာ့နိုင်ငံရေးသမိုင်းတွင် အထူးသဖြင့် အမျိုးသားလွတ်မြောက် ရေးလှုပ်ရှားမှုသမိုင်းတွင် ထင်ရှားသော ခေါင်းဆောင်များ ပေါ်ပေါက်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသည်တို့ ဖြစ်ပါသည်။ ထိုသူများအကြောင်းကို ဆောင်းပါးများ၊ စာအုပ်များရေးသား၍ ယနေ့ထက်တိုင် မှတ်တမ်းတင်ခဲ့ကြပါသည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် မေ့လျော့ကွယ်ပျောက်နေသည့် ခေါင်းဆောင်များရှိပါသည်။ ထိုသူတို့အကြောင်းကို မည်သူကမျှ ထုတ်ဖော်ရေးသားခြင်း မရှိသဖြင့် နှောင်းခေတ်လူငယ်များ သိရှိခွင့်၊ လေ့လာခွင့်မရကြတော့ပါ။ ထိုသူများအထဲတွင် ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးဟောင်း ဦးကိုကိုကြီး ပါဝင်လေသည်။

ဆိုရှယ်လစ်ပါတီမှာ ယခင်က တော်လှန်ရေးကာလအတွင်းက ပြည်သူ့အရေးတော်ပုံပါတီဖြစ်ခဲ့ပြီး စစ်ပြီးခေတ်တွင် ဆိုရှယ်လစ်ပါတီဟု အမည်ပြောင်းခဲ့သည်။ ထိုစဉ်က ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌမှာ ကွယ်လွန်သူ အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သူ သခင်မြဖြစ်သည်။ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌကြီး သခင်မြသည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံရပြီးနောက် ပါတီ၏ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးကိုကိုကြီးသည် ပါတီဥက္ကဋ္ဌတာဝန်ကို ယူခဲ့ရသည်။

ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး၏ အတ္ထုပ္ပတ္တိကို မြေးဖြစ်သူ ဒေါက်တာကျော်ဇော်ဝင်းက ရေးသားပြုစုပြီး သီဟရတနာစာပေက ထုတ်ဝေခဲ့သည်။ ဦးကိုကိုကြီး၏ ငယ်စဉ်ဘဝမှ ကွယ်လွန်သည်အထိ မှတ်တမ်းတင်ထားသည်။ ထိုမှတ်တမ်းများက သာမန်ဘဝမှတ်တမ်းများမဟုတ်ဘဲ မြန်မာ့နိုင်ငံရေးတွင် တိမ်မြုပ်မေ့ပျောက်နေသော မှတ်တမ်းများကိုလည်း တချို့တစ်စ တွေ့ရသည်။

ဦးကိုကိုကြီးသည် သိန်းလေးဆယ် ဦးကိုကိုကြီးဟု အမည်တွင်ခဲ့သည်။ အမည်တွင်ရခြင်းမှာလည်း ကူးသန်းရောင်းဝယ်ရေး၊ ပြည်သူ့ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးအဖြစ် ဖဆပလအစိုးရအဖွဲ့တွင် တာဝန်ယူခဲ့ရသည်။ ထိုသို့ တာဝန်ယူနေစဉ် ဦးကိုကိုကြီးသည် ဌာနဝန်ကြီးတစ်ဦး၏ လုပ်ပိုင်ခွင့်အရ တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေရရှိမည့် အကျိုးကို မျှော်ကိုးပြီး အကောက်ခွန်များ လျှော့ချခဲ့ရာ နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာငွေများ နစ်နာခဲ့ရသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဦးကိုကိုကြီးအား နိုင်ငံရေးလောကမှ

*စာမျက်နှာ ၁၂ သို့*




*စာမျက်နှာ ၁၁ မှ*

ပျောက်ကွယ်သွားအောင်လုပ်ရန် အချက်ရသွားသည်။

ထိုစဉ်က ဖဆပလအဖွဲ့ချုပ်အတွင်း အာဏာရယူထားသူများသည် ၎င်းတို့၏အာဏာ/ရာထူးအား ထိပါးလာမည့် ပုဂ္ဂိုလ်များကို အခွင့်ရတိုင်း ဖဆပလကိုရှုတ်ချလိမ့်မည်။ ဖဆပလအတွင်းရှိ အင်အားစုများကို အခွင့်ရသလောက်ဝင်၍ဖိစီးမည်။ အခွင့်ကောင်းကြုံသည်နှင့်တစ်ပြိုင်နက် ဖဆပလကို ဖြိုခွင်း၍ နိုင်ငံရေးစင်သစ်ထူထောင်မည်ဟု စွပ်စွဲခဲ့သဖြင့် နိုင်ငံရေးလောကကို ကျောခိုင်းထွက်ခွာသွားရသူများ ရှိခဲ့သည်။ ထိုအထဲတွင် ဦးကိုကိုကြီးလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

သိန်းလေးဆယ်လာဘ်စားသည်ဟု စွပ်စွဲအပြစ်တင်ခဲ့ပြီး ရာထူးမှ နုတ်ထွက်စေခဲ့သည်။ အမှန်တကယ်တော့ သိန်းလေးဆယ် လာဘ်ယူခဲ့ကြောင်း အစိုးရကသက်သေသာဓက အထောက်အထားမပြသနိုင်ခဲ့ပေ။ ထို့ကြောင့် နောက်ပိုင်းတွင် ဦးကိုကိုကြီးသည် အကျင့်စာရိတ္တဆိုင်ရာ လာဘ်ယူသည့် ပြစ်မှုမကျူးလွန်ခဲ့သဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယအဆင့်)ကို ပေးအပ်ချီးမြှင့်ခြင်း ခံရလေသည်။

ဦးကိုကိုကြီး၏ သမိုင်းမှတ်တမ်းကို ရေးသားပြုစုခဲ့သူမှာ မြေးဖြစ်သူ သမိုင်းဌာနမှ ဆရာတစ်ဦးဖြစ်ပြီး ၁၉၈၆ မှစတင်၍ အဘိုးဖြစ်သူ ပြောသမျှကို လိုက်လံရေးသားမှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းများကို အခြေပြု၍ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်လာခြင်းဖြစ်သည်။

စာအုပ်ပြုစုသူ ဒေါက်တာကျော်ဇော်ဝင်းက 'အဘိုး၏သမိုင်းကို တင်ပြရာတွင် စာရေးသူသည် သမိုင်းကို လေ့လာခဲ့သော၊ လေ့လာနေသော ကျောင်းသားတစ်ယောက်အနေဖြင့် သမိုင်းကွင်းဆက်များကို ဆက်စပ်တင်ပြထားပါသည်။ သို့မှသာ စာဖတ်သူများအနေဖြင့် လူတစ်ဦးတစ်ယောက်၏ သမိုင်းကြောင်းသာမက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့အတွက် ဆင်ခြင်သုံးသပ်နိုင်စိတ်ကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် လူမျိုးတည်ဆောက်ရေးတွင် အကျိုးများမည်ဖြစ်ပါသည်'ဟု ရေးသားခဲ့လေသည်။

ဖဆပလအဖွဲ့ချုပ်နှင့် ပတ်သက်၍ ဦးကိုကိုကြီး၏ အမြင်ကို တင်ပြထားသည်။

ဖဆပလအဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်မှာ တစ်မျိုးသားလုံး စည်းလုံးရေးဖြစ်သည်။ အမာခံအချက်မှာ လက်ဝဲအင်အားစုကို စည်းလုံးညီညွတ်ရန်ဖြစ်သည်။ ထို့အတွက် ဗိုလ်ချုပ် အောင်ဆန်းသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်အဖွဲ့များနှင့် တိုင်ပင်၍ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ စည်းရုံးမှုအောင်မြင်သင့်သလောက် အောင်မြင်သော်လည်း အများသိကြသည့်အတိုင်း ဖဆပလနှင့် ကွန်မြူနစ်တို့ ကွဲခဲ့ကြသည်။ သို့ဖြစ်၍ သခင်သိန်းဖေ (သိန်းဖေမြင့်)က 'စောလူးမင်းကဲ့သို့ တလိုင်းတို့လက်ထဲနေရစ်ကရော့'(ဗိုလ်ချုပ်အောင်ဆန်းအား မင်းဆိုး၊ မင်းညစ်တလိုင်းတို့လက်ထဲ နေရစ်ကရော့)ဟု အော်ဟစ်ခဲ့ပြီး ထွက်သွားကြသည်။ သခင်နုကလည်း လက်ကိုဆန့်တန်းကာ 'ကွန်မြူနစ်ဝါဒ တည်မြဲပါစေ၊ ဗမာပြည်ကွန်မြူနစ်ပါတီကျဆုံးပါစေ'ဟု အော်ဟစ်ကြွေးကြော်ခဲ့သည်။ ဤတွင် ဆိုရှယ်လစ်ဟု စာတစ်လုံး အပိုပါနေသည်။

ဦးကိုကိုကြီးသည် ကွန်မြူနစ်ပါတီ အလုပ်သမားသမဂ္ဂတွင် ပါဝင်လှုပ်ရှားနေစဉ် ဦးခင်မောင်လတ်နှင့် ဦးတင်ဖေ ကြောင့် ဖြစ်သည်ဟု "သူ"ကြားမိသည်။ "သူ"၏အဖြေမှာ မော်က်စ်ဝါဒသင်ခွင့်ရလျှင် ခင်ဗျားတို့ပါတီမှာ သင်တန်းဆရာလာလုပ်မည်ဟု ဖြေကြားခဲ့သည်။' ထိုသို့ပြောကြားခဲ့ပြီး မကြာခင် ဦးနေဝင်းတို့က လက်ခံသည်ဟု ဗိုလ်မှူးချုပ်တင်ဖေက လာပြောသည်။

ဦးကိုကိုကြီးသည် ဆိုရှယ်လစ်ပါတီတွင် သင်တန်းဆရာအဖြစ် သွားရောက်သင်တန်းပေးမည့်အကြောင်း ကွန်မြူနစ်ပါတီ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌဖြစ်သူ သခင်ဗဟိန်းအား တိုင်ပင် ပြောကြားခဲ့သည်။ ထိုအခါ သခင်ဗဟိန်းက 'ခင်ဗျားသွားလုပ်လျှင် တစ်နေ့ကျော်ငြိမ်းက ခင်ဗျားကို သတ်မှာပဲ၊ ကျော်ငြိမ်းကို ကျွန်တော်ပေါင်းလာတာကြာပြီ၊ သူ့ကို ခင်ဗျားတို့နားမလည်ဘူး၊ ကျွန်တော်နားလည်တယ်' ဟု သတိပေးစကားပြောကြားခဲ့သည်။

**ဦးကိုကိုကြီးသည် သူ့စိတ်ထဲတွင် ဗိုလ်ချုပ်သည် ဆိုရှယ်လစ် အဘိဓမ္မာရေး၊ စည်းရုံးရေးပိုင်းတွင်သာ ကျွမ်းကျင်သည်မဟုတ် စီးပွားရေးပိုင်းလည်း အတော်သိမြင်နားလည်ပါလားဟု ချီးမွမ်းမိလေသည်။ ထိုအချိန် ၁၉၄၇ ခုနှစ်လောက်က စီးပွားရေးပိုင်းတွင် နားလည်သူပါတီခေါင်းဆောင်များ သိပ်မရှိလှပေ။**

**ယနေ့ခေတ် လူ့အညွန့်ခူးစားနေသော အခွင့်ထူးခံလူတန်းစားတစ်ရပ်ရှိသည်။ ၎င်းတို့သည်ကား ခရိုနီများဖြစ်သည်။ ထိုခရိုနီများ စတင်ပေါ်ပေါက်လာပုံကို ဦးကိုကိုကြီးက မှတ်တမ်းတင်ခဲ့သည်။**

(ဗိုလ်ချုပ်တင်ဖေ)တို့သည် ဦးကိုကိုကြီးထံ ရောက်လာပြီး တပ်မတော်ခေါင်းဆောင်တချို့နှင့် ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များသည် ကွန်မြူနစ်ပါတီနှင့်အပြိုင် ပါတီတစ်ခု ထူထောင်ရန် ၁၉၄၅ ဩဂုတ်လတွင် ဆွေးနွေးတိုင်ပင်ကြသည်။ ထိုပါတီအသစ်အတွက် သဘောတရားရေး သင်ကြားပို့ချပေးရန် ဖိတ်ခေါ်ခဲ့ကြသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဦးကိုကိုကြီးက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

'ပြည်သူ့အရေးတော်ပုံပါတီမှ ဆိုရှယ်လစ်ပါတီအဖြစ်သို့ ပြောင်းလဲရန် ပြင်ဆင်နေသည်ကို သိပြီးဖြစ်သည်။ "သူ"ကားမော်က်စ်ဝါဒကို အခြေခံသော လက်ဝဲပါတီတစ်ခုတည်းသာ မြင်လိုသည်။ သို့သော်ကွန်မြူနစ်ပါတီက ပြည်သူ့အရေးတော်ပုံပါတီတစ်ခုလုံးအား တစ်စုတစ်စည်းတည်း ကွန်မြူနစ်ပါတီဝင်များအဖြစ် လက်မခံနိုင်၊ တစ်ဦးချင်းသာလက်ခံမည်။ အထူးသဖြင့် ဦးကျော်ငြိမ်းနှင့် ဗိုလ်နေဝင်းတို့အား ဖယ်ထားလိုသော

ထိုသို့ ဆိုရှယ်လစ်ပါတီတွင် ဦးကိုကိုကြီးသည် နိုင်ငံရေးသဘောတရားသင်တန်းပေးခဲ့ခြင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ဟောင်းတင်ဖေက အောက်ပါအတိုင်း ပြောပြခဲ့သည်။

"သူငယ်ချင်းလည်း သူငယ်ချင်း၊ ဆရာလည်း ဆရာပါ ငါ့မြေးရယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ လူကြီးဖြစ်ခဲ့တဲ့ လူအတော်များများဟာ မင်းအဘိုးရဲ့သင်တန်းနဲ့ မကင်းခဲ့ကြပါဘူး။ ဒါပေမယ့် ကိုယ့်ဆရာပါလို့ ဖွင့်ပြောရမှာကို ဆွံ့အခဲ့ကြတယ်။ ဘဘက အဲဒီအထဲမှာ မပါဘူး။ ဆရာကိုအာခံ ကိုယ့်အာခေါင်လှုံစူးခဲ့ရတဲ့ပုံပြင်ကို ငါ့မြေးကြားဖူးတယ်မဟုတ်လား။ အခုလည်း စူးနေကြပါပြီ။"

၁၉၄၇ ခုနှစ် ဇွန်လတွင် ဗိုလ်ချုပ်အောင်ဆန်းက ဦးကိုကိုကြီးအား တွေ့လိုသည်ဆို၍ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက ခင်ဗျားတို့ပါတီက ပြည်သူပိုင်လုပ်လိုသည်ဟု ပြောသည်။ ပြည်သူပိုင်လုပ်ပြီးတဲ့အခါ ပီပီပြင်ပြင် လုပ်ကိုင်မှာလားဟု မေးသည်။ ဗိုလ်ချုပ်ဆိုလိုသည်က ဥပမာ-သစ်လုပ်ငန်းဆိုလျှင် ကုန်ထုတ်လုပ်နိုင်မှာလား၊ ထွက်လာသည့် ကုန်များကို ဖြန့်ဖြူးရောင်းချနိုင်မှာလားဟု မေးခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ခင်ဗျားတို့ ပြည်သူပိုင်သိမ်းလျှင် လျော်ကြေးပေးမလားဟု မေးလေသည်။ ဦးကိုကိုကြီးအား ဘိလပ်သွား၍ ကိစ္စပြီးလျှင် ဥရောပရှိ ကွန်မြူနစ်နိုင်ငံများသို့ သွားပြီးလေ့လာပါဟု မှာကြားခဲ့သည်။

ဦးကိုကိုကြီးသည် သူ့စိတ်ထဲတွင် ဗိုလ်ချုပ်သည် ဆိုရှယ်လစ် အဘိဓမ္မာရေး၊ စည်းရုံးရေးပိုင်းတွင်သာ ကျွမ်းကျင်သည်မဟုတ် စီးပွားရေးပိုင်းလည်းအတော်သိမြင်နားလည်ပါလားဟု ချီးမွမ်းမိလေသည်။ ထိုအချိန် ၁၉၄၇ ခုနှစ်လောက်က စီးပွားရေးပိုင်းတွင် နားလည်သူပါတီခေါင်းဆောင်များ သိပ်မရှိလှပေ။

ယနေ့ခေတ် လူ့အညွန့်ခူးစားနေသော အခွင့်ထူးခံလူတန်းစားတစ်ရပ်ရှိသည်။ ၎င်းတို့သည်ကား ခရိုနီများဖြစ်သည်။ ထိုခရိုနီများ စတင်ပေါ်ပေါက်လာပုံကို ဦးကိုကိုကြီးက မှတ်တမ်းတင်ခဲ့သည်။

'သန်းဝက် ငါးသိန်းကောင်းစားဖို့ ၃၅ သန်းခွဲလူတွေက ပေးဆပ်နေရ၏။ ဦးနေဝင်းခေတ်-သိန်း၊ သန်းများစွာ ချမ်းသာလာသူ အင်အားစုဟာ (အသစ်လူတန်းစားများ) လူ့အလွှာများ..

တိုက်ရိုက်စား လာဘ်ယူပြည်သူ့ပစ္စည်းအားလုံး (ကျောက်သံပတ္တမြား၊ ကျွန်းသစ်) စသည် စသည် ခိုးသူ၊ ခိုးရသူများ၊ မှောင်ခိုရောင်းသူများ၊ တစ်နည်းနည်းဖြင့် ရယူခြင်းပြုမှုများ၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်းအားလုံး (ငါး၊ ပုလဲ၊ ကား၊ အင်ဂျင်စက်၊ အဝတ် အထည်၊ ဆေးဝါး၊ သစ်၊ စပါး၊ လယ်ယာပစ္စည်း၊ တွင်းထွက်ပစ္စည်း ရတနာများ) စသည် စသည်များကို အုပ်ချုပ်ရသူများ (များစွာ အချို့)နှင့် မှောင်ခိုလုပ်သူ ငွေရှင်ကြေးရှင်များပေါင်း၍ မတော်လောဘတွေနဲ့ မတရားချမ်းသာခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ဤသို့ဖြင့် ယနေ့ခေတ် ခရိုနီလူတန်းစားပေါ်ပေါက်လာခြင်းကို ဦးကိုကိုကြီးက ဖော်ထုတ်ခဲ့သည်ဟု ဆိုရမည်။

မည်သို့ပင်ဆိုစေကာမူ ဦးကိုကိုကြီးသည် စိတ်ရင်းစေတနာအပြည့်ရှိကာ မြန်မာနိုင်ငံအား ဆိုရှယ်လစ်နိုင်ငံတော် အစစ်အမှန်ပေါ်ထွန်းစေချင်သည်ကို တွေ့ရသည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံရေးအတွက် သင်ခန်းစာယူစရာ လေ့လာမှတ်သားစရာများကို ဦးကိုကိုကြီးက ပေးအပ်သွားသည်ဟု ဆိုရပေမည်။

## သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်လက္ခဏာများ နှိုးဆော်ချက်

**သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်လက္ခဏာများမှာ**

* ကလေးဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊
* နှစ်ရက်မှ သုံးရက်အကြာတွင် ကလေးဖျားရာမှ (ကိုယ်ပူနေရာမှ) ရုတ်တရက်အဖျားကျကာ ခြေ လက်များ အေးစက်လာခြင်း၊
* ကလေးမှိန်းနေခြင်း၊
* ခန္ဓာကိုယ်အနှံ့တွင် အနီစက်များ ထွက်လာခြင်း၊
* ဆက်တိုက်အန်ခြင်း၊ အန်သည့်အခါတွင် ကော်ဖီရောင်အဖတ်များ ပါခြင်း
* ဝမ်းဗိုက်အောင့်ခြင်းတို့ဖြစ်၍

ကလေးဖျားပြီး အထက်ပါလက္ခဏာများ ဖြစ်ပေါ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ သွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျေးဇူးတင်လွှာ

၂၀၁၆-ခုနှစ် ဧပြီလအတွင်း အထက်မြန်မာပြည်ဒေသများတွင် ရာသီဥတုဖောက်ပြန်၍ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးများပစ်ခြင်း၊ မိုးသီးများကြွေကျခြင်းနှင့် သစ်ပင်များပြိုကျခြင်းဖြစ်ပွားခဲ့ရာ ၎င်းသဘာဝဘေးအန္တရာယ်များကြောင့် တောင်သူလယ်သမားများ၏ လယ်ယာသုံးနိုင်းနွားများ ရုတ်တရက်သေဆုံးခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် ကြီးစွာသော ဝမ်းနည်းမှု၊ စိတ်ဆင်းရဲဒုက္ခကို တွေ့ကြုံ ခံစားခဲ့ကြရပါသည်။

မိမိတို့ တောင်သူဦးကြီးများအတွက် နိုင်းနွားများသည် နံနက်အရုဏ်တက်ချိန်မှ စတင်၍ နေ့စဉ် လုပ်ငန်းခွင်တွင် မရှိမဖြစ်လိုအပ်သော တန်ဖိုးထားရာ လုပ်အားများဖြစ်ပြီး၊ လယ်ယာသုံးနိုင်းနွားများမရှိလျှင် ထမင်းအိုးကွဲရမည် ဖြစ်သည့်အချိန်တွင် မိမိတို့တောင်သူဦးကြီးများအား လုပ်ငန်းခွင် ပြန်လည်ထူထောင်နိုင်ရန်အတွက် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ ဆုံးရှုံးသွားသည့် လယ်ယာသုံးနိုင်းနွားတစ်ကောင်လျှင် ငွေကျပ်(၁၀)သိန်းနှုန်းဖြင့် နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲများမှတစ်ဆင့် ကျေးရွာ၊ ကျေးလက်နေအိမ်အရောက် ချက်ချင်း အလျင်အမြန် ကူညီထောက်ပံ့ပေးမှု ဖြစ်ပါသောကြောင့် ကျေးဇူးတင် ဝမ်းမြောက်သာခုခေါ်၍ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

**အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်**
**မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများမှ ကျေးလက်နေ တောင်သူဦးကြီးများ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/4667 Toyota Ipsum Acm 21 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစောရန်နိုင် ၉/မရမ(နိုင်)၀၅၅၄၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၂၁၂၁/A+(၂၁၆၀/A)၊ ဧရိယာ ၀ဒသမ၁၀၁ ဧကသည် နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိုင်းထွန်းမြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်(၁၇၈၅/၂၀၁၆-နေ့စွဲ၊ ၂၉-၄-၂၀၁၆ရက်)တင်ပြ၍ ဦးတင်ထူး ၁၂/သကတ(နိုင်)၀၆၂၉၂၁ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဇော်ထွန်းနိုင် (ဘ)ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ၁၂/ဗဟန(နိုင်)၀၉၂၉၆၁၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပြည်တွင်း၌ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဇော်ထွန်းနိုင် ဖုန်း-၀၉-၇၃၁၂၈၅၉၅**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3B/6567 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူတစ်ဦး သေဆုံး

**ညောင်ဦး ဇွန် ၇**

ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာအနီး ညောင်ဦး- မြင်းခြံသွားကားလမ်းတွင် ဇွန်၅ ရက် နံနက် ၆ နာရီခန့်က ဆိုင်ကယ်နှစ်စီး အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာအနီး ညောင်ဦး-မြင်းခြံသွားကားလမ်း မိုင်တိုင်အမှတ် ၇/၆ အနီး ရေကျော်အဆင်းအတွင်း ညောင်ဦးမှ မြင်းခြံဘက်သို့ ယာဉ်မောင်း ဦးဖြူမောင် (၅၇)နှစ် အင်တိုင်းကျေးရွာနေသူ မောင်းနှင်ပြီး ဒေါ်စန်းရင် (၅၄)နှစ်နှင့် ဒေါ်ဝင်းမာ(၄၅)နှစ်တို့ လိုက်ပါလာသည့် ၃၃ယ/-----Tiger -125 ဆိုင်ကယ်နှင့် မြင်းခြံမှညောင်ဦးဘက်သို့ ယာဉ်မောင်း ဦးသန်းဇော်ဦး (၄၅)နှစ်ကွမ်းဖလားကျေးရွာနေသူ မောင်းနှင်လာသည့် ၄ယ/---- ဆိုင်ကယ်တို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိရာ ဦးဖြူမောင်မှာ ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဒေါ်စန်းရင်မှာ ဒဏ်ရာ (မစိုးရိမ်ရ)၊ ဒေါ်ဝင်းမာနှင့် ဦးသန်းဇော်ဦးတို့တွင် ဒဏ်ရာများရရှိ(မစိုးရိမ်ရ)သဖြင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှင်သူ ဦးဖြူမောင်နှင့် ဦးသန်းဇော်ဦးတို့နှစ်ဦးအား လက်ပံခြေပေါ်ရဲကင်းစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ဆီဘောက်ဆာယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

**ကျောက်တံခါး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဟာရီးကျေးရွာအုပ်စု ရမ်းမကျန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၀/၁နှင့် ၁၁၀/၂ ကြားတွင် ဇွန် ၆ ရက် ညနေ ၄ နာရီက ဆီဘောက်ဆာယာဉ်နှင့် ဆိုင်ကယ်တို့မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား၍ ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းအမည် နေရပ်လိပ်စာ စုံစမ်းဆဲမောင်းနှင်လာသော ယာဉ်အမှတ် 8A/---- ၁၂ ဘီး ယာဉ်သည် အမည် နေရပ်လိပ်စာစုံစမ်းဆဲ နံပါတ်မပါ Wave 110 ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းသူနှင့် နောက်မှစီးနင်းလိုက်ပါလာသူတို့တွင် ဒဏ်ရာများရရှိကာ နေရာတွင်သေဆုံးခဲ့ပြီး ဆိုင်ကယ်မှာပျက်စီး၍ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ ယာဉ်ကိုထား၍ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသိန်းထိုက်က ထွက်ပြေးတိမ်းရှောင်သူများအား စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ကနီမြို့နယ်၌ ၁၀ ဘီးယာဉ်တိမ်းမှောက်၊ ယာဉ်မောင်းသေဆုံး

**ကနီ ဇွန် ၇**



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ ဇွန် ၆ ရက်က ၁၀ ဘီးယာဉ်တစ်စီး တောင်နံရံကို ဝင်တိုက်မိကာ ယာဉ်မောင်း သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဇွန် ၆ ရက် ည ၆ နာရီခွဲက မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် (၄၆/၂)နှင့် ကြားတွင် ၁၀ ဘီးကားတစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ ကနီမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမြင့်၊ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးရာ ယာဉ်အမှတ် ၅ခ/----- ယူဒီကောင်တာ အပြာရောင် ၁၀ ဘီးယာဉ်အား ယာဉ်ပိုင်ရှင် မဲကြီး(ခ) မျိုးမင်းအောင် (၂၈) နှစ်သည် မုံရွာမြို့၌ ပြုပြင်ရန်အတွက် မင်းကင်းမြို့နယ် မအူကျေးရွာမှ ၎င်းကိုယ်တိုင် တစ်ဦးတည်းမောင်းနှင်လာစဉ် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် ( ၄၆ / ၂ )အနီးတွင် လက်ယာဘက်ရှိ တောင်နံရံကိုဝင်တိုက်မိပြီး ကားလမ်းပေါ်သို့ ပက်လက်လှန် တိမ်းမှောက်ခဲ့ရာ မဲကြီး(ခ)မျိုးမင်းအောင်မှာ ကားရှေ့မှန်ကွဲပြီး လမ်းပေါ်သို့ထွက်ကျကာ ပြင်ပဒဏ်ရာမရရှိဘဲ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှ မဲကြီး(ခ) မျိုးမင်းအောင်အား ကနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မူဆယ်မြို့၌ ပေါ့ဆမီးလောင်မှုဖြစ်ပွား

**မူဆယ် ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြောက်ရပ်ကွက်ရှိ ဇွန် ၇ ရက် နံနက် ၉ နာရီက လူနေအိမ်ငှားတစ်လုံး (အိမ်အမှတ်-မ/၁၄၅(ခ)) ဒေါ်လှမေဆိုသူ နေအိမ်အနောက်ခြမ်းအိမ်ငှား နေထိုင်သောအခန်းမှ ထမင်းပေါင်းအိုးတည်ပြီး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား၍ ဘေးအိမ်အမှတ်(မ/၁၄၅-(က)အိမ်ရှင် ဦးရီဆာစတိုခန်းတွဲလျက်မီးဖိုချောင်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။



အဆိုပါ မီးလောင်ကျွမ်းမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်းနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံပြည်သူများ၊ မီးသတ်တပ်ဖွဲ့ ဒုဦးစီးမှူး ဦးငြိမ်းသူအောင် ဦးဆောင်သော သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ၂၅ တို့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က အုပ်ချုပ်မှုယာဉ်တစ်စီး၊ သန္ဒေမီးသတ်ယာဉ်သုံးစီးနှင့် ရေသယ်ယာဉ်တစ်စီး၊ အရန်မီးသတ်ယာဉ်ခြောက်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ၁၀ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ပြီး အိမ်ငှားအခန်းသုံးခန်း နေအိမ်အမျိုးအစားမှာ မြေစိုက်သွပ်မိုး၊ ထရံကာအိမ်နှင့် စတိုခန်းတွဲမီးဖိုချောင်အပါဝင် လေးခန်းမီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်နှင့် အိမ်ငှားသုံးဦးတို့အား မူဆယ်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**


**ပျောက်ဆုံးကြောင်း**

Light of Future ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လိုင်စင်အမှတ် ၅၄၉၆/၂၀၁၂-၂၀၁၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၅၃၂၁၂

**အမည်ပြောင်း**

ဦးသီဟန် ၁၂/ဥကမ(နိုင်)၀၁၃၆၁၅ နှင့် ဒေါ်တင်တင်နွဲ့ ၁၂/ဥကမ(နိုင်)၀၈၉၀၄၃ တို့၏သမီး ကောင်းမြတ်သာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ မမေမြတ်နိုးအား မမေမြင့်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေမြင့်မြတ်သူ**

**အမည်ပြောင်းလဲခေါ်ပါရန်**

ဦးမျိုးမင်းမြတ်၏သမီး ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့ အထက(၁) တတိယတန်းမှ မအိကြည်ဖြူအား ယနေ့မှစ၍ မဝတ်ရည်မြတ်ဇင် ဟု ပြောင်းလဲခေါ်ပါရန်။

**မဝတ်ရည်မြတ်ဇင်**

**ဖခင်အမည်မှန်**

မြောင်းမြမြို့၊ စခန်းကြီးကျေးရွာ၊ အထက၊ အဋ္ဌမတန်း(က)မှ နန့်လှယဉ်ဝင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ စအောင်ကျော်ရွှေ ၁၄/မမန(နိုင်) ၁၂၉၆၂၅ ဖြစ်ပါကြောင်း။

**စအောင်ကျော်ရွှေ**

**အမည်ပြောင်း**

အိမ်မဲမြို့နယ်၊ ကမန်းတံခွန်တိုင်ကျေးရွာ၊ အလက(ခွဲ)၊ ဒုတိယတန်းမှ မန်းမြင့်ဇော်၏သမီး နန့်ချောသီရိဇော်အား နန့်နှင်းဝေလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းနှင်းဝေလွင်**


**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက်**
**ရုံးသုံးစက်ကိရိယာပစ္စည်း ငါးမျိုး ဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနအတွက် ရုံးသုံးစက်ကိရိယာ ပစ္စည်း ငါးမျိုးကို ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Computer | 10 Nos |
| ၂ | Laser Jet Printer A4 | 4 Nos |
| ၃ | Fax Phone | 3 Nos |
| ၄ | Copier | 1 No |
| ၅ | Scanner | mm2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၆ ရက်မှ ၂၂-၆-၂၀၁၆ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**


EAC
76, ဗိုလ်ဥက္ကမလမ်း ... 0973071901
09260425566,01-2315072
ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ငါးမုန့်ဆော့စ်မျိုးစုံ၊ အချိုရည်နှင့်ဆပ်ပြာထုတ်လုပ်သင်တန်း


**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အမျိုးသားသွေးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဖောက်ယူရာတွင် စစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်း လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၄-၆-၂၀၁၆ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ချောင်းတူးဖော်ခြင်းလုပ်ငန်း(သုံး)ခုကို လုပ်ငန်းဆောင်ရွက်လိုသူများမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၆-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်းရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ရုံးတွင်ရောင်းချမည်ဖြစ်ပြီး ၁၇-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်း ရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၃၆၄၀၂၊ ၀၁-၅၇၇၅၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးသုံးစက်ကိရိယာပစ္စည်း လေးမျိုး ဝယ်ယူရန်**
**တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအတွက် ရုံးသုံးစက်ကိရိယာ ပစ္စည်းလေးမျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Computer | 29 Sets |
| ၂ | Laser Printer A4 | 10 Nos |
| ၃ | Laser Colour Printer A4 | 2 Nos |
| ၄ | Fax Machine | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၆ရက်မှ ၂၂-၆-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ရုံးအမှတ် (၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၂၈၊ ၀၆၇-၄၁၂၃၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀၊ ၀၆၇-၄၁၂၃၂၈**


**ယာဉ်မောင်းအလိုရှိသည်**

ရန်ကင်း၊ တောင်ဥက္ကလာနီးသူ ဦးစားပေး၊ လိုင်စင်ငါးနှစ်အထက်။ လစာ ၂၀၀၀၀၀ိ- ၂၅၀၀၀၀ိ/ ဖုန်း-၀၉-၇၈၅၂၆၀၃၇၂

**အမည်ပြောင်း**

ဦးကျော်မိုး ၉/ပသက(နိုင်)၀၉၉၂၁၁ ၏သား မြင်းခြံမြို့ MEC အထက သူငယ်တန်းမှ မောင်ဒီလှိုင်းအား ယနေ့မှစ၍ မောင်ဝေယံဘုန်းခန့် ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ဝေယံဘုန်းခန့်**

# အား / ကာသိပ္ပံ(ရန်ကုန်)၏အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၇**

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၂၀၁၆-၂၀၁၇ ပညာသင်နှစ်အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အားကစားနည်းအလိုက်တက်ရောက်မည့် သင်တန်းသားဦးရေအား ဖတ်ကြားတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အားကစားအဖွဲ့ချုပ်များနှင့် အလှူရှင်များက အလှူငွေများနှင့် အားကစားဆက်စပ်ပစ္စည်းများလှူဒါန်းရာ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့်တာဝန်ရှိသူများ၊ အား / ကာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် အား / ကာသိပ္ပံပေါင်းစုံအားကစားပြိုင်ပွဲတွင် စံချိန်သစ်တင်ပြီး ပထမရရှိခဲ့သည့် စက်ဘီးကစားသမားကောင်စည်သူအား ဆုချီးမြှင့်သည်။

ယခုပညာသင်နှစ်တွင် အားကစားနည်း ၂၅ မျိုးဖွင့်လှစ်မည်ဖြစ်ပြီး အမျိုးသား ၃၆၁ ဦး၊ အမျိုးသမီး ၃၃၉ ဦး စုစုပေါင်း ၇၀၀ ရွေးချယ်သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသည့် အားကစားနည်းကို လေ့လာလိုက်စားသင်ယူပြီး ကျောင်းပညာရေးကိုပါ သင်ကြားနိုင်ရန် အား / ကာသိပ္ပံများမှာ အရေးပါလျက်ရှိပြီး မြန်မာ့အားကစားလောကပြန်လည်တိုးတက်ဖွံ့ဖြိုးလာရန် အားကစားနှင့် ပညာရေးပေါင်းစပ်သင်ကြားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သင့်နေပြီဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်**



**အလှူရှင်များမှလှူဒါန်းမှုများကို တာဝန်ရှိသူများ လက်ခံရယူနေစဉ်**

* *ကျောဖုံးမှ*

ချေပဂိုးပြန်သွင်းခဲ့သည်။ တောင်ကိုရီးယားအသင်းသည် အနိုင်ရရှိရေးအတွက် ဒုတိယပိုင်းတွင် အမာခံကစားသမားများ ထည့်သွင်းကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းခံစစ်အဆင်သင့်မဖြစ်သေးသည်ကို အခွင့်ကောင်းယူကာ ၄၇ မိနစ်တွင် ဂျန်ဆယ်ဂျီ၊ မိနစ် ၅၀ တွင်ကန်ယူမီတို့က ဂိုးများသွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်းမှ ဝင်းသိင်္ဂီထွန်းကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ တောင်ကိုရီးယားအသင်း စတုတ္ထဂိုးရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစမ်းပွဲနှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သော်လည်း အာရှထိပ်သီးတောင်ကိုရီးယားအသင်းထံမှ အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ကိုပါမေရိကအုပ်စု(ဃ) ပွဲစဉ် အာဂျင်တီးနားနှင့် ပနားမားတို့ အနိုင်ရ

ကိုပါမေရိကအုပ်စုပွဲစဉ်များကို ဇွန် ၇ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဃ)မှ အာဂျင်တီးနားက နှစ်ဂိုး-တစ်ဂိုးဖြင့် ချီလီကိုအနိုင်ရရှိပြီး ပနားမားက ဘိုလီဗီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားနှင့်ချီလီပွဲတွင် **(ယာပုံ)** နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြပြီး ပထမပိုင်းတွင် နှစ်သင်းလုံးဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းပွဲချိန် ၅၁ မိနစ်တွင် အာဂျင်တီးနားတောင်ပံကစားသမား ဒီမာရီယာက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၉ မိနစ်တွင် ဘာနီဂါကအာဂျင်တီးနားအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ချီလီအသင်းချေပဂိုးရရှိရန် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် တိုက်စစ်ဖွင့်ခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် နောက်တန်းကစားသမား ဖူအန်ဇာလီဒါက ချီလီအသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သည်။ ယင်းပွဲတွင် ချီလီအသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်အနက် ခြောက်ကြိမ်ဂိုးပေါက်တည့်ခဲ့ပြီး အာဂျင်တီးနားက ၁၅ ကြိမ်ရရှိပြီး ငါးကြိမ်သာဂိုးပေါက်တည့်ခဲ့သည်။

ပနားမားနှင့်ဘိုလီဗီးယားပွဲတွင် ပနားမားသည် ၄-၄-၂ ဖြင့် ပွဲထွက်ခဲ့ပြီး ဘိုလီဗီးယားက ၃-၄-၂-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၁၁ မိနစ်တွင် တိုက်စစ်မှူး ဘလက်စ်ပီရက်ဇ်က ပနားမားအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပနားမားသည် ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ၅၄ မိနစ်တွင် တိုက်စစ်မှူး ဂျူအန် ကားလို့စ်အာစီက ဘိုလီဗီးယားအတွက်ချေပဂိုးသွင်းယူခဲ့သည်။ ပနားမားသည် တန်ပြန်တိုက်စစ်များဖြင့် ပွဲချိန် ၈၇ မိနစ်တွင် တိုက်စစ်မှူး ဘလက်စ်ပီရက်ဇ်ကပင် ပနားမားအတွက် အနိုင်ဂိုးသွင်းယူခဲ့ သည်။ ယင်းပွဲတွင် ဘိုလီဗီးယားက ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့ကာ ဂိုးကန်သွင်းမှုမှာ ခြောက်ကြိမ်သာရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ပနားမားသည် တန်ပြန်တိုက်စစ်များ အသုံးပြုခဲ့ပြီး ၁၅ ကြိမ်ဂိုးကန်သွင်းခွင့်ရရှိခဲ့ကာ ရှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ အုပ်စု(ဃ)တွင် အာဂျင်တီနားနှင့် ပနားမားတို့ သုံးမှတ်စီရရှိခဲ့သည်။

အုပ်စု(က)မှ ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင် အမေရိကန်နှင့် ကော်စတာရီကာတို့ ဇွန် ၈ ရက် နံနက် ၆ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး နံနက် ၉ နာရီတွင် ကိုလံဘီယာနှင့် ပါရာဂွေးတို့ တွေ့ဆုံမည်ဖြစ်သည်။ ဇွန် ၉ ရက် နံနက် ၆ နာရီတွင် ဘရာဇီးနှင့် ပီရူးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဟေတီကစားမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် အီကွေဒေါနှင့် **သီဟ**




## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကြင်ရွှေး- ဒေါ်ကြည်ကြည်ဆွေတို့၏သား

**ဗိုလ်ကြီးကောင်းမြတ်**

**M.B.,B.S(DSMA)**
**Diploma in Surgery(Moscow)**
**3rd Year M.Med.Sc(Surgery)**

**နှင့်**

နေပြည်တော်နေ

ဗိုလ်မှူးချုပ်စန်းဝင်း(အမြဲတမ်းအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန)- ဒေါ်မြနွယ်တို့၏သမီး

**မဆုစန္ဒီနွယ်**

**Bachelor of Economic**
**DMA(UK)**

တို့၏ ၂၁-၅-၂၀၁၆ ရက် (စနေနေ့) နေပြည်တော် Western Park Royal တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်ဟန်နှင့်ဇနီး ဒေါ်မြမြသူ၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထူးဆောင်လုပ်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးချုပ်သက်စိုး(ငြိမ်း)နှင့် အမျိုးသားလွှတ်တော် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဆွေဦး တို့အားလည်းကောင်း၊ ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နေပြည်တော် Myanmar International Convention Center(2)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စိန်ဝင်း နှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူအုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်နုနုဆွေ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ တိုင်းမှူး၊ တပ်မမှူးနှင့် စစ်ဆင်ရေးကွပ်ကဲရေးမှူးများ၏ ဇနီးများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)မှ သူငယ်ချင်းမိသားစုများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီးတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မကြည်ပြာမြင့်စိန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာမေဖူးပွင့်ခင်၊ မင်္ဂလာလက်ထပ် လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မကောင်းစုရည်၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးမြတ်သိန်းနှင့် ဗိုလ်ကြီးဝဏ္ဏဇော်၊ သတို့သမီးအရံများဖြစ်ကြသော မအေးမြတ်မြတ်အောင်နှင့် မစိုးသီရိဖြူတို့အားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကောင်းမြတ်-မဆုစန္ဒီနွယ်**

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၊ ရွှေတောင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender)

**ရက်စွဲ၊ ၆-၆-၂၀၁၆**

၁။ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(ရွှေတောင်မြို့)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ ပစ္စည်းနှင့်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

(က) ရုံသုံးစက်ကိရိယာ (၂) မျိုး
(ခ) ရုံးသုံးပရိဘောဂ (၁၂) မျိုး
(ဂ) အခြားပစ္စည်းများ (၄) မျိုး

၂။ တင်ဒါနောက်ဆုံးပေးသွင်းသည့်ရက်မှာ ၂၀-၆-၂၀၁၆ ရက် ရုံးချိန်အတွင်း ဖြစ်ပါသည်။

၃။ အိတ်ဖွင့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကြော်ငြာကပ်သည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဝယ်ယူရေးကော်မတီ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(ရွှေတောင်မြို့) ဖုန်း-၀၅၃-၅၅၀၂၈သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**အဖွဲ့ခေါင်းဆောင်**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၊ ရွှေတောင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကတ္တရာလမ်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာများကို ဝယ်ယူလိုပါ၍ အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၈-၆-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) |
| | **နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ် (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** | - | ၇-၇-၂၀၁၆ ရက် (ကြာသပတေးနေ့) |
| | **အချိန်၊ နာရီ** | - | မွန်းတည့် ၁၂:၀၀ နာရီ |
| | **နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ကချင်ပြည်နယ်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနနှင့်လမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဖုန်း-၀၇၄-၂၉၅၁၄၊ ၀၇၄-၂၂၃၂၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) **Geological Equipments** ၄ မျိုး
(ခ) **ဓာတ်ခွဲခန်းသုံးဓာတ်ဆေးနှင့် လုပ်ငန်းသုံးပစ္စည်း** ၄၇ မျိုး
(ဂ) **Drilling Equipments** ၉ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၈-၆-၂၀၁၆ ရက်မှ ၇-၇-၂၀၁၆ ရက် ၁၆:၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာနေ ဦးကြည်ဆွေ(ခ)ဦးမြင့်ကြည် ၉/ကဆန(နိုင်)၁၃၇၅၄၆ သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးမြင့်ကြည်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၆၂၄၅ Zangshen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဝင်း ၇/ပမန(နိုင်)၁၂၀၅၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာနေ ဦးမြင့်ကြည်သမီး အဌမတန်းမှ မခင်ဆွေသိန်း (ခ) မခင်ဆွေလင်း ၁/မညန(နိုင်)၁၈၃၇၀၄သည် တစ်ဦးတည်း ဖြစ်ပါသည်။ **မခင်ဆွေလင်း**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာနေ မဇင်မာအောင်နှင့် မပိုပိုအောင်တို့၏ဖခင်အမည်မှန်မှာ ဦးညီညီလွင် ၁/မညန(နိုင်)၁၀၄၀၃၅ ဖြစ်ပါသည်။ ဦးအောင်ဘို မဟုတ်ပါ။ **ဦးညီညီလွင်**

## ဖခင်အမည်မှန်

မိုးမောက်မြို့နယ်၊ မြို့သစ် အထက-ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းမော်၊ ဆဌမတန်းမှ မောင်ခိုင်ရာဇာ၊ မင်းကျမ်းအမကကျောင်း ဒုတိယတန်းမှ မရွှေယမင်းဝါတို့၏ ဖခင်အမည်မှန်မှာ ဦးလှမောင်ထွန်း ဖြစ်ပါသည်။

**ဦးလှမောင်ထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဇော်မင်း ၃/ကကရ(နိုင်)၁၃၁၅၆၃၏ နိုင်ငံကူးလက်မှတ်အမှတ် MB/149087 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၄၀၃၁၈၃**

**Aung's College (Tu Tu - Su Su)**
**ENGLISH Speaking & Phonetics /Grammar**
ပို့ဆောင်ဆက်သွယ်ရေး/ ငွေ/ ကြေး-ဒုဦးစီးမှူး/ အငယ်တန်းစာရေး
**ရသုံးမှန်းခြေ-စိစစ်ရေးမှူး(၂) သင်တန်းစတော့မည်**
၁၀၆၊ စဉ့်အိုးတန်းလမ်း၊ လသာ။ ဖုန်း- 250727,09-5163884

# မန္တလေးမြို့ပတ်ယာဉ်လိုင်း ကားပေါ်ဝယ်


**ချမ်းသာ (မိတ္ထီလာ)၊ ဓာတ်ပုံ - ဖြိုးမောင်မောင်**

လွန်ခဲ့သည့် တစ်နှစ်ခန့်က စတင်ပြီး မန္တလေးနှင့် မိတ္ထီလာ မိုင် ၁၀၀ ခရီးကို မော်တော်ယာဉ်စီး၍ ကျွန်တော် ခရီးမသွားတော့ပါ။ ကျွန်တော့် ကိုယ်ပိုင်ယာဉ် ကမ်ဘို -၁၁၀ ဆိုင်ကယ်လေးဖြင့်သာ ထိုခရီးစဉ်အတိုင်း ခရီးနှင်ဖြစ်ပါသည်။ မန္တလေးနှင့် မိတ္ထီလာခရီးမရောက်ဖြစ်တဲ့လဆို အနည်းဆုံး တစ်ခေါက်တော့ရောက်သည်။ ဆိုင်ကယ်ဖြင့် မိုင် ၁၀၀ ခရီး စီးရသည်မှာ အန္တရာယ်များလွန်းသည်။ လူပင်ပန်းလှသည်ဟု မိတ်ဆွေများက ဆိုကြသည်။ မန္တလေးသို့ မော်တော်ဆိုင်ကယ်ဖြင့်သာ ကျွန်တော်ခရီးသွားတော့ခြင်းမှာ မန္တလေးမြို့ပတ် ယာဉ်လိုင်းကားခကိစ္စကြောင့်ပင် ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်များက မန္တလေးသို့ မိတ္ထီလာမှ ခရီးသည် တင်မော်တော်ယာဉ်ဖြင့်သာ သွားရောက်ဖြစ်သည်က များပါသည်။ မန္တလေးရောက်တိုင်း ကြုံရသည့်အခက်အခဲက မန္တလေးမြို့ပတ်ယာဉ်လိုင်းကားခ ကိစ္စပင်ဖြစ်ပါသည်။ မိတ္ထီလာမှ မန္တလေးသို့ ရောက်သည်နှင့် ချမ်းမြရွှေပြည်ကားဝင်းထဲအထိ မလိုက်ဘဲ ကွဲဆည်ကန်လမ်းဆုံအနီးတွင်ပင် ခရီးသည်အများစု ဆင်းကြပြီး ဘုရားကြီး၊ ဈေးချို၊ ဘူတာကြီး ခရီးစဉ်များကို မြို့ပတ်ယာဉ် လိုင်းကားအား တစ်ဆင့်စီးကာ ဆက်လက်ခရီးနှင်ကြရသည်။ ခရီးသည်တင်မော်တော်ယာဉ်ပေါ်မှ မဆင်းမီပင် မြို့ပတ်ယာဉ်လိုင်းကားပေါ်မှ ကိုယ်ရွှေယာဉ်နောက်လိုက်များက ခရီးသည်များကို လိုင်းကားပေါ် ထမ်းတင်မတတ် ကိုယ့်လိုင်းကား၊ သူ့လိုင်းကားပေါ် ခရီးသည်စီးရန် အလုအယက်ခေါ်ငင်ကြသည်။ လိုင်းကားပေါ်ရောက်သည်နှင့် မော်တော်ယာဉ်စီးခကို ဘုရားကြီး၊ ဈေးချို၊ ဘူတာကြီး ခရီးစဉ်အနီးအဝေး မရှိတစ်ဦး ငွေကျပ် ၅၀၀ ကောက်ယူလေသည်။ ကွဲဆည်ကန်လမ်းဆုံနှင့် ဘုရားကြီး ခရီးထိုစဉ်က မြို့ပတ်ယာဉ်စီးခမှာ ငွေကျပ် ၂၀၀ ကျပ်၊ ဈေးချိုအထိ ငွေကျပ် ၃၀၀၊ အနောက်မရမ်းခြံဆိပ်ကမ်းအထိ ငွေကျပ် ၄၀၀ သာ ကျသင့်သော်လည်း ယာဉ်နောက်လိုက်အများစုက မန္တလေးဒေသခံ ဟုတ်မဟုတ်ခရီးသည်အား အကဲခတ်ပြီး ဒေသခံမဟုတ်က ခရီးစဉ်အနီးအဝေး မေးရုံသာမေးပြီး တစ်ဦး ငွေကျပ် ၅၀၀ ကောက်ခံကြလေသည်။ ခရီးသည်အများစုမှာလည်း ရပ်ဝေးမှ လာကြသူများဖြစ်၍ လူကြားထဲ စကားနည်းရန်စဲ ယာဉ်စီးခ ငွေကျပ် ၅၀၀ ကို မေတ္တာပို့၍ ပေးကြလေသည်။

ထိုစဉ်က မြို့ပတ်မော်တော်ယာဉ်များပေါ်တွင် မြို့တွင်း ယာဉ်စီးခနှုန်းထားများကို မော်တော်ယာဉ်အတွင်း ခေါင်မိုးနံရံများတွင်ရေးသားထားပြီး ယာဉ်စီးခ ပိုမိုတောင်းခံပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ ရေးထားသည်ကို တွေ့ရသည်။ တိုင်ကြားသူနည်း၍လား၊ အရေးယူမှု မျက်ကွယ်ပြု၍လားတော့ မသိပါ။ ကျွန်တော် မန္တလေးရောက်တိုင်း မြို့ပတ်မော်တော်ယာဉ် လိုင်းအများစုမှာ ယာဉ်စီးခပိုမိုတောင်းခံခြင်း၊ ခရီးသည်ရရှိရေး ယာဉ်အပြိုင်အဆိုင်မောင်း၍ ခရီးသည်လုတင်ခြင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ မျက်ကွယ်နေရာတိုင်း ပြုလုပ်ကြမြဲဖြစ်ပါသည်။

လွန်ခဲ့သည့် သုံးရက်ခန့်က မန္တလေးသို့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့်အတူ အစည်းအဝေးတက်ရောက်ရန်ရှိသဖြင့် မော်တော်ယာဉ်နှင့် ခရီးနှင်ခဲ့ရာ ကွဲဆည်ကန်လမ်းဆုံအနီးတွင် မြို့ပတ်မော်တော်ယာဉ်လိုင်းကားစီးရလေသည်။ မော်တော်ယာဉ်စီးခ တစ်ဦး ငွေကျပ် ၄၀၀ နှုန်းဖြင့်



မန္တလေးတွင် ဆယ်စုနှစ် တစ်ခုမက တာဝန်ထမ်းဆောင်ဖူးသည့် မိမိတို့နှင့်အတူပါ အဖွဲ့ခေါင်းဆောင်က ဈေးချိုအထိ ခရီးစဉ်အတွက် တစ်ဦး ငွေကျပ် ၄၀၀ နှုန်းကို ငွေကျပ် ၂၀၀၀ ပေးသည်တွင် ယာဉ်နောက်လိုက်က တစ်ဦး ငွေကျပ် ၅၀၀ ဟု ဆိုသည်။ စီးနေကျခရီး ငွေကျပ် ၄၀၀ ဟု စောဒက တက်သော်လည်း "ဈေးသည်နဲ့ အလုပ်သမားပဲ အဲဒီယာဉ်စီးခနှုန်းထားပေးရတာ" ဟု ယာဉ်နောက်လိုက်က ဆိုသဖြင့် ထပ်မံ၍ ငွေကျပ် ၅၀၀ ပေးရလေသည်။ ကျွန်တော်တို့အနီးမှ ထိုင်နေသည့် ခရီးသည်အမျိုးသမီးကြီး တစ်ဦး မရမ်းခြံအနီးထိ စီးမည်ကို ငွေကျပ် ၁၀၀၀ ဟု တောင်းခံခြင်းအားမြင်တွေ့ရလေသည်။ ကြားထဲမှ ဝင်ပြောခွင့်မသာ၍ ဝင်မပြောမိလိုက်တော့ပါ။

မန္တလေးမြို့ပတ်မော်တော်ယာဉ်စီးခ တောင်းခံသည့် မော်တော်ယာဉ်နောက်လိုက်များ၏ ခရီးသည်အပေါ် စံနှုန်းသတ်မှတ်မထားဘဲ ပါးစပ်မှ ထွက်သလို တောင်းခံနေသဖြင့် ရပ်ဝေးမှ မန္တလေးသို့ လာရောက်သူများအဖို့ နှစ်ပေါင်းများစွာ ယာဉ်နောက်လိုက်များ၏ အနှပ်ခံရပေါင်းများလှပေပြီ။ မည်သည့်အချိန်တွင် ထိုသို့ယာဉ်စီးခ ပိုမိုကောက်ခံမှုများ ပျောက်ကွယ်သွားမည်မသိပါ။ အပြန်ခရီးတွင် သူငယ်ချင်း ဖြစ်သူနှင့် ကျွန်တော်တို့နှစ်ဦး ဈေးချိုမှ ကွဲဆည်ကန်လမ်းဆုံ ခရီးကို တစ်ဦး ငွေကျပ် ၄၀၀ နှုန်းဖြင့်ပေး၍ စီးရပါသည်။ ထိုမြို့ပတ်မော်တော်ယာဉ်မှ ယာဉ်နောက်လိုက်ကို နံနက်ပိုင်းက ဤခရီးကို ငွေကျပ် ၅၀၀ ပေးရကြောင်း ပြောမိသည်တွင် "အဲဒီ လူတွေက ကြုံသလိုကောက်နေကြတာ" ဟု ၄င်းက ဆိုလေသည်။ ဈေးချိုနှင့် ကွဲဆည်ကန်လမ်းဆုံ ခရီး မြို့ပတ်မော်တော်ယာဉ်စီးခမှာ ငွေကျပ် ၃၀၀ ဟုသာ ကျွန်တော့်စိတ်ထဲစွဲနေ၍ သူ့စကားကြားသည်တွင် ပြုံးမိပါသည်။ အမှန်တကယ်ပင် မန္တလေးမြို့ပတ် မော်တော်ယာဉ်လိုင်းကားခများမှာ တစ်နေရာမှ တစ်နေရာ ခရီးအမှန်တကယ်ကျသင့်သည့်ယာဉ်စီးခကို မန္တလေးဒေသခံများနှင့် ယာဉ်စီးခကောက်ခံသူများ၊ တာဝန်ရှိသူများသာ သိနိုင်တော့သည်။ ရပ်ဝေးဒေသမှ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ကြသူများအဖို့ မန္တလေးမြို့တွင်း ယာဉ်စီးခနှုန်းထားအား အတိအကျသိနိုင်ခြင်းမရှိတော့ပါ။

ဟိုဘက်တစ်လောဆီက မန္တလေးတွင် ကွမ်းယာစားသုံးမှု လျော့ကျစေရေး စီမံချက်ချဆောင်ရွက်နေသည့်အကြောင်း ကြားမိသည်။ တစ်ဖန်မကြာသေးမီက ကွမ်းယာရောင်းချမှု စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားမည်ဟု သတင်းများတွင် ဖတ်မိသည်။ ကျွန်တော်ချစ်သော မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်ချက်များဟု နားလည်မိသဖြင့် ဝမ်းပန်းတသာပြုံးမိပါသည်။ မန္တလေးမြို့ပတ်ယာဉ်စီးခနှုန်းထား ပိုမိုမကောက်ခံစေရေး၊ မြို့ပတ်ယာဉ်များ အပြိုင်မောင်းနှင်ခရီးသည်လုယက်တင်မှုများ ပပျောက်စေရေး၊ မြို့ပတ်မော်တော်ယာဉ်လိုင်းကားများ မိမိလိုင်းခရီးစဉ်မဟုတ်ပါဘဲ ခရီးသည်တင်၍ လမ်းခုလပ်တွင် တခြားယာဉ် လိုင်းကားပေါ် ခရီးသည်ပြောင်းရွှေ့စီးစေသည့် ခရီးသည်အပေါ် ခေါင်းပုံဖြတ်မှုများ ပပျောက်စေရေးအတွက် ဘယ်အချိန်ဘယ်ကာလတွင် ထိထိရောက်ရောက်အရေးယူဆောင်ရွက်မည်ဟူသည့် သတင်းကောင်းများကြားချင်မိပါသည်။

ရွှေပြည်တော်မျှော်လေတိုင်း ဝေးသည့် အဖြစ်မျိုးကဲ့သို့ မဖြစ်စေချင်ပါ။ မန္တလေးရောက်ချိန်တိုင်း မြို့ပတ်ယာဉ်များကို သွားလိုရာခရီးစဉ်အတိုင်း စိတ်ချမ်းမြေ့စွာ စီးနင်းနိုင်သည့် ခရီးသည်တစ်ဦးအဖြစ်များ မကြာမီအချိန်များတွင် ရောက်ရှိပါစေဟု ဆုတောင်းမိပါသည်။

## သံတောင်ကြီးတောင်ပေါ်ဒေသ မိုးရာသီလမ်းဘေးမြေပြိုခြင်းများ မရှိစေရေး မြေထိန်းနံရံများဆောင်ရွက်

**သံတောင်ကြီး ဇွန် ၇**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့သည် တောင်ပေါ်ဒေသဖြစ်၍ မိုးရွာသွန်းမှုကြောင့် လမ်းဘေးမြေနှင့် ကားလမ်းများ ပြိုကျတတ်လေ့ရှိရာ လမ်းများပျက်စီးမှုမှ ကာကွယ်ရန် မြို့အဝင်လမ်းများ မြေထိန်းနံရံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"သံတောင်ကြီးမြို့အဝင်လမ်းက အဓိက အသုံးပြုနေရတဲ့ လမ်းတစ်လမ်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ခရီးစဉ်တွင်တင်ပြကာ ညွှန်ကြားချက်အရ မိုးဦးကာလအမီ လမ်းပိုင်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလမ်းက အင်္ဂလိပ်လက်ထက်မှာ စနစ်တကျ ဆောင်ရွက်ခဲ့ပေမယ့် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ပြီဖြစ်လို့ ရာသီဥတုဒဏ် သဘာဝဘေးဒဏ်တွေကြောင့် ပျက်စီးယိုယွင်းလာနိုင်လို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု တာဝန်ယူဆောင်ရွက်နေသော တာဝန်ခံအင်ဂျင်နီယာ ဦးကွီးသောင်းက ပြောသည်။

အဆိုပါ မြေထိန်းနံရံသည် အမြင့် ၁၇ ပေ၊ အရှည် ပေ ၅၂၀ ရှိ တံတားတစ်စင်းဖြစ်ပြီး လမ်းအကျယ်ပေ ၃၀ တွင် ကတ္တရာ လမ်း ၁၈ ပေ ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မယ်ဆွမ်တောင်ချောင်း ရေစီးရေလာကောင်းမွန်ရေးကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် ဇွန် ၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ မယ်ဆွမ်တောင်ရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော မယ်ဆွမ်တောင်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို ဇွန် ၄ ရက် နံနက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းသည် နှစ်စဉ်မိုးရာသီ၌ ရေကြီးရေလျှံမှုဖြစ်ပြီး ရပ်ကွက်အတွင်းရှိ အိမ်များသို့ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိရာ ယခုလို တူးဖော် ဆောင်ရွက်ပေးသဖြင့် ရပ်ကွက်နေပြည်သူများဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန် /ဆက်)**

## ယဉ်ကျေးလိမ္မာရှိစေရေး ဓမ္မစကူး ဖွင့်လှစ်

**နေပြည်တော် ဇွန် ၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူနယ်မြေအတွင်းရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ တတိယအကြိမ်မြောက် ဓမ္မစကူးကျောင်းတော် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ဆက်လက်၍ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကဝိန္ဒ(ဂန္ထဝါစကပဏ္ဍိတ)က ဓမ္မစကူး ကျောင်းတော်ကို တက်ရောက်သင်ကြားကြမည့် ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူ ၄၀၀ ခန့်တို့ကို ဩဝါဒစကားမိန့်ကြားပေးသည်။

အဆိုပါ ဓမ္မစကူးကျောင်းတော်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆရာ ဆရာမ ၂၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဓမ္မစကူးကျောင်းသား ကျောင်းသူလေးများအတွက် အပတ်စဉ် ကုသိုလ်ရှင်များက အာဟာရဒါနများ လှူဒါန်းလျက်ရှိကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန့်မောင်**

## သစ်တောသစ်ပင်များ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးပျိုးပင် ကိုးသောင်းကျော်ပျိုးထောင်

**စဉ့်ကူး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် သစ်တောသစ်ပင်များ မပြုန်းတီးစေရေးနှင့်သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးတို့အတွက် မြို့နယ်သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်းကိုးသောင်းကျော် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် သစ်ပင်စိုက်ရာသီတွင် ကျွန်းပင် ၃၀၀၀၀၊ ယူကလစ်ပင် ၄၁၈၀၀၊ မဲဇလီပင် ၁၂၀၀၀ နှင့် ယင်းမာပင် ၈၀၉၀ စုစုပေါင်း ၉၁၈၉၂ ပင် ပျိုးထောင်ထားရှိပြီးဖြစ်ရာ ကျေးရွာပိုင်သစ်တောစိုက်ခင်း၊ တစ်ရွာတစ်ဧကယူကလစ်အပင် ၃၀၀၀၊တစ်အိမ်ထောင်ကျွန်းသုံးပင်ဖြင့် ကျွန်းပင် ၁၉၂၀၊ တစ်အိမ်ထောင်လျှင် သစ်မာအပင် ၂၀ ဖြင့် ယူကလစ်အပင် ၁၃၈၀၀ နှင့် ဌာန/ အဖွဲ့အစည်းနှင့်လူထုဖြန့်ရန် ၇၃၁၇၂ ပင်နှုန်း ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ဝင်းမောင်**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay ' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခ်ီရပ်ဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စည်သာလမ်း အလွမ်းပြေ မနက်ခင်း

**ဆူးငှက်**



***ယခင်အပတ်မှအဆက်***

သို့သော် တေးပြုစာဆိုကြီး၏ သီချင်းတစ်ပုဒ်ကိုတော့ ချက်ချင်းဖော်ထုတ် သီဆိုလိုက်တော့ တစ်ဖက်က ကန့်ကွက်သူတွေအဖို့ ကန့်ကွက်မရဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသီချင်းက တေးပြုစာဆိုကြီး ကိုယ်တိုင် မြို့မအသင်းအတွက် တကူးတကန့် အသေအချာရေးပေးခဲ့သော သီချင်းဖြစ်သောကြောင့်ပင်။

ထို့အပြင် မြို့မအသင်းကြီး၏အရိပ်ကို တေးပြုစာဆိုကြီးကိုယ်တိုင် ခိုလှုံခဲ့ပါကြောင်း စာသားကလည်း အတိအလင်းပါနေသည် မဟုတ်ပါလား။ ထိုသီချင်းကို ကျွန်တော်သည် မြို့မအသင်းက ပြန်လည်ဖော်ထုတ် မတီးမှုတ်ခင်ကပင် ကြားဖူးနေပါသည်။ ထိုသီချင်းကို ကျွန်တော့်မိတ်ဆွေက မကြာခဏသီဆိုပြနေသောကြောင့် ဖြစ်ပါသည်။ ဘယ်သူ့ဆီက ဘယ်တုန်းက သည်သီချင်းကို ရခဲ့သလဲဆိုတာတော့ မမေးလိုက်ရ။

"မြို့မမောင်တွေကို မြို့မမောင်တွေကို
နေ့တိုင်းနော် ဆီးလို့ကြို၊
နေဝင်စဆို ရွှေရင်ဝဖို ကြားရပြန်သကို
နားဝသံချိုချို၊ အဟုတ်ဆန်းတဲ့တီးလုံးကို" ဟူသော

သီချင်းကို မိတ်ဆွေသည် မကြာခဏဆိုသလို စိတ်လိုလက်ရ သီဆိုပြပါသည်။

အခုလည်း "သိန်းအောင်ကြီး" က ဖွင့်နေသော မြို့မဒြေ့ခံတေးအသစ်ထဲမှ "မယ်တို့မြေ" သီချင်းကို မိတ်ဆွေကလိုက်ပြီး သီဆိုနေပါသည်။ သူသည် သီချင်းကို အရင်ကတည်းက ရနေပုံပေါ်ပါသည်။ မိတ်ဆွေက သီချင်းကို ညည်းနေရာမှ ကျွန်တော့်ဘက်လှည့်ပြီး…

"သိပ်ကောင်းတဲ့ သီချင်းဗျ။ စာသားရော အသံရော သိပ်ကောင်းတယ်။ အသွားက သိပ်ထူးခြားတယ်။ ဆရာငြိမ်းမူအတိုင်း အခက်အခဲအကတ်အသပ်လေးတွေနဲ့ဆိုရတာ ရပြီးရင်လည်းစွဲသွားလောက်တဲ့ သီချင်းဗျ" ဟု ပြောပြပါသည်။

ဟုတ်သည်။

"အို…ထိုအခိုက်မှာလေ၊ နုအေးလေပြေ၊
ဆောင်ကြဉ်းယူစေ၊ တိမ်ခိုးပျိုတွေ
ဖြတ်သန်းပေ၊
လဝန်းလဲ့ဆွေ၊ မှုန်ခဲလို့ဝေ၊
မိုးသက်ကယ်ဆင်မပြေ၊ ငြိုးတုံ့လှည့်နွဲ့သည့်အနေ
ရွှာသွန်းတော့ပေ
သုခုမလုံမယ်ဆွေ၊ နှုတ်ဆက်မယ် သူ့မျက်နှာနေ၊
စွဲမြဲမောင် နောင်တစ်သက်မပြေ" တဲ့။

ထိုအပိုဒ် အသွား အသံလေးတွေက အကတ်အသပ်လေးတွေဖြစ်ပါသည်။ ထို့အပြင် 'နုအေးလေပြေ' 'တိမ်ခိုးပျို' 'လဝန်းလဲ့ဆွေ' 'ငြိုးတုံ့လှည့်နွဲ့' 'သူ့မျက်နှာနေ' ဟူသော စကားများကလည်း တကယ့်အနုအလှ အထူးအဆန်းလေးတွေဖြစ်ပါ၏။

**အဆိုတော် ရုပ်ရှင်မင်းသားတစ်လက်က ကျွန်တော့်ကက်ဆက် လေးနှင့် ထိုသီချင်းကို အပြန်ပြန်အလှန်လှန် ဖွင့်ကာ အထပ်ထပ်နားထောင်ပြီး လိုက်လိုက်ဆိုကြည့်သည်။ အသွားက မေ့သွားလိုက်၊ ကက်ဆက်ကို ပြန်ရစ်ပြီး ဖွင့်နားထောင်လိုက်၊ ပြန်ဆိုကြည့်လိုက်နှင့် တလေးတစား အားတက်သရောဖြင့် သီချင်းတစ်ပုဒ်အပေါ် အာရုံစူးစိုက်နေတာ လေးစားဖွယ်မြင်ဖူးခဲ့ပါသည်**

ကျွန်တော် မှတ်မိနေပါသေးသည်။ လွန်ခဲ့သော ၁၄ နှစ်၊ ၁၅ နှစ်အချိန် ထိုဒြေ့ခံတေးထွက်ချိန်တွင် ကျွန်တော်နေခဲ့ဖူးသော ဟေမာဇလရပ်ကအိမ်သို့ ကွယ်လွန်သူ ဆရာစိန်ခင်မောင်ရီနှင့်ပတ်သက်ပြီး ဆရာတို့ဇနီးမောင်နှံနှင့်အတူ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့ တည်းခိုဖူးပါသည်။

အဆိုတော် ရုပ်ရှင်မင်းသားတစ်လက်က ကျွန်တော့်ကက်ဆက်လေးနှင့် ထိုသီချင်းကို အပြန်ပြန်အလှန်လှန် ဖွင့်ကာ အထပ်ထပ်နားထောင်ပြီး လိုက်လိုက်ဆိုကြည့်သည်။ အသွားက မေ့သွားလိုက်၊ ကက်ဆက်ကို ပြန်ရစ်ပြီး ဖွင့်နားထောင်လိုက်၊ ပြန်ဆိုကြည့်လိုက်နှင့် တလေးတစား အားတက်သရောဖြင့် သီချင်းတစ်ပုဒ်အပေါ် အာရုံစူးစိုက်နေတာ လေးစားဖွယ်မြင်ဖူးခဲ့ပါသည်။

"တစ်နှစ်ခါတွင် ကြုံလာပေ၊ ယခုထက်ထိ သတိရနေ
ကြယ်စုံစမ်းငွေ။
မီးရောင်စုံထိန်ထိန်ဝေ
မြူးကွန့်လို့ ညွှန့်သမျှတွေ။
မြို့မသံသာညင်းပြေ။
ဒြေ့ခံမှာတာဝန်ကျေ၊ အသည်းမှာ စိမ့်
ငြိမ့်ငြိမ့်ပြေ၊
လုံခင်နုဆွေ၊
တေးတျာသံ ညင်သာပေ၊ လှိုင်းအိထက်စီးသို့ပေ။

မြို့မစေတနာဖြိုးဝေ မင်းသားက ထိုအပိုဒ်ကို အထပ်ထပ်ကျော့ကာကျော့ကာ လိုက်ဆိုနေပါသည်။ သူသည် ကျွန်တော်တို့အိမ်မှာ တည်းနေစဉ် နှစ်ညအတွင်း ထိုသီချင်းကို ပိုင်နိုင်စွာ ရသွားကြောင်း သူအိပ်သော အခန်းတွင်းမှာ ဆိုညည်းနေသံကြားခြင်းဖြင့် ကျွန်တော်သိလိုက်ရပါသည်။

ကျွန်တော့်မိတ်ဆွေသည် ဖန်ဆိမ့်လက်ဖက်ရည်ကို ခပ်ဖြည်းဖြည်းတစ်ငုံချင်းသောက်ကာ သီချင်းကို အရသာခံနားထောင်နေ၏။ ဆေးပေ့ါလိပ်ကြီးကိုလည်း ရှိုက်ကာရှိုက်ကာ ဖွာရင်း ပြာတောင့်တွေခါပြီး ခြွေနေသည်။ ဆေးလိပ်ပြာမှုန့်တွေက စားပွဲပေါ်၊ သူ့လုံချည်ပေါ်သာမက လက်ဖက်ရည်ခွက်ထဲသို့ပါ ကျနေသည်။ သူသည် လက်ဖက်ရည်သောက်သောအခါ ထိုပြာမှုန့်များကို မဖယ်ဘဲ သောက်လိမ့်မည်။ ဤသို့ဖြင့် နို့နှင့် အဖန်ခြောက်ဆီဝေ့တက်ကာ အေးစက်နေသော လက်ဖက်ရည်တစ်ခွက်ကို ဟောသည် သီချင်းတိပ်ခွေတစ်ခွေဆုံးသည်အထိ နားထောင်ရင်း အရသာခံပေတော့သည်။

သေချာသည်မှာ သည်ကနေ့ မိတ်ဆွေသည် ဆောင်းဝင်းလတ်ဝတ္ထုတိုတွေအကြောင်း ပြောမှာမဟုတ်တော့။ အသစ်ထွက် မြို့မဒြေ့ခံတေးသီချင်းအကြောင်းကို ဖွဲ့ကာနွဲ့ကာ ပြောပေလိမ့်မည်။ ကျွန်တော်လည်း သူနှင့်တန်းမီလမ်းမီ ပြောနိုင်ဖို့ ခေါင်းထဲစီကာစဉ်ကာ ပြင်ဆင်ထားရ၏။ ဤသို့ မှတ်ထင်ထားခဲ့ရပါ၏။ သို့သော် ဤသို့မဟုတ်ခဲ့။ ထိုနေ့က ကျွန်တော်တို့ ပြောဖြစ်ခဲ့သည်က မြေပဲဆားလှော်အကြောင်းပဲ ဖြစ်ပါ၏။

မြေပဲဆားလှော်အကြောင်း ပြောဖြစ်ခြင်းက ကျွန်တော်တို့ သီချင်းနားထောင် လက်ဖက်ရည်သောက်နေသော စားပွဲ၏တစ်ဖက်အစွန်းမှာ သတင်းစာအဟောင်းတစ်စောင်ကို လာဖတ်သော အရွယ်ခပ်ကြီးကြီးပုဂ္ဂိုလ်တစ်ယောက်နှင့် ဆက်နွှယ်၍ ဖြစ်ပါသည်။

ကျွန်တော် ထိုပုဂ္ဂိုလ်ကြီးလာထိုင်ကတည်းက မိတ်ဆွေကို ခပ်တိုးတိုးဖြင့် "ကျွန်တော်အဲဒီဆရာကြီးကို သိတယ်ဗျ။ ဘယ်မှာသိဖူးတာလည်း မမှတ်မိဘူး" ဟု ပြောမိခြင်းအပေါ် မိတ်ဆွေက ခပ်ယဲ့ယဲ့လေးပြုံးရင်း ပဟေဠိတစ်ပုဒ်သဖွယ် ဝှက်လိုက်တော့။

မြေပဲဆားလှော်အကြောင်း စကားဖောင်ဖွဲ့မိကြပါသည်။ အဖြစ်ကသည်လို…

***(ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***



# ဝိနယကောဝိဒဘွဲ့(ပိဋကတစ်ပုံ)အောင် ဆရာတော်အရှင်ဝိသုဒ္ဓ ကျောက်ပန်းတောင်းမြို့နယ်တွင် လှည့်လည်အပူဇော်ခံ

**ကျောက်ပန်းတောင်း ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၁၃၇၇ ခုနှစ် ဝိနယကောဝိဒဘွဲ့(ပိဋကတစ်ပုံ)ရရှိအောင်မြင်တော်မူခဲ့သော အရှင်ဝိသုဒ္ဓဆရာတော် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို ဇွန် ၅ ရက် ညနေ ၃ နာရီမှစတင်၍ ရွှေနောက်စမ်းကျေးရွာမှ ရန်ကုန်-ပြည်-မန်းလမ်းအတိုင်း မြောက်မှတောင်သို့အပူဇော်ခံခဲ့ပြီး ဘူတာလမ်းဆုံမှ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်လမ်းမှဝင်၍ မြို့မဈေးတစ်ပတ်ပတ်ကာ လွတ်လပ်ရေးရပ်ကွက်လမ်းမှ ပြန်လည်ကြွရောက်တော်မူခဲ့ကြောင်း သိရသည်။

ဆရာတော်ပင့်ဆောင်ပူဇော်ရာသို့ ရွှေနောက်စမ်းကျေးရွာမှ ဆွေတော်မျိုးတော်များ၊ ဝတ်ရွတ်အဖွဲ့များ၊ လှူဖွယ်ဝတ္ထုကိုင် အမျိုးသမီးငယ်များ၊ စက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူလေးများက သာသနာ့အလံများနှင့် ဆရာတော်ရရှိအောင်မြင်တော်မူခဲ့သည့် ဘွဲ့တံဆိပ်တော်များကိုပင့်ဆောင်၍ ဒေဝါဝန်း၊ ရာဇာဝန်းများ၊ ရွှေနောက်စမ်းကျေးရွာမှ အတီးအမှုတ် အကအခုန်များဖြင့် လှည့်လည်ခဲ့ရာ မြို့ပေါ်ရှိရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များက ဝမ်းမြောက်ဝမ်းသာ ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ဇွန် ၅ ရက်က နတ်တလင်း-တာပွန်ကားလမ်း မိုင်တိုင်အမှတ် (၆၈/၄ နှင့် ၆၈/၅) ကြားရှိ လမ်းဘေးဝဲယာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်နှင့် သစ်တောဦးစီးအရာရှိ ဦးဇော်ဝင်းမောင်တို့ ဦးဆောင်ပြီး NGO အဖွဲ့၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၂၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(၀၆၂)**

**တာချီလိတ်**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က တာချီလိတ်မြို့ လွယ်စတုံကျေးရွာအုပ်စု ပုံလို့ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က တာဝန်ရှိသူများအား ပျိုးပင်များပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန့်စင်ကျော်နှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လွယ်စတုံကျေးရွာရှိ ဒေသခံပြည်သူများက အပင်ပေါင်း ၆၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**အင်္ဂပူ**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ ရက်က အင်္ဂပူမြို့နယ် ပုသိမ်-မုံရွာကားလမ်းမဘေး မိုင်တိုင်အမှတ်(၉၃/၀) တွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဝေနှင့်ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက သစ်ပင်များ စုပေါင်း၍ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်း ဇွန် ၅ ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပျိုးပင်များဖြန့်ဝေပေးပြီး ခရိုင်ရဲမှူးကြီး ဒုရဲမှူးကြီးမြင့်ကျော်က လက်ခံယူခဲ့ကာ ပျိုးပင်များပေါင်း ၃၁၅ ပင်ကို တက်ရောက်လာကြသူများနှင့်အတူ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စိုးသီဟ( ပြန်/ဆက်)**

**မြောင်းမြ**

ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မြောင်းမြမြို့ ချင်းကုန်းကျေးရွာ မြစိမ်းရောင်သာသနာ့နယ်မြေအတွင်း ကျင်းပရာ မြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် အဖွဲ့ဝင်များ ၊ NGO အဖွဲ့ဝင်များ ၊ ဒေသခံပြည်သူအင်အား ၅၀၀ ကျော်တို့က မြို့နယ်သစ်တောဦးစီးဌာနမှ အပင်ပေါင်း ၂၀၀၀ ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

# ကျောက်မဲမြို့ ပြိန်းနင်ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်း

**ကျောက်မဲ ဇွန် ၇**





ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ပြိန်းနင်ရပ်တွင် ရွှေရည်သဇင်ဖြိုးကုမ္ပဏီနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်းကို ပြုပြင်ခင်းကျင်းခဲ့သည်။

အဆိုပါရပ်ကွက်သည် မိုးရာသီတွင် လမ်း၏မြေနိမ့်ပိုင်းနေရာများ၌ ရေကျော်ရေလျှံဖြစ်ပွားသည့်အပြင် မြေသားလမ်းဖြစ်သောကြောင့် ရဟန်း သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ သွားလာရာတွင် ခက်ခဲနေသောကြောင့် အလှူရှင် ဦးဇော်မင်းမောင်+ဒေါ်ရီရီစန်းမိသားစု (ရွှေရည်သဇင်ဖြိုး)ကုမ္ပဏီက လမ်းပြုပြင်ရန်အတွက် စက်ယန္တရားသုံးစီး၊ မြေသယ်ယာဉ်ငါးစီး၊ ကျွမ်းကျင်လုပ်သား ၂၀ ၊ ရပ်ကွက်သူ ရပ်ကွက်သားများဖြင့် ကုမ္ပဏီမန်နေဂျာ ဦးသန်းထွန်းက ဦးဆောင်၍ ပြုပြင်ခင်းကျင်းခဲ့ကြသည်။

ယခင်မြေသားလမ်းအပေါ်တွင် စက်ယန္တရားကြီးများဖြင့် မြေပြင်မြေညှိကာ ကျောက်သားများလောင်း၍ မြေဖိစက်ကြီးများဖြင့် ကြိတ်ဖိခဲ့ပြီး ရေမဝပ်အောင် လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းများ တူးဖော်ခဲ့သည်။

ထိုသို့လမ်းပြုပြင်ရာတွင် အများအကျိုးအတွက် အဓိကပံ့ပိုးပေးခဲ့သော ရွှေရည်သဇင်ဖြိုးကုမ္ပဏီနှင့် လိုက်ပါဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ ကျွမ်းကျင် လုပ်သားများ၊ ရပ်ကွက်နေပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ လမ်းကောင်းကောင်းကို လျှောက်လှမ်းခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားသည်။

**(ကျောက်မဲခရိုင်ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး သီပေါ၌ အပ်ချုပ်သင်တန်းဖွင့်



**သီပေါ ဇွန် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအပ်ချုပ်စက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်လပထမပတ်က ရွှေကျောင်းရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ကျေးလက်ဒေသကို အခြေပြု၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က သင်တန်းသားများအား သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါအပ်ချုပ်စက်သင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ ဘော်ကြို၊ မန်ဟဲ၊ ဆားတွင်း၊ နမ့်အွန်၊ ကွန်ခိုက်၊ ကုန်းသာ၊ ပုံဖန်း၊ မိုးတေ၊ ကွန်စံလိတ်၊ တုံစင့်၊ ပန်စောက်မိန်းနှင့် ဆွတ်လန်းကျေးရွာများမှ ဒေသခံတိုင်းရင်းသူ ၂၀ ကျော် တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြေယာပိုင်ဆိုင်မှု ပုံစံ(၇)ချပေးရေးကိစ္စ မြေစာရင်းဦးစီးဌာနနှင့် ပြည်သူတို့ ညှိနှိုင်း

**ရွှေသောင်ယံ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့အမှတ်(၁)ရပ်ကွက်တွင် ဇွန် ၅ ရက်က ရပ်ကွက်နေပြည်သူများနှင့် မြေစာရင်းဦးစီးဌာနတို့သည် ပုံစံ(၇)ချပေးရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရေးအခမ်းအနားကိုကျင်းပသည်။ အခမ်းနားတွင် မြေစာရင်းဦးစီးမှူး ဦးမြတ်သူက ရပ်ကွက်(၁)အတွင်း လယ်မြေများနှင့် ဥယျာဉ်ခြံမြေများကို ပုံစံ(၇)ချထားပေးဝေရေးနှင့် ပတ်သက်၍ပြည်သူက သိလိုသည်များကိုမေးမြန်းရာတွင် ပုံစံ(၇)လျှောက်ထားပြီးသား လယ်သမားများအား ၁၅ ရက်အတွင်းရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ဥယျာဉ်ပိုင်ရှင်များအတွက် ရပ်/ကျေးကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုံစံ(၇)လျှောက်ထားပုံလျှောက်ထားနည်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုကိုမောင် (ပြန်/ဆက်)**

## လူကုန်ကူးမှုနှင့်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကျိုင်းတုံ ဇွန် ၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ရက် ၁၀၀ စီမံချက်ပါ လုပ်ငန်းစဉ်ဖြစ်သော လူကုန်ကူးမှု မဖြစ်ပွားစေရေး အတွက် အသိပညာပေးဟောပြောပွဲ ကို ဇွန် ၅ ရက်ကကျိုင်းတုံမြို့ပင်းတောက် ကျေးရွာ အထကပင်းတောက်၌ ကျင်းပသည်။

အခမ်းအနားတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး တပ်စု(၁၈) ကျိုင်းတုံမြို့မှ ရဲအုပ်နေလင်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများအကြောင်း၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ များ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေနှင့် ပြစ်ဒဏ်များ၊ အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာများ အား ဟောပြောသည်။**(ယာပုံ)**

ဆက်လက်၍ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး တပ်စု(၂၈)မှ ရဲအုပ် မြင့်အောင်နှင့် ကတ်တောင်နယ်



မြေရဲစခန်းမှ ရဲအုပ်ရွှေသိန်းတို့ကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေးရှင်းလင်းဟောပြောကြကြောင်း သိရသည်။
**ခိုင်ဇာ(ယောမြေ)**

## သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**တနသ်ာရီ ဇွန် ၇**

တနသ်ာရီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် တနသ်ာရီမြို့နယ် သမဝါယမဦးစီးဌာန တို့ပူးပေါင်းကျင်းပသည့် သစ်သီးဝလံ အခြေခံ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်း အနားကို ဇွန် ၅ ရက်က တနသ်ာရီမြို့နယ် သမဝါယမဦးစီးဌာန ရုံးခန်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က အမှာစကား ပြောကြားပြီး သင်တန်းသူများအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းက သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးအပ်သည်။



ထို့နောက် သင်တန်းနည်းပြ ဒေါ်အေးမွန်ရည်နှင့် ဒေါ်ဆုသက်ဌေး တို့အား သင်တန်းသားများက ဂါရဝပြု လက်ဆောင်ပေးအပ်ကြသည်။

အဆိုပါသင်တန်း၌ ကျေးရွာများမှ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြ ပြီး ကျန်းမာရေးနှင့်ညီညွတ်၍ တာရှည်ခံ အသင့်စားသုံးနိုင်သော ဒေသထွက် စိုက်ပျိုးရေးသီးနှံများဖြင့် ဂျယ်လီ၊ သစ်သီးဖျော်ရည်မျိုးစုံ၊ ယိုမျိုးစုံ၊ နာနတ်သီးဆော့၊ သရက်သီးသနပ်ပြုလုပ်နည်း၊ ကြာရှည်ခံ ထုပ်ပိုးနည်းများကို သင်တန်း ကာလ ငါးရက်အတွင်း စနစ်တကျ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။
**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း**

## အမျိုးသမီးများ စဉ်ဆက်မပြတ်အလုပ်အကိုင်ရရှိရေး အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရပ်စောက် ဇွန် ၇**

ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှ ပူးပေါင်းဖွင့်လှစ်သည့် ရပ်စောက်မြို့နယ်အတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အမျိုးသမီး ထုအတွင်း အလုပ်အကိုင်အခွင့် အလမ်းများ စဉ်ဆက်မပြတ်ရရှိစေ ရန်ရည်ရွယ်၍ အခြေခံစက်ချုပ် သင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးက လူမှုဝန်ထမ်းဦးစီးဌာနမှ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပြီး ရပ်စောက်မြို့နယ်၌ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးများအနေဖြင့် နည်းပညာ၊ အတတ်ပညာများဖွံ့ဖြိုးမှု နောက်ကျ၍ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နည်းပါး ကာ ပြင်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေရမှုများ၊ လူကုန်ကူးခံ ရမှုများကင်းဝေးဝေးရန်နှင့် ယခုစက်ချုပ် သင်တန်းမှရရှိသော အတတ်ပညာဖြင့် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်ဆောင်ရွက်သွားနိုင်စေ ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။
**ကိုတာ(ရပ်စောက်)**



## မိုင်းဖြတ်၌ ကာကွယ်ဆေးတိုက်/ထိုးခြင်းဆောင်ရွက်

**မိုင်းဖြတ် ဇွန် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ပုံမှန်ကာကွယ်ဆေးတိုက်/ထိုးခြင်းကို ဇွန်လပထမပတ်က မြို့နယ်ပြည်သူ့ဆေးရုံရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

ပုံမှန်ကာကွယ်ဆေးတိုက်/ထိုးခြင်းဆောင်ရွက်ရာတွင် မိုင်းဖြတ်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာများရှိ မွေးကင်းစ နှစ်လမှ တစ်နှစ်ခွဲရှိ ကလေးငယ် ၇၂ ဦးအား BCG၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ IPV ကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးများ တိုက်/ထိုးပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများပြုပြင်နိုင်ရန်အတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

**ပျော်ဘွယ် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဧပြီ ၃၀ ရက်နှင့် မေ ၄ ရက်တွင် တိုက်ခတ်ခဲ့သည့် မိုးသက်လေပြင်းကြောင့် ဘုရား၊ စေတီပုထိုးများ၊ ဓမ္မာရုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါဆုံးရှုံးမှုများကို လေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လှူဒါန်းထောက်ပံ့ငွေများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ထောက်ပံ့မှုများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုမှထောက်ပံ့မှုများ၊ စေတနာရှင်၊ အလှူရှင်များက ငွေကြေးနှင့်သွပ်ပြားများပေးအပ်လှူဒါန်းခဲ့သောကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များကိုပြန်လည်ပြုပြင်ပေးနိုင်ခဲ့သော်လည်း ဘုရား၊ စေတီပုထိုးများပြုပြင်ရန်ကျန်ရှိနေသည်။

မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် မြောက်ကံကြီးကျေးရွာအုပ်စုတွင် အရန်စေတီတော်လေးဆူ၊ လွန်ငင်ကျေးရွာတွင်စေတီတစ်ဆူ၊ ဖွဲသင်းကျေးရွာတွင်စေတီနှစ်ဆူ၊ အုန်းပင်အုပ်စုတွင် စေတီနှစ်ဆူ၊ ရှမ်းစုကျေးရွာအုပ်စုတွင်စေတီတစ်ဆူစုစုပေါင်း ၁၀ ဆူတို့မှာ ထီးတော်များကျိုးကျမြေခြင်း၊ အချို့စေတီတော်များမှာ ဖောင်းရစ်တော်မှ စ၍မြေခြင်းတို့ ဖြစ်ခဲ့ရသည်။

ပျက်စီးဆုံးရှုံးခဲ့သော ဘုရားစေတီများအမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် ပါဝင်လှူဒါန်းလိုကြသောကုသိုလ်ရှင်၊ စေတနာရှင်၊ ပါရမီရှင်များအနေဖြင့် ပျော်ဘွယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဖုန်း- ၀၆၄-၄၉၀၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဗန်းမော် ဇွန် ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၅ ရက်က ဗန်းမော်တက္ကသိုလ်ဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်၊ ခရိုင်သစ်တောဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးဦးနှင့် တာဝန်ရှိသူများက ပျိုပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကိုပေး အပ်ကြပြီး သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။
**ဝါဝါ(ဗန်းမော်)**



**တာမွေမြို့နယ် ကျိုက္ကဆံလမ်းနှင့် ၁၆၄ လမ်းထောင့်ရှိ နတ်ချောင်းတွင် မြေထိန်းနံရံ တည်ဆောက်ပြီးသော်လည်း မိုးကြီးသည့်အခါ နတ်ချောင်းတွင်း ရေစီးရေလာ ပိုမိုကောင်းလာစေရေးအတွက် ဇွန် ၅ ရက်က မြို့နယ်အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့်အဖွဲ့များ ပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်စဉ်။**
လှလှ

# မိုးဥတုမှာ သတိပြုစရာများ

**ကြည်လွင်မြင့်(မုဒြာ)**

**ပူအိုက်နေရာမှ ရုတ်တရက်မိုးရွာချသဖြင့် အိပ်ကောင်းကောင်းနှင့် နံနက်စောစောထချိန်တွင် မထဘဲ ဆက်အိပ်သည်။ စနေနေ့ ရုံးပိတ်ရက် ကလေးများလည်း ကျောင်းမသွားရသဖြင့် နေမြင့်သည်အထိ ဆက်အိပ်လိုက်သည်။ ထိုသူသည် နံနက်အိပ်ရာထသည့်အချိန်မှစ၍ ခေါင်းအုံနေခဲ့သည်။ နံနက်စာစားပြီး ရင်ပြည့်သောအခါ ခေါင်းပို၍ကိုက်လာသည်။ နေ့လယ်စာကို ကောင်းစွာမစားနိုင်၍ တစ်နေကုန် နေမကောင်းဖြစ်ရသည်။**

ပူသောအခါ ကျယ်ပြန့်နေသောကြွက်သားနှင့် သွေးကြောများသည် အေးလာသောအခါကျုံ့ပြီး သွေးလေးလာတတ်သည်။ ထိုအခါ ပို၍အိပ်ကောင်းသည်။ အိပ်ရာမှ မထချင်ဖြစ်လေ့ရှိသည်။ အချိန်ပို၍အိပ်သောအခါ လှုပ်ရှားမှုနည်းသောအခါ နှလုံးသွေးလှည့်ပတ်မှုမမှန်ကန်၊ ဦးနှောက်သို့ သွေးအရောက်နည်းပြီး ဉာဏ်မရှင် ထိုင်းမှိုင်းသွားခြင်းဖြစ်သည်။ ထိုင်းမှိုင်းနေသည်ကို အလုပ်ရှိ၍ အတင်းစဉ်းစားသောအခါ ခေါင်းကိုက်လာခြင်းဖြစ်သည်။

မိုးရွာနေချိန်တွင် စောင်ထူထူနှင့် ကွေးအိပ်နေသူတစ်ဦးမှာ ဖိအိပ်မိသောဘက်က လက်မောင်းတစ်ဖက်ကပ်သွားသည်ကို တွေ့ရဖူးသည်။ ဖိအိပ်သည့် နာရီကြာသဖြင့် လက်မောင်းသို့သွားသော သွေးကြောပိတ်ပြီး ဖြစ်ရခြင်းဖြစ်သည်။ နှစ်နာရီကျော်ကြာအောင် တစ်ဖက်သတ်အိပ်ခြင်းသည် မကောင်းပေ။ တစ်ဖက်စီလှည့်စောင်းအိပ်ခြင်းကို သတိထားပြုမူသင့်သည်။

မိုးရွာနေချိန် နံနက်စာစားပြီး အပြင်ထွက်မည့်သူများ သတိထားရန်မှာ အစာကြေခဲသောအစာများ စားမသွားရန်ဖြစ်သည်။ နံနက်စာအဆာခံအဖြစ် ကောက်ညှင်းပေါင်း၊ အကြော်စုံနှင့် လက်ဖက်ရည်သောက်သွားသူတစ်ဦးမှာ မိုးရွာထဲတွင် ခြေထောက်ရေစိုပြီးနောက် မကြာမီ အစာအိမ်ရင်ညွန့်မှ အောင့်လာသည်ကို တွေ့ရဖူးသည်။ ခြေအေး ဝမ်းရောင်ဟု ရှေးလူကြီးများ ပြောလေ့ရှိသည့်စကားအတိုင်း ဖြစ်သည်။ ကြာရှည်ခြေထောက်ရေစိုခြင်းကြောင့် အစာမကြေရောဂါဖြစ်နိုင်သည်။

မိုးရာသီတွင် စီးသည့်ဖိနပ်များကိုလည်း သတိထားရန်လိုသည်။ ကတ္တီပါဖိနပ်ကဲ့သို့ ရေစိုလျှင် လွယ်လွယ်နှင့်မခြောက်သည့်ဖိနပ်မျိုးကို ရှောင်သင့်သည်။

ခြေထောက်ရေစိုခြင်း၏ အခြားနောက်ဆက်တွဲပြဿနာတစ်ခုမှာ နှာစေး၊ နှာပိတ်ခြင်းဖြစ်သည်။ အပူများအထက်သို့တက်ရာမှ ရှူသွင်းသောလေအေးနှင့် ထိတွေ့သောအခါ အပူအအေး ဆန့်ကျင်ဘက်ဖြစ်ပြီး နှာပိတ်ခြင်း၊ နှာစေးခြင်းဖြစ်ရသည်။ နှာစေးခြင်းသည် ရေရှည်လာလျှင် ထိပ်ကပ်နာအထိ ဖြစ်နိုင်သည်။ ထိပ်ကပ်နာဆိုသည်မှာ နှာခေါင်းအတွင်းမှ အပုပ်နံ့ရပြီး နှပ်ပုပ်ထွက်သည့်ရောဂါဆိုးဖြစ်သည်။

ကလေးဘဝငယ်စဉ်က “ နေပူမိုးရွာ သူခိုးလာ၊ လာတဲ့သူခိုးလုံ့နဲ့ထိုး” ဟု ဆိုကြသည်။ မြန်မာဝိန္ဒောဆရာကြီးတစ်ဦးက ‘သူခိုး’ဆိုသည် ပုန်း၍ငုပ်လျှိုးလာသောဓာတ်၊ အခိုးငုပ်သောသဘောကို ဆိုသည်။ ‘လုံ’ ဆိုသည်မှာ စူးရှသောဓာတ်၊ အာကာသဓာတ်ကိုဆိုသည်။ အအေးမိ၍ အခိုးငုပ်လျှင် အပွင့်ဓာတ်၊ အာကာသဓာတ်ကိုဆိုသည်။ အအေးမိ၍ အခိုးငုပ်လျှင် အပွင့်ဓာတ်၊ အာကာသဓာတ်ရစေသော ရှောက်ရွက်၊ ရှောက်သီး၊ ဆူးပန်းရွက်၊ ကင်ပွန်းချဉ်ရွက် စသည်များကို ဟင်းရည်သောက်ချဉ်ရည်ဟင်းချက်စားခြင်းဖြင့် မိုးဥတုတွင် အာကာသဓာတ်ရအောင် ဆောင်ရွက်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

နေပူသောအခါ ချွေးစိုနေသည်။ မိုးရွာသောအခါ ထိုချွေးငုပ်သွားတတ်သည်။ ခြေလက်များရေစို၍ အေးစက်သောအခါ ဝမ်းတွင်း၌ အခိုးငုပ်ပြီးပူနေတတ်သည်။ အချိန်ကြာမြင့်စွာခြေလက်များ အေးစက်နေလျှင် ဗိုက်နာလာတတ်သည်။ အစာအိမ်တွင် လေပူငုပ်၍ အထက်မတက်၊ အောက်မသက်ဖြစ်သောအခါ ဗိုက်အောင့်လာခြင်းဖြစ်သည်။

ခြေအေး၍ အစာမကြေခြင်းကြောင့် ဝမ်းလည်းချုပ်တတ်သည်။ မကြေညက်သောအစာများ အူမကြီးအဆုံးသို့ ရောက်သောအခါ စမြင်းခံ၍ ဝမ်းချုပ်ခြင်းဖြစ်သည်။ ဝမ်းချုပ်ခြင်း၏ နောက်ဆက်တွဲမှာ ညောင်းကိုက်ခြင်းနှင့် ဇက်ကြောတက်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ခြေထောက်ရေစိုလျှင် ဇက်ကြောတက်ရောဂါဖြစ်တတ်သည်ဟုဆိုကြခြင်းဖြစ်သည်။ မိုးဥတုမှာ ဇက်ကြောတက်တတ်သူများ သတိထားစရာဖြစ်သည်။

အဆုတ်ပွရောဂါသည် မိုးဥတုမှာ အဖြစ်များသော ရောဂါဖြစ်သည်။ အဆုတ်လေပြွန်များအတွင်း ရေငွေ့များဝင်ရာမှ ပြန်မထွက်နိုင်သောအခါ အအေးပတ်ပြီး အဆုတ်အအေးပတ်ရောဂါဖြစ်သည်။ ထို့နောက် အဆုတ်ပွရောဂါ၊ အဆုတ်ရောင်ရောဂါများ ဆက်၍ဖြစ်လာနိုင်သည်။

မိုးရေထဲသွားနေသူများသည် ရှူသွင်းသောလေတွင် ရေငွေ့များပါသဖြင့် ကြာလာသောအခါ အဆုတ်အတွင်းတွင် ပြန်မထွက်နိုင်သော ရေငွေ့အမှုန်လေးများ စုမိလာသည်။ နှာချေခြင်းသည် ဖုန်နှင့်အမှုန်များ ဝင်မှုမဟုတ်၊ ရေငွေ့များပြန်ထွက်စေရန်အတွက်လည်း အဆုတ်အတွင်းမှ အမျှင်များက ခါထုတ်သဖြင့်လည်း ဖြစ်နိုင်သည်။ အဆက်မပြတ် နှာချေနေခြင်းသည် အဆုတ်အတွင်း ရေငွေ့များရှိနေခြင်း လက္ခဏာဖြစ်သည်။

**နှာချေခြင်းသည် ဖုန်နှင့်အမှုန်များ ဝင်မှုမဟုတ်၊ ရေငွေ့များပြန်ထွက်စေရန်အတွက်လည်း အဆုတ်အတွင်းမှ အမျှင်များက ခါထုတ်သဖြင့်လည်း ဖြစ်နိုင်သည်။ အဆက်မပြတ် နှာချေနေခြင်းသည် အဆုတ်အတွင်း ရေငွေ့များရှိနေခြင်း လက္ခဏာဖြစ်**

မိုးရွာထဲမှပြန်လာသောအခါ ပရုတ်ဆီအနည်းငယ်ကို ရေနွေးမတ်ခွက်တွင်ထည့်ဖျော်၍ အုပ်ထားပြီး ဖွင့်လိုက်သောအခါ ထွက်လာသည့်ပရုတ်ငွေ့ကို ရှူပေးခြင်းဖြင့် အဆုတ်အအေးပတ်ခြင်းကို ကာကွယ်နိုင်သည်။ သို့မဟုတ် ချင်းတက်တစ်တက်ကိုထုထောင်းပြီး ရေနွေးမတ်ခွက်တစ်လုံးနှင့်ပြုတ်ပြီး အငွေ့ကို ရှူပေးခြင်း၊ ချင်းပြုတ်ရည် အနည်းငယ်သောက်ပေးခြင်းဖြင့်လည်း အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။

အဆုတ်ရေဝိုင်းသည့်ရောဂါ၊ အဆုတ်ရေဝင်သည့်ရောဂါကြောင့် အဆုတ်အတွင်းတွင် ပိုးများပေါက်ပွားပြီး အဆုတ်ရောင်ရောဂါနာတာရှည်ဖြစ်လာနိုင်သည်။ တငွေ့ငွေ့ကိုယ်ပူ၍ဖျားသောရောဂါသည် အဆုတ်ရောင်ခြင်းကြောင့်ဖြစ်နိုင်သည်။ ပိုးကြောင့်ဖြစ်သော အဆုတ်ရောဂါအတော်များများသည် အဆုတ်တွင် ရေဝပ်ရာမှ စတင်ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အဆုတ်အတွင်း ရေငွေ့များနေသဖြင့် နှာချေခြင်း၊ ချောင်းဆိုးခြင်း အကြိမ်ရေများလာသောအခါ ရက်ရှည်လာသောအခါ၊ အဆုတ်နှင့်လေပြွန်အတွင်းမှ သွေးကြောငယ်လေးများပေါက်ပြီး သွေးပါလာသည်။ ချောင်းဆိုးသွေးပါရောဂါဟုခေါ်သည်။ အခန်းအောင်းနေသူများ နေရောင်ခြည်မရသောအခန်းတွင် အလုပ်ကိုထိုင်ပြီး ကြာရှည်လုပ်ရသူများတွင် ဤရောဂါဖြစ်လေ့ရှိသည်။

နေရောင်ခြည်၏တန်ဖိုးကို မိုးဥတုတွင် သိရသည်။ ရက်ရှည်မိုးရွာ၍စိုထိုင်းနေသော အဝတ်များသည် နေရောင်ခြည်နှင့်ထိတွေ့သောအခါ အခြောက်မြန်သည်။ အိမ်တွင်းအရိပ်တွင် အခြောက်ခံသော အဝတ်များ၊ ပန်ကာလေဖြင့်အခြောက်ခံသောအဝတ်များသည် နေရောင်ခြည်နှင့်အခြောက်ခံသော အဝတ်များလောက် အနံ့အသက်မကောင်းပေ။ နေရောင်ခြည်မှ ပေးသော အပူဓာတ်(ဥဏှတေဇော)သည် ရောဂါပိုးအတော်များများကို သေစေနိုင်သော သတ္တိရှိသည်။ ဖြစ်နိုင်လျှင် ခြောက်သွေ့ပြီး အဝတ်ပင်ဖြစ်စေ နေရောင်ခြည်ထွက်လာသောအခါ ခေတ္တနေရောင်ပြပေးသင့်သည်။

အဝတ်အထည်များတွင် မှိုကပ်သောကြောင့်၊ မှိုစွဲခြင်းကြောင့် လူ၏အရေပြားတွင်လည်း ယားယံခြင်း၊ ညှင်းပေါက်ခြင်း၊ သနပွေးခေါ် ပွေးကွက်ငယ်လေးများပေါက်ခြင်း ဖြစ်လေ့ရှိသည်။ ရေချိုးသောအခါ ဆပ်ပြာရည်ကို ကုန်စင်အောင်မချိုးဘဲ အဝတ်အစားများတွင်လည်း ရေငွေ့များရှိနေခြင်းကြောင့် တစ်ကိုယ်လုံး အဖုအပိမ့်များထွက်ပြီး ယားယံလာသည်။ ကုတ်ဖဲ့ရာမှ ဝဲ၊ နှင်းခူ စသည့်အနာများဖြစ်သည်ကို တွေ့ရဖူးသည်။

မိုးများသောအရပ်တွင် နေရောင်ခြည်ထွက်သောအခါ အဝတ်အထည်များသာမက စောင်၊ အိပ်ရာခင်းများကို နေရောင်ပြပေးသင့်သည်။ အိပ်ခန်းအတွင်းသို့ နေရောင်ခြည်ဝင်အောင် ပြတင်းပေါက်များဖွင့်ပေးခြင်းဖြင့် ရေငွေ့ဖြင့် ပေါက်ပွားမည့်ရောဂါပိုးများအန္တရာယ်မှလည်း ကာကွယ်နိုင်ပေ သည်။ နေရောင်ခြည်မဝင်သောအခန်းများ အဲကွန်းအလုံခန်းများတွင် နေထိုင်သူများလည်း မိုးဥတုတွင် အဆုတ်ပွရောဂါဖြစ်နိုင်သဖြင့် သတိပြုကြစေချင်သည်။

ကျန်းမာရေးမကောင်းသဖြင့် အခန်းတွင်းအောင်းနေရသည့်လူကြီးများ၊ သက်ကြီးရွယ်အိုများကို နေရောင်ခြည်ရသည့် နံနက်ခင်းများတွင် နေအိမ်ပြင်ပ လေကောင်းလေသန့်ရသည့်နေရာတွင် တစ်နာရီခန့်ထားပေးသင့်သည်။ လမ်းမလျှောက်နိုင်လျှင်လည်း တွဲ၍သော်လည်းကောင်း၊ ဝှီးချဲဖြင့်သော်လည်းကောင်း နေရောင်ခြည်ပေးသင့်သည်။

အဆုတ်ရေငွေ့ဝင်၍ နှာချေခြင်း၊ ချောင်းဆိုးခြင်းနှင့် အဆုတ်ပွခြင်းမှ ကာကွယ်စေနိုင်သည့် မီးဖိုချောင်သုံးအစားအစာမှာ ကြက်သွန်ဖြူဖြစ်ပါသည်။

ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်၍ဖြစ်စေ၊ ကြက်သွန်ဖြူဥမြွှာများကို သီတံဖြင့် တံစို့ထိုးမီးကင်၍ဖြစ်စေ နေ့စဉ်တစ်ဥ သို့မဟုတ် ခုနစ်မြွှာခန့် စားသုံးပေးလျှင် အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။ ငွေကုန်ကြေးကျမများသော သဘာဝအာဟာရဓာတ်စာဖြစ်သည်။

ကြက်သွန်နီသည်လည်း အအေးပတ်ခြင်းမှကာကွယ်ပေးသည့်အာနိသင်ရှိသည်။ ကြက်သွန်နီ တစ်ဥကို ပါးပါးလှီးပြီး ရှောက်ရည် သို့မဟုတ် သံပရာရည်ဆမ်းပြီး ထမင်းစားသည့်အခါတိုင်း စားသုံးပေးခြင်းဖြင့်ကာကွယ်နိုင်သည်။ ကြက်သွန်နီသည် ဆီးကောင်းစေသဖြင့် မိုးရာသီတွင်ခြေအေးပြီး အပူငုပ်၍ ဆီးပူခြင်း၊ ဆီးအောင့်ခြင်းများအတွက်ပါကောင်းသော မီးဖိုချောင်မှရနိုင်သည့်ဓာတ်စာ၊ အစာလည်းဆေး ဆေးလည်းအစာဖြစ်ပါသည်။

## အခြေခံအင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောသင်တန်းဖွင့်

**သီပေါ ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှမ်းတိုင်းရင်းသား လူငယ်ကွန်ရက်က ကြီးမှူးဖွင့်လှစ်သော အမှတ်စဉ် (၅/ ၂၀၁၆) အခြေခံအင်္ဂလိပ်စာရေး၊ ဖတ်၊ ပြောသင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက်က မန်ဟဲကျေးရွာအုပ်စု လွန်တီးရွာနမ့်ဟူးနဲ့ ရွှေပြည်အေးရိပ်သာ၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိ ဦးဆန်စိုင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေသခံတိုင်းရင်းသားခေါင်းဆောင်ဦးလွယ်မောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတို့က မိမိတို့ တိုင်းရင်းသားယဉ်ကျေးမှုဘာသာ စကားစာပေများအပြင် နိုင်ငံတကာသုံးအင်္ဂလိပ်စာကိုလည်း တတ်မြောက်အောင် ယခုကဲ့သို့ ဖွင့်လှစ်သင်ကြားပေးသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စုများမှ ဒေသခံကျေးလက်လူငယ်မောင်မယ် ၁၀၀ ကျော် တက်ရောက်ကြပြီး အမေရိကန်နိုင်ငံသူတစ်ဦးနှင့် ဩစတြေးလျား နိုင်ငံသူတစ်ဦးတို့က နည်းပြအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်လခွဲဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

**မော်လမြိုင် ဇွန် ၇**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲကို ဇွန် ၄ ရက်နှင့် ၅ ရက်က မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန်းခမ္မာရုံ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူပေါင်း ၁၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့်ဝန်ကြီးများ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ ပြည်နယ်ပညာရေးမှူး ဦးမျိုးတင့်အောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ လှလှမော်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး သယံဇာတ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံက ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူသုံးဦးကို တိုင်းဝန်ကြီးချုပ်ကလည်းကောင်း၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူသုံးဦးကို လွှတ်တော်ဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်တို့ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ဥရုဂွေးနဲ့ ဗင်နီဇွဲလားတို့ တွေ့ဆုံမယ့် အုပ်စု (C)ရဲ့ ကိုပါအမေရိကပွဲစဉ်

**မိုးမြင့်လင်းလက်**

**၂၀၁၆ ကိုပါအမေရိက ဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေကို ဇွန် ၃ ရက်က စတင်ကျင်းပနေပြီဖြစ်ပါတယ်။ အုပ်စုလေးစုခွဲပြီး စတင်ကျင်းပနေတဲ့ ကိုပါအမေရိက အုပ်စုပွဲစဉ်တွေအဖြစ် ဇွန် ၉ ရက်မှာ အုပ်စု(C)အသင်းတွေဖြစ်တဲ့ ဥရုဂွေးနဲ့ ဗင်နီဇွဲလား၊ မက္ကဆီကိုနဲ့ ဂျမေကာအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ အုပ်စု(C)အတွက် ဒုတိယပွဲစဉ်ဖြစ်ပြီး အုပ်စုပထမပွဲစဉ်အဖြစ် ကစားပြီးချိန်မှာ မက္ကဆီကိုက တစ်ပွဲနိုင် သုံးမှတ်နဲ့ အုပ်စုထိပ်ဆုံးက ရပ်တည်နေပါတယ်။ ဗင်နီဇွဲလားတို့ကလည်း တစ်ပွဲနိုင် သုံးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပြီး ဂျမေကာနဲ့ ဥရုဂွေးတို့ကတော့ နိုင်ပွဲ မရှိ၊ သရေပွဲမရှိနဲ့ အမှတ်မရသေးပါဘူး။ ဒါကြောင့် အုပ်စု(C)ရဲ့ ဒုတိယပွဲစဉ်မှာ ဂျမေကာနဲ့ ဥရုဂွေးတို့ အမှတ်တွေ ယူနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။**



### ဥရုဂွေးနှင့် ဗင်နီဇွဲလား

အုပ်စု(C)မှာ ဗင်နီဇွဲလားတို့က ဂျမေကာအသင်းကို မာတီနက်ဇ်ရဲ့ သွင်းဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကြိုးစားခဲ့တာမို့ သုံးမှတ်ရရှိနေပြီဖြစ်ပါတယ်။ ဥရုဂွေးတို့ကတော့ ပထမပွဲစဉ်အဖြစ် မက္ကဆီကိုနဲ့ ပွဲမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ အမှတ်ပြည့်ရရှိရေး အားထုတ်လာပါလိမ့်မယ်။ လက်ရှိမှာ ကမ္ဘာ့အဆင့်(၁၁)မှာ ရှိနေတဲ့ ဥရုဂွေးဟာ ကမ္ဘာ့အဆင့်(၈၃)ရှိနေတဲ့ ဗင်နီဇွဲလားကို ခက်ခက်ခဲခဲကစားမှ ရပါလိမ့်မယ်။ ဥရုဂွေးမှာတော့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဆွာရက်ဇ်၊ ဟာနန်ဒက်ဇ်၊ ကာဗာနီတို့ ပါဝင်ကစားနိုင်ရင်တော့ တိုက်စစ်က မြိုင်ဆိုင်ပါလိမ့်မယ်။ ဥရုဂွေးရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး နားလည်မှုတွေလွဲမှားကာ အမှားအယွင်းတွေရှိနေတာမို့ ပြင်ဆင်ပါမှ အမှတ်ပြည့် မျှော်လင့်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ဥရုဂွေးခံစစ်မှူးနဲ့ အသင်းခေါင်းဆောင်လည်းဖြစ်တဲ့ ဂိုဒင်ဟာ ဂိုးသွင်းနိုင်သူဖြစ်ပြီး အခုအချိန်အထိ ဥရုဂွေးအတွက် စုစုပေါင်း ခုနစ်ဂိုး သွင်းပေးထားသူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မက္ကဆီကိုနဲ့ပွဲမှာလည်း တစ်ဂိုးသွင်းနိုင်တာမို့ အားနည်းချက်တွေ ပြုပြင်ရင်တော့ ဥရုဂွေးတို့ မျှော်လင့်ချက်ပြည့်ဝနိုင်တဲ့ ပွဲပါပဲ။ ဗင်နီဇွဲလားတို့က ပြီးခဲ့တဲ့ပွဲမှာ တစ်ယောက်လျော့ ဂျမေကာကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပေမယ့် အသင်းလိုက်ကစားအားက ကျေနပ်စရာတော့မဟုတ်ပါဘူး။ ဒီပွဲမှာ ဥရုဂွေးတို့ ပြတ်သားတဲ့ရလဒ်နဲ့အတူ အမှတ်ပြည့်ရယူနိုင်ရေး စွမ်းဆောင်ပါလိမ့်မယ်။

### မက္ကဆီကိုနှင့် ဂျမေကာ

မက္ကဆီကိုတို့က ပထမပွဲစဉ်မှာ ဥရုဂွေးကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲရခဲ့တာမို့ စိတ်ဓာတ်မြင့်မားနေပါတယ်။ ပွဲချိန် ၈၅ မိနစ်နဲ့ ၉၂ မိနစ်တွေမှာ မာဂွက်ဇ်နဲ့ ဟာရဲရားတို့ရဲ့ သွင်းဂိုးတွေနဲ့ ရင်ပူစွာအနိုင်ရခဲ့ပေမယ့် မက္ကဆီကိုရဲ့ အသင်းလိုက်ကစားအားက ရှေ့လယ်၊ နောက် ညီညွတ်မျှတနေတာတော့ အမှန်ပါပဲ။ မက္ကဆီကိုတိုက်စစ်မှူးတွေဖြစ်တဲ့ ဘေယာလေဗာကူဆင်မှာ ကစားနေတဲ့ ဟာနန်ဒက်ဇ်၊ ပါရဲတာ၊ မန်နျူရယ်တို့က ပြိုင်ဘက်နောက်တန်းကို တိုးဝင်ထိုးဖောက်နိုင်သူတွေဖြစ်ပြီး ဂိုးရအောင်လည်းသွင်းယူနိုင်သူတွေဖြစ်ပါတယ်။ ဒ့ါအပြင် ပီအက်စ်ဗွီမှာကစားနေတဲ့ ကွင်းလယ်ကစားသမား ဂွာဒါဒိုကလည်း တိုက်စစ်အားသန်သလို ဂိုးလည်းသွင်းနိုင်သူဖြစ်တာမို့ အားထားရသူဖြစ်ပါတယ်။ အတွေ့အကြုံရင့်ကျက်သူတွေပါဝင်တဲ့ မက္ကဆီကိုအသင်းဟာ ဒီပွဲမှာ ဂျမေကာကို နိုင်ပွဲရအောင် ကစားပြီး အုပ်စုကို ဆက်လက်ဦးဆောင်နိုင်ရေး အားထုတ်ပါလိမ့်မယ်။ ဂျမေကာတို့ကတော့ ပြီးခဲ့တဲ့ပွဲမှာ ဗင်နီဇွဲလားကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားတဲ့အပြင် အော်စတင်လည်း အနီကတ်ထိပြီး အထုတ်ခံခဲ့ရတာမို့ နစ်နာခဲ့ရတာကြောင့် ဒီပွဲမှာ အားထည့်လာပါလိမ့်မယ်။ ဂျမေကာ တိုက်စစ်မှာတော့ ဒိုင်နမိုအသင်းမှာ ကစားနေတဲ့ ဘားနက်စ်နဲ့ ဘာမင်ဂမ်အသင်းမှာကစားနေတဲ့ ဒေါနယ်ဆင်တို့ပဲ အားကိုးစရာရှိနေပါတယ်။ ကွင်းလယ်ကစားအားနဲ့ ကြိုးစားလာမယ့် ဂျမေကာအသင်းဟာ ခြေစွမ်းကောင်းမွန်နေတဲ့ မက္ကဆီကို ကို ကျော်ဖြတ်ဖို့တော့ မလွယ်ပါဘူး။ ဒီပွဲမှာ မက္ကဆီကိုတို့ပဲ နိုင်ပွဲဆက်ပါလိမ့်မယ်။



## အာဆင်နယ်ကို ရောက်လာနိုင်တဲ့ ဗာဒီ

ပြီးခဲ့တဲ့ ရာသီက လက်စတာအသင်းကို ပရီမီယာလိဂ်ချန်ပီယံဆု ဆွတ်ခူးပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဗာဒီဟာ ယူရို ၂၀၁၆ မတိုင်မီ အာဆင်နယ်ကို ရောက်လာနိုင်မယ်လို့ ဆိုပါတယ်။ ဗာဒီဟာ လက်စတာကနေ အာဆင်နယ်ကိုပြောင်းဖို့ ဆန္ဒရှိနေတယ်လို့လည်း အာဆင်နယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဂီရောက်က ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဗာဒီကို ပေါင်သန်း ၂၀ နဲ့ စာချုပ်သွားဖွယ်ရှိနေပါတယ်။ ဂီရောက်ဟာ ပြင်သစ်ကိုပြောင်းရွှေ့သွားချိန်မှာ ဗာဒီဟာလည်း အာဆင်နယ်ကစားသမားဖြစ်လာဖို့ ရှိနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လက်စတာအသင်းနည်းပြ ရာနီရေးရီကလည်း မှန်ကန်ကြောင်း ဝန်ခံပြောဆိုလိုက်ပါတယ်။ ဗာဒီဟာ ဖေဖော်ဝါရီလက လက်စတာနဲ့ လေးနှစ်စာချုပ်သစ်ချုပ်ဆိုထားတာပါ။ လက်ရှိအချိန်မှာတော့ ဗာဒီဟာ လာမယ့်သီတင်းပတ်မှာ စတင်မယ့် အင်္ဂလန်အသင်းရဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲတွေအတွက် ပြင်ဆင်နေပါတယ်။

## မန်စီးတီးကို အဆင့်သစ်တက်လှမ်းအောင်လုပ်မယ်ဆိုတဲ့ ဂွာဒီယိုလာ

လာမယ့်လမှာ ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာဟာ မန်စီးတီးနည်းပြသစ်ဖြစ်လာတော့မှာဖြစ်ပါတယ်။ ဂွာဒီယိုလာဟာ ဘိုင်ယန်မြူးနစ်ကို ဖလားသုံးလုံးရယူပေးပြီး ထွက်ခွာခဲ့တာပါ။ ကျွန်တော့်အနေနဲ့ မန်စီးတီးအသင်းကို အဆင့်သစ်တက်လှမ်းနိုင်ဖို့ ကြိုးစားပေးသွားမှာပါလို့ ဂွာဒီယိုလာက ဆိုပါတယ်။ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ရာသီက စတုတ္ထအဆင့်နေရာသာ ရခဲ့ပါတယ်။ မန်စီးတီးအသင်းပိုင်ရှင်အနေနဲ့ ငွေပုံအောပြီး ကစားသမားသစ်တွေ ခေါ်ယူခဲ့ပေမယ့် မျှော်မှန်းသလောက်ဖြစ်မလာခဲ့ပါဘူး။ ဒီအတွက် လာမယ့်ရာသီမှာတော့ လက်ရှိအောင်မြင်မှုထက် အောင်မြင်မှုတွေရဖို့ ကြိုးစားသွားမယ်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ ဂွာဒီယိုလာအနေနဲ့ မန်စီးတီးကို အကောင်းဆုံးအသင်းဖြစ်အောင် ကြိုးစားနိုင်မယ်လို့ ယုံကြည်ပါတယ်လို့ မန်စီးတီး တာဝန်ရှိသူတွေက ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအတွက် သံသယဖြစ်စရာမရှိပါဘူး။ အသင်းကိုအကောင်းဆုံးပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်ပါလိမ့်မယ်လို့ မန်စီးတီး ဥက္ကဋ္ဌ အယ်လ်မူဘာရက်က ဆိုပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲတွေအပြီးမှာတော့ ဂွာဒီယိုလာဟာ မန်စီးတီးကစားသမားတွေနဲ့ စတင်ထိတွေ့သွားပြီး အသင်းကို ပြန်လည်တည်ဆောက်သွားဖို့ ရှိနေပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**

## အင်တာမီလန်အသင်း ရှယ်ယာအများစု တရုတ်စီးပွားရေးကုမ္ပဏီ ဝယ်ယူမည်

တရုတ်နိုင်ငံမှ စီးပွားရေးကုမ္ပဏီတစ်ခုက အီတလီစီးရီးအေမှ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်တဲ့ အင်တာမီလန်ရဲ့ ရှယ်ယာ ၆၈ ဒသမ ၅၅ ရာခိုင်နှုန်းကို ဝယ်ယူဖို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံမှ Suning Commerce Group Co.Ltd., က ဇွန် ၆ ရက်က သတင်းထုတ်ပြန်ခဲ့ပါတယ်။

အင်တာမီလန်အသင်းဥက္ကဋ္ဌ အီးရစ်သိုဟာက သူပိုင်ဆိုင်သော အစုရှယ်ယာများ ကို လျှော့ချရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုကဲ့သို့ တရုတ်စီးပွားရေးကုမ္ပဏီ Suning Commerce Group Co. Ltd., က ဝယ်ယူရန်သဘောတူညီခဲ့ခြင်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းရဲ့ ယခင်ဥက္ကဋ္ဌဟောင်း မိုရစ်တီကလည်း ၄င်းပိုင်ဆိုင်သော အစုရှယ်ယာများကို ရောင်းထုတ်ရန် ကြိုးစားနေပြီး အင်တာမီလန်အသင်းနှင့် လမ်းခွဲရန် ဆုံးဖြတ်ထားပြီဖြစ်ပါတယ်။



# စိုက်ပျိုးရေးအခြေခံ စိုက်သိပ္ပံ

ဖိုးဆောင်း

ပြီးခဲ့သည့်အပတ်က ဂျာနယ်တစ်ခုတွင် ပုဂ္ဂိုလ်တစ်ဦးက "စိုက်ပျိုးရေးနိုင်ငံမှာ စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုပဲရှိတယ်။ စိုက်ပျိုးရေးသိပ္ပံလိုမျိုးတွေ ပြည်နယ်နဲ့တိုင်းတွေမှာ ရှိသင့်တယ်"ဟု ဆွေးနွေးချက်ကို ဖတ်လိုက်ရပါသည်။

မှန်ပါသည်။ စိုက်ပျိုးရေးနိုင်ငံမှာ စိုက်ပျိုးရေးပညာရှင်တွေ များများလိုပါသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စိုက်ပျိုးရေးသိပ္ပံများကို ယခင်အစိုးရလက်ထက်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလည်း ဆက်လက်ဆောင်ရွက်နေပါကြောင်း ပြည်သူများသိစေရန် ရှင်းလင်းတင်ပြလိုပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်ခုဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးသည် နိုင်ငံ၏ ကျောရိုးသဖွယ်အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပေသည်။ လူဦးရေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်၍ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက အားထားကြပါသည်။ ကျေးလက်ဒေသ ဆင်းရဲမှုပပျောက်ရေး၊ ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအခန်းကဏ္ဍတို့သည် ယှဉ်တွဲလျက်အရေးပါသော အမျိုးသားရေးအဆင့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးနေသည့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံတို့၏ အခန်းကဏ္ဍသည်လည်း မရှိမဖြစ် အရေးပါသောနေရာမှ ပါဝင်ပေသည်။

**စိုက်ပျိုးရေးသိပ္ပံများ၏ သမိုင်းအကျဉ်း**

ပထမဦးဆုံးသော စိုက်ပျိုးရေးသိပ္ပံကို ၁၉၅၄ တွင် ပျဉ်းမနားမြို့၌ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၀ ခုနှစ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုစုပေါင်း ခုနစ်ကျောင်းကိုသာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာလည်းကောင်း၊ ဝေးလံသောဒေသများမှ ကျောင်းသူ ကျောင်းသားများ စိုက်ပျိုးရေးပညာသင်ယူရေး လွယ်ကူစေရန်အလို့ငှာလည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးရေးသိပ္ပံများကို ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၄ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ထပ်မံဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိပါသည်။ စိုက်ပျိုးရေးသိပ္ပံများကို အောက်ပါအတိုင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။

| စဉ် | စိုက်ပျိုးရေးသိပ္ပံကျောင်းများ တည်နေရာ | | စတင်ဖွင့်လှစ်သောရက် | | | |
|---|---|---|---|---|---|---|
| | မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | စိုက်ပျိုး မွေးမြူရေး အလယ်တန်း ကျောင်း | စိုက်ပျိုး မွေးမြူရေး အထက်တန်း ကျောင်း | သီးနှံအထူးပြု ကျောင်း | စိုက်ပျိုးရေး သိပ္ပံ |
| ၁။ | ပျဉ်းမနား | နေပြည်တော် | | | | ၁၆.၈.၅၄ |
| ၂။ | သထုံ | မွန်ပြည်နယ် | | | | ၁၅.၁၁.၆၇ |
| ၃။ | မြောင်းမြ | ဧရာဝတီ | | ၁၀.၆.၅၆ | | ၁၈.၁၀.၈၂ |
| ၄။ | ရွှေဘို | စစ်ကိုင်းတိုင်း | ၁၅.၈.၅၇ | ၁.၈.၆၅ | | ၁၈.၁၀.၈၂ |
| ၅။ | ပုသိမ်ကြီး | မန္တလေးတိုင်း | | ၂၅.၇.၇၇ | | ၁၈.၁၀.၈၂ |
| ၆။ | ပွင့်ဖြူ | မကွေးတိုင်း | | ၂၅.၇.၇၇ | | ၁၈.၁၀.၈၂ |
| ၇။ | သာယာဝတီ | ပဲခူးတိုင်း | | | | ၂၀.၁၀.၈၆ |
| ၈။ | ထားဝယ် | တနင်္သာရီတိုင်း | | | ၂၁.၁.၂၀၁၁ | ၅.၇.၁၂ |
| ၉။ | ဟဲဟိုး | ရှမ်းပြည်နယ် | | | ၂၇.၁.၂၀၁၁ | ၅.၇.၁၂ |
| ၁၀။ | မြစ်ကြီးနား | ကချင်ပြည်နယ် | | | | ၁၇.၁၁.၁၄ |
| ၁၁။ | ဒီးမော့ဆို | ကယားပြည်နယ် | | | | ၁၇.၁၁.၁၄ |
| ၁၂။ | ဘားအံ | ကရင်ပြည်နယ် | | | | ၁၇.၁၁.၁၄ |
| ၁၃။ | လုံပီး | ချင်းပြည်နယ် | | | | ၁၆.၁၁.၁၅ |
| ၁၄။ | ကျောက်တော် | ရခိုင်ပြည်နယ် | | | | ၁၆.၁၁.၁၅ |




၂၀၁၅ ခုနှစ်က ထပ်မံဖွင့်လှစ်ခဲ့သည့် ကျောက်တော်(ရခိုင်ပြည်နယ်) စိုက်ပျိုးရေးသိပ္ပံ

**ရည်ရွယ်ချက်**

(၁) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထုတ်လုပ်မှုလုပ်ငန်းများတွင် လိုအပ်သည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးအတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊

(၂) ဒေသ၏ စံပြစိုက်ကွင်းများ ဖြစ်စေရန်၊

(၃) သင်ကြားတတ်မြောက်ထားသည့် ပညာရပ်ဖြင့် တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန်လည် ဆင့်ပွားပညာပေးရန်၊

(၄) ဒေသတွင်းရှိ လယ်ယာကဏ္ဍထုတ်ကုန်မှ တောင်သူဝင်ငွေတိုးတက်ရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန်၊

**ဝင်ခွင့်သတ်မှတ်ချက်များ**

စိုက်ပျိုးရေးသိပ္ပံများ၏ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းကို ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်၍ အသက် ၂၀ နှစ်ထက်မကြီးသူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်အထိ သတ်မှတ်၍ လက်ခံသင်ကြားပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးဒီပလိုမာ (Diploma in Agriculture) အောင်လက်မှတ်ကို ချီးမြှင့်ပါသည်။ နှစ်စဉ် စိုက်ပျိုးရေးသိပ္ပံတစ်ကျောင်းလျှင် ကျောင်းသားဦးရေ ပျမ်းမျှ ၁၂၀ ဦးနှုန်း သတ်မှတ်၍ ခေါ်ယူလျက်ရှိပါသည်။ ကျောင်းသားနှင့် ကျောင်းသူဦးရေကို ၂း၁ အချိုးဖြင့် သတ်မှတ်ခေါ်ယူပါသည်။ ကျောင်းသား ကျောင်းသူများ ဝင်ခွင့်ရွေးချယ်ရာတွင် ဝင်ခွင့်သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ဦးစားပေးရွေးချယ်ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စိုက်ပျိုးရေးသိပ္ပံအသီးသီး၌ တက်ရောက်သင်ကြားလျက်ရှိသော သင်တန်းသားဦးရေမှာ ပထမနှစ် ၁၈၉၉ ဦး၊ ဒုတိယနှစ် ၁၄၈၉ ဦး၊ တတိယနှစ် ၈၃၁ ဦး စုစုပေါင်း ၄၂၀၉ ဦး ရှိပါသည်။ ယနေ့အထိ စိုက်ပျိုးရေးသိပ္ပံကျောင်းဆင်းကျောင်းသားကျောင်းသူပေါင်း ၁၇၄၄၇ ဦးကို မွေးထုတ်လေ့ကျင့်ပေးခဲ့ပါသည်။

**သင်ကြားရေးနှင့်စစ်ဆေးရေး**

ကျောင်းသား ကျောင်းသူများအား စာတွေ့ ၄၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၆၀ ရာခိုင်နှုန်း သင်ကြားပေးပါသည်။ ပထမနှစ်တွင် Basic Science ဘာသာရပ် လေးခုနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်လေးခု တွဲဖက်သင်ကြားပြီး ဒုတိယနှစ်တွင် Basic Science ဘာသာရပ်တစ်ခုနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ် ခုနစ်ခုသင်ကြားကာ တတိယနှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ရှစ်ခု သင်ကြားပေးပါသည်။ အဓိကသီးနှံများ အပါအဝင် ဒေသအထူးသီးနှံများကို ကျွမ်းကျင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ လက်တွေ့သင်ကြားပေးပါသည်။ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများအပြင် လက်တွေ့နယ်ပယ်တွင် ထူးချွန်သောပညာရှင်များအား ဖိတ်ကြားပြီး သင်ရိုးပြင်ပသင်ကြားရေးအစီအစဉ်များလည်းပါရှိကာ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေသော ခြံများ၊ စိုက်ကွင်းများ၊ သုတေသနဌာနများသို့လည်း လေ့လာရေးခရီးစဉ်များ စေလွှတ်လျက်ရှိပါသည်။

နံနက်ကွင်းဆင်းချိန်၊ လက်တွေ့ချိန်၊ အစမ်းစာမေးပွဲများ၊ လက်တွေ့စာမေးပွဲများ၊ နှစ်ဝက်စာမေးပွဲများကို သတ်မှတ်ရာခိုင်နှုန်းများဖြင့် အသီးသီး အမှတ်ပေးပြီး စဉ်ဆက်မပြတ် အမှတ်ပေးစနစ်ကို ကျင့်သုံးပါသည်။ တစ်နှစ်လျှင် နှစ်ဝက်စာမေးပွဲ နှစ်ကြိမ်ခွဲ၍ စစ်ဆေးပြီး တတိယနှစ်တွင် ဦးစီးဌာနမှ မေးခွန်းထုတ်၍ ဗဟိုစာစစ်စနစ်ကို ကျင့်သုံးပါသည်။ အဖြေလွှာစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တစ်နှစ်လျှင်နှစ်ကြိမ် စနစ်တကျ ပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများအား အရည်အချင်းစစ်ဆေးမှု ပြုလုပ်ပါသည်။ သုံးနှစ်ပေါင်းရမှတ် အမြင့်ဆုံးရရှိသော ထူးချွန်ကျောင်းသားများသည် စိုက်ပျိုးရေးတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်ရန် ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရှိပါသည်။ နှစ်စဉ် ရမှတ်အမြင့်ဆုံးရ ထိပ်ဆုံး ၁၀ ရာခိုင်နှုန်း ကျောင်းသား၊ ကျောင်းသူများသည် စိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိပြီး မဟာစိုက်ပျိုးရေးသိပ္ပံဘွဲ့ (M.Agr.Sc)နှင့် ပါရဂူဘွဲ့(Ph.D)များအထိ ဆွတ်ခူးနိုင်ခဲ့သူများ ရှိပါသည်။ စိုက်ပျိုးရေးသိပ္ပံကျောင်းဆင်းများထဲမှ အဆင့်ဆင့် ထူးချွန်အောင်မြင်ခဲ့ပြီး ပါရဂူဘွဲ့များ ဆွတ်ခူးရရှိခဲ့သည့်အပြင် စိုက်ပျိုးရေးတက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ကထိက၊ ပါမောက္ခများအဆင့်ထိလည်းကောင်း စိုက်ပျိုးရေးဦးစီးဌာနတွင်လည်း ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ အဆင့်အထိလည်းကောင်း တာဝန်ထမ်းဆောင်နိုင်ခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ခဲ့ကြပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ**

ယခင်က စိုက်ပျိုးရေးသိပ္ပံကျောင်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခဲ့သော်လည်း ယခုအခါစိုက်ပျိုးရေးကဏ္ဍ အထိုက်အလျောက် ဖွံ့ဖြိုးလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာသည်ကို တွေ့ရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးသို့လည်းကောင်း၊ စိုက်ပျိုးရေးဆေးနှင့် မြေဩဇာကုမ္ပဏီများသို့လည်းကောင်း၊ မျိုးစေ့ထုတ်လုပ်သောကုမ္ပဏီများသို့လည်းကောင်း သွားရောက်အလုပ်လုပ်ကိုင်နိုင်ပြီး စိုက်ပျိုးရေးခြံများ၊ သုတေသနဌာနများနှင့် ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းများ တည်ထောင်ထုတ်လုပ်နိုင်သည်အထိ တိုးတက်လာသည်ကို အားရဖွယ် မြင်တွေ့နိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် စိုက်ပျိုးရေးအခြေခံသော တိုင်းပြည်ဖြစ်သည့်အားလျော်စွာ အခြေခံလူတန်းစားတစ်ရပ်ဖြစ်သည့် တောင်သူများအား အနီးကပ်နည်းပညာများ လက်ဆင့်ကမ်းနိုင်သော အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးရာ စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ အမျိုးသားအဆင့် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ခေတ်နှင့်အညီ မျက်ခြေမပြတ် ကြိုးပမ်းလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



၁၉၅၄ နှစ်တွင် ပထမဆုံးတည်ထောင်ခဲ့သည့်ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံ

## ရွှေ့ပြောင်းနေထိုင်သူများအား ရသင့်ရထိုက်သည့် အသိအမှတ်ပြုကတ်ပြားများ ဆောင်ရွက်ပေး

**အင်းတော် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် သစ္စာစီမံချက်ဖြင့် မြို့နယ်အတွင်းမှ သာမန်ရွှေ့ပြောင်းနေထိုင်သူများ၊ ယာယီရွှေ့ပြောင်းနေထိုင်သူများ၊ အလုပ်သမားများ၊ ကျောင်းသား ကျောင်းသူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ရသင့်ရထိုက်သည့် အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးခြင်းကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စုအတွင်းမှ ရွှေ့ပြောင်းနေထိုင်သူများ၊ အလုပ်သမားများအား သစ္စာစီမံချက်အရ ကျေးရွာအုပ်စုအဆင့် စာရင်းကောက်အဖွဲ့များနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမောင်မောင်ထွန်းဦးဆောင်သော ရုံးအဖွဲ့က ဇွန် ၄ ရက်နှင့် ၅ ရက်တွင် ကွင်းဆင်းကာ ရသင့်ရထိုက်သည့် အသိအမှတ်ပြုကတ်ပြားများ ရရှိရန် ဆောင်ရွက်ခဲ့ကြသည်။ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ကောက်ယူရရှိသော စာရင်းများ မှန်မမှန်စိစစ်ခြင်း၊ မှန်ကန်ပါက အိမ်ထောင်စုဇယားဆောင်ရွက်ပေးခြင်းတို့အပြင် အသက် ၁၀ နှစ်ပြည့်ပြီးသူ ၉၀၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၄ ဦး၊ ၁၈ နှစ်ပြည့်မှတ်ပုံတင်လဲလှယ်သူ ၂၄ ဦး၊ ဟောင်းနွမ်းဆွေးမြည့်ပျက်စီးပျောက်ဆုံး၍ မိတ္တူလျှောက်ထားသူ ၂၂ ဦး စုစုပေါင်း ၁၅၀ အတွက် ရသင့်ရထိုက်သည့် အသိအမှတ်ပြုကတ်ပြားများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်ပေးမှုများကို ဇူလိုင် ၃၁ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

# ထုံးကျောက်တောင်ဂေဟစနစ်ထိန်းသိမ်းရေး

**ဝင်းနိုင်သော်**

မြန်မာနိုင်ငံတွင် မြောက်ဖျားဟိမဝန္တာတောင်တန်းမှ တောင်ဘက်ပိုင်း ပင်လယ်ကမ်းရိုးတန်းအထိ ဂေဟစနစ် အမျိုးအစားစုံလင်စွာ ပုံစံအမျိုးမျိုးဖြင့် တွေ့ရှိရပါသည်။ နိုင်ငံဧရိယာ၏ ၄၂ ရာခိုင်နှုန်းခန့်သည် တောင်ကုန်းတောင်တန်းဒေသများဖြစ်ပြီး ထုံးကျောက်တောင်စဉ်တောင်တန်းများနှင့် ထုံးကျောက်တောင်ဂေဟစနစ်ကို ကျယ်ပြန့်စွာတွေ့ရှိနိုင်သည်။ အထင်ရှားဆုံးမှာ ရှမ်းကုန်းမြေမြင့်ဒေသ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မြိတ်ကျွန်းစု တောင်ကုန်းတောင်တန်းများဖြစ်သည်။

ထုံးကျောက်တောင်တန်းများနှင့် ထုံးကျောက်လိုဏ်ဂူများကဲ့သို့ သဘာဝအနေအထားများသည် ကမ္ဘာအနှံ့အပြားတည်ရှိနေပြီး အချို့ဒေသများသည် တန်ဖိုးထားထိန်းသိမ်းရမည့် နေရာဒေသများဖြစ်၍ အများစုကို ထိန်းသိမ်းကာကွယ်ထားသော နေရာများအဖြစ် သတ်မှတ်ထားရှိကာ အချို့နေရာများမှာ သဘာဝအနေအထား လှပခြင်းနှင့် ရှားပါးသော ဇီဝမျိုးစုံမျိုးကွဲများ ရှိသောကြောင့် ကမ္ဘာ့ အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ခြင်းခံထားရပါသည်။ ထုံးကျောက်တောင်များ၌ မျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိသော အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ တည်ရှိခြင်း၊ ရှားပါးသော သဘာဝတွင်းထွက်များနှင့် သဘာဝအနေအထားရှိခြင်း၊ ဘူမိရုပ်သွင်ဗေဒ (Geomorphology)နှင့် ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးဗေဒ (Palaeontology) အတွက် လေ့လာရန် အရေးကြီးသော နေရာများဖြစ်ခြင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအတွက် သာမက စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများအတွက်လည်း အဓိကအရေးပါသော နေရာများဖြစ်ခြင်းကြောင့် အထူးထိန်းသိမ်းကာကွယ်သင့်ပါသည်။

ထုံးကျောက်တောင်ဒေသများတွင် တွေ့ရှိရသော ဇီဝမျိုးစုံမျိုးကွဲများသည် ယေဘုယျအားဖြင့် ရှားပါးသော မျိုးစိတ် (endemic species) များဖြစ်ပြီး ၎င်းဒေသ၌သာ တွေ့ရှိရသောမျိုးစိတ်များဖြစ်သည်။ ၎င်းတို့အနေနှင့် ခက်ခဲသည့် ပတ်ဝန်းကျင်မှာ ရှင်သန်နေထိုင်ကြရပြီး နေရင်းဒေသများ ပျက်စီးသွားပါက ပြန်လည်ရှင်သန်ရန် မဖြစ်နိုင်တော့ပါ။ ထုံးကျောက်လိုဏ်ဂူများတွင် တွေ့ရှိရသော တိရစ္ဆာန်များအနက် သိသာထင်ရှားသော မျိုးစိတ်တစ်မျိုးမှာ လင်းနို့မျိုးစိတ်ဖြစ်သည်။ လင်းနို့များသည် လိုဏ်ဂူအတွင်း နေထိုင်ကျက်စားသော တိရစ္ဆာန်များအနက် အဓိကကျသည့် (key stone species) မျိုးစိတ်ဖြစ်ပြီး လူသားများအတွက် ဂေဟစနစ်ဝန်ဆောင်မှုပေးနေသော မျိုးစိတ်အဖြစ် ထင်ရှားကြသည်။ လင်းနို့များသည် ညစဉ် ကောက်ပဲသီးနှံဖျက်ပိုးမွှားသန်းပေါင်းများစွာကို စားသုံးခြင်းဖြင့် ရှင်းလင်းပေးခြင်း၊ စားပင်သီးပင်များကို ဝတ်မှုန်ကူးပေးခြင်း၊ လင်းနို့ချေး ထုတ်လုပ်ပေးခြင်းစသဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လိုဏ်ဂူအချို့တွင် လင်းနို့အကောင်ရေ ငါးသိန်းမှ တစ်သန်းအထိ နေထိုင်လျက်ရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီး ထိုကဲ့သို့ ထုံးကျောက်လိုဏ်ဂူများကို ထပ်မံဖော်ထုတ် မှတ်တမ်းတင်၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။ တောင်တန်းများ၊ လိုဏ်ဂူများမှ သဘာဝငှက်သိုက် ထုတ်လုပ်ရေးနှင့် အိမ်မွေးငှက်သိုက်ထုတ်လုပ်ရေးတို့ကို မြန်မာနိုင်ငံတွင်သာမက ကျွန်းစု၊ ကမ်းရိုးတန်းနိုင်ငံများတွင်လည်း တွေ့မြင်နိုင်ပါသည်။

**လင်းနို့များသည် လိုဏ်ဂူအတွင်း နေထိုင်ကျက်စားသော တိရစ္ဆာန်များအနက် အဓိကကျသည့် (key stone species) မျိုးစိတ်ဖြစ်ပြီး လူသားများအတွက် ဂေဟစနစ်ဝန်ဆောင်မှုပေးနေသော မျိုးစိတ်အဖြစ် ထင်ရှားသည်။ လင်းနို့များသည် ညစဉ် ကောက်ပဲသီးနှံဖျက်ပိုးမွှားသန်းပေါင်းများစွာကို စားသုံးခြင်းဖြင့် ရှင်းလင်းပေးခြင်း၊ စားပင်သီးပင်များကို ဝတ်မှုန်ကူးပေးခြင်း၊ လင်းနို့ချေးထုတ်လုပ်ပေးခြင်းစသဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လိုဏ်ဂူအချို့တွင် လင်းနို့အကောင်ရေ ငါးသိန်းမှ တစ်သန်းအထိ နေထိုင်လျက်ရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီး ထိုကဲ့သို့ ထုံးကျောက်လိုဏ်ဂူများကို ထပ်မံဖော်ထုတ် မှတ်တမ်းတင်၍ ထိန်းသိမ်းသင့်ပါသည်**

မြန်မာနိုင်ငံတွင် ထုံးကျောက်ဂေဟစနစ် ထိန်းသိမ်းရေးအတွက် သစ်တောဥပဒေများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ တည်ဆဲဥပဒေများအရ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ သမိုင်းအကြိုခေတ် နံရံဆေးရေးပန်းချီများရှိသော ပြဒါးလင်းဂူကို ပန်းလောင်ပြဒါးလင်း ဘေးမဲ့တောနယ်မြေအတွင်း ထည့်သွင်း၍ ထိန်းသိမ်းခြင်း၊ ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူကဲ့သို့ ရှေးဟောင်းအနုပညာ လက်ရာများရှိသော ထုံးကျောက်လိုဏ်ဂူများကို ယဉ်ကျေးမှုဦးစီးဌာနက ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးနေရာများအဖြစ် သတ်မှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းတို့ ဆောင်ရွက်နေပါသည်။

ထုံးကျောက်တောင် ဂေဟစနစ်တွင်သာတွေ့ရှိရသည့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုန်းပျောက်ကွယ်ရန် အဓိကခြိမ်းခြောက်နေသောအရာမှာ ဘိလပ်မြေလုပ်ငန်းများအတွက် ထုံးကျောက်ထုတ်လုပ်ခြင်းပင်ဖြစ်သည်။ ထုံးကျောက်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အမှုန်များနှင့် တုန်ခါခြင်းများကြောင့် အစားပြန်လည်မရနိုင်သော သဘာဝနှင့်ယဉ်ကျေးမှုတန်ဖိုးများ ထိခိုက်ပျက်စီးခြင်း၊ ရေအနေအထားများပျက်စီးခြင်း၊ ရေညစ်ညမ်းမှုနှင့် အခြားပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ဘိလပ်မြေလိုအပ်ချက်လည်း မြင့်မားလာပြီး ထုံးကျောက်ထုတ်လုပ်ခြင်းကြောင့် ထုံးကျောက်တောင် ဂေဟစနစ်ထိခိုက်နေမှုကို လျှော့ချနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

## မိုးရာသီရောက်လာသဖြင့် သံတောင်ကြီးဒေသတွင် လက်ဖက်စိုကိုသာထုတ်လုပ်နိုင်

**သံတောင်ကြီး ဇွန် ၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့(တောင်စခန်းမြို့)သည် မိုးကာလရောက်ရှိလာချိန်တွင် နေရောင်မရရှိသောကြောင့် ဒေသခံများစိုက်ပျိုးသော လက်ဖက်များကို ထုတ်လုပ်ရာတွင် နေရောင်ကို အားထားလုပ်ကိုင်ရသော လက်ဖက်ခြောက်များထက် လက်ဖက်အစိုများသာ ထုတ်လုပ်ရောင်းချနိုင်ကြောင်း သိရသည်။

သံတောင်ကြီးဒေသသည် ကရင်ပြည်နယ်အတွင်းရှိသော်လည်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၅၀ တွင်ရှိရာ မိုးကာလရောက်ရှိလာချိန်တွင် မြူနှင်းများ အမြဲဖုံးလွှမ်းလျက်ရှိသည်။ ဥယျာဉ်ခြံစိုက်ပျိုးခြင်းနှင့် တောင်ကုန်းတောင်တန်းများတွင် လက်ဖက်စိုက်ပျိုးခြင်းများကို အဓိကပြုလုပ်ကာ လက်ဖက်အခြောက်နှင့် လက်ဖက်အစို နှစ်မျိုးလုံးကို ထုတ်လုပ်ရောင်းချပြီး သံတောင်လက်ဖက်ဟူ၍ နာမည်ရလျက်ရှိသည်။

ယခင်က အစိုးရပိုင် လက်ဖက်စိုက်ခင်းများနှင့် လက်ဖက်စက်ရုံများမှ လက်ဖက်စားသောက်ကုန်များ ထုတ်လုပ်ခဲ့ပြီး ခေတ်အဆက်ဆက် ထုတ်လုပ်ခဲ့ရာမှ နောက်ပိုင်းတွင် ထုတ်လုပ်မှုနည်းလာခဲ့သည်။ သို့သော်လည်း သံတောင်ကြီးဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် တစ်ပိုင်တစ်နိုင်အားဖြင့် လက်ဖက်ပင်များစိုက်ပျိုးပြီး လက်ဖက်ခြောက်နှင့် လက်ဖက်စိုများ ထုတ်လုပ်ရောင်းချသူများရှိရာ မိုးတွင်းအချိန်၌ လက်ဖက်ပင်များတွင် အရွက်များ ဝေဆာနေသော်လည်း သံတောင်ကြီးမြို့သည် ယခုလို မိုးရာသီကာလနှင့် ဆောင်းရာသီကာလများတွင် မြူနှင်းများ အမြဲဖုံးလွှမ်းနေပြီး နေရောင်မရရှိသောကြောင့် လက်ဖက်ခြောက် ထုတ်ရန်အဆင်မပြေဘဲ လက်ဖက်စိုကိုသာ ထုတ်လုပ်နိုင်ပြီး နွေရာသီရောက်မှသာ လက်ဖက်ခြောက်များ ပြန်လည်ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။



သံတောင်ကြီးမှ စိမ်းစိုနေသော လက်ဖက်စိုက်ခင်းတစ်ခင်း

သံတောင်ကြီးဒေသမှထွက်သော လက်ဖက်ခြောက်သည် ဈေးကွက်တွင် လူကြိုက်များသော လက်ဖက်ခြောက်အမျိုးအစားတစ်ခုဖြစ်ပြီး တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၆၀၀၀ မှ ၈၀၀၀ ခန့်အထိရှိကာ လက်ဖက်စိုမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်း

**ဇီးကုန်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်းပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှအောင်က မေ ၁ ရက်မှစ၍ ရက် ၁၀၀ စီမံချက်အရ ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် ဆောင်ရွက်ခဲ့ရာတွင် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်သူများကို ထိခိုက်နစ်နာစေခြင်းမရှိအောင် ဆောင်ရွက်မည်ဖြစ်ကာ လူ့အခွင့်အရေးကိုလည်း ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာအပါအဝင် မီဒီယာများမှ ဝေဖန်အကြံပြုချက်များ၊ ပြည်သူများ၏ တင်ပြချက်များကိုလည်း နွေးထွေးစွာကြိုဆို၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားခဲ့သည်။

**ကိုသက်(ဇီးကုန်း)**

## GAP စိုက်ပျိုးနည်းစနစ် တောင်သူပညာပေးသင်တန်း ဖွင့်လှစ်

**နမ့်စန် ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဒေသခံတောင်သူများ စိုက်ပျိုးရေးအသိပညာ တိုးပွားစေရေးအတွက် ပညာပေးသင်တန်းများကို ကျေးရွာများတွင် ကွင်းဆင်းဖွင့်လှစ်ပေးလျက်ရှိရာ ဟိုက်ဖတ်ကျေးရွာအုပ်စု ဟိုက်ဖတ်ကျေးရွာတွင် GAP စိုက်ပျိုးနည်းစနစ်အကြောင်း ပညာပေးသင်တန်းကို ဇွန် ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နန်းစောမြက အစေ့ထုတ်ပြောင်းစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) ၁၁ ချက်နှင့်အညီ စိုက်ပျိုးနည်းကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်ချိုချိုလွင်က ပိုးသတ်ဆေး၏ ဆိုးကျိုးများနှင့် စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဦးမြင့်စိုးက အီးအမ်ဘိုကာရှီ မြေဆွေး ပြုလုပ်သုံးစွဲနည်းများကိုလည်းကောင်း နမ့်လစ်နှင့် ဟိုက်ဖတ်ကျေးရွာအုပ်စုများမှ တောင်သူ ၁၀၀ ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



## သာစည်မြို့နယ်အတွင်း အခြေခံပညာကျောင်း သုံးကျောင်းကို အဆင့်မြှင့်တင်ဖွင့်လှစ်

**သာစည် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာကျောင်းသုံးကျောင်းကို ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အုတ်တွင်းကျေးရွာအုပ်စုအတွင်းရှိ သာယာကုန်းကျေးရွာနှင့် နန်းတော်ကုန်းကျေးရွာတို့မှ အခြေခံပညာမူလတန်းကျောင်းများကို အခြေခံပညာ မူလတန်းလွန်ကျောင်းများအဖြစ်လည်းကောင်း၊ မြိုင်သာကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



ကျောင်းများအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၅ ရက်က အဆိုပါကျောင်းအသီးသီး၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆင့်တိုးမြှင့်ခဲ့သည့် သာယာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၈၆ ခုနှစ်၊ နန်းတော်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၉၁ ခုနှစ်နှင့် မြိုင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၇၉ ခုနှစ်တို့တွင် ဖွင့်လှစ်ခဲ့ပြီး မြိုင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ ၂၀၀၅ ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်နိုင်ခဲ့ကာ ယခုပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဆင့်မှ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ထပ်မံ၍ အဆင့်တိုးဖွင့်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်သဖြင့် ဒေသတွင်းမှ မူလတန်းနှင့် အလယ်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူများအနေဖြင့် အခြားကျေးရွာများရှိ ကျောင်းများသို့ သွားရောက်ရန်မလိုဘဲ မိမိတို့ကျေးရွာမှာပင် ပညာဆက်လက်သင်ကြားနိုင်မည်ဖြစ်၍ များစွာအဆင်ပြေစေကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# နွေစပါးအောင်မြင်စွာစိုက်ပျိုးနိုင်ရေး ဆည်ရေ စောစောပေးရန်လိုအပ်

**ကျောက်တော် ဇွန် ၇**

ရခိုင်ပြည်နယ်တွင် နွေစပါးအောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေကို ပုံမှန်ရေပေးဝေသည့်အချိန်ထက် စောစောပေးရန် လိုအပ်ကြောင်း ကျောက်တော်မြို့၌ ဇွန် ၄ ရက်ကပြုလုပ်သည့် ရခိုင်ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တောင်သူလယ်သမားများက တင်ပြခဲ့ကြောင်းသိရသည်။

"တကယ်လို့နွေစပါးစိုက်ပျိုးဖို့ ဆည်ရေကိုစောစောပေးနိုင်မယ်ဆိုရင်တော့ အောင်မြင်နိုင်ပါတယ်။ ဆည်ရေ စောစောရရင် စောစောစိုက်နိုင်မယ်။ ရခိုင်ပြည်နယ် ရာသီဥတုအနေအထားအရ နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အတွင်း စတင်စိုက်ပျိုးရမှာဖြစ်ပါတယ်။ ဒါမှ သင်္ကြန်မတိုင်ခင် ရိတ်သိမ်းနိုင်မှာဖြစ်ပါတယ်"ဟု ကျောက်တော်မြို့နယ်မှ လယ်ယာလုပ်ကိုင်သူ ဦးမောင်ထွီးက ပြောသည်။

ရခိုင်ပြည်နယ်တွင် နွေစပါးများကို လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက စတင်စမ်းသပ် စိုက်ပျိုးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း ဦးမောင်ထွီးက ဆက်လက်ပြောကြားသည်။ ယင်းသို့ အောင်မြင်မှုမရရှိခြင်းမှာ တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရန် အရင်းအနှီးမရှိခြင်းနှင့် ဆည်ရေပေးဝေမှု နောက် ကျခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဆည်ရေပေးဝေရာတွင် ဇန်နဝါရီလလယ်မှသာ ပေးလေ့ရှိသောကြောင့် စပါးစိုက်ချိန် နောက်ကျပြီး မိုးများသော ရခိုင်ဒေသ ရာသီဥတုအခြေအနေအရ နွေစပါးရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုကြောင့် စပါးများပိုးကျခြင်း၊ ရိတ်သိမ်းရခက်ခဲခြင်းတို့ဖြစ်ကာ အောင်မြင်မှုမရရှိခဲ့ဘဲ တောင်သူများအနေဖြင့်လည်း နွေစပါးစိုက်ပျိုးရန် စိတ်ဝင်စားမှုနည်းပါးသွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင် ဆည်သုံးခုရှိပြီး ဇီးချောင်းဆည်နှင့် ပြိုင်းချောင်းဆည်နှစ်ခုကိုသာ အားထားပြီးအသုံးပြုနေကြရကြောင်း သိရသည်။

ယခုနှစ်အတွင်း ကျောက်တော်ဒေသမှ တောင်သူများအနေဖြင့် နွေစပါးဧက ၅၀၀ စိုက်ပျိုးရန် အဆိုပါတွေ့ဆုံပွဲ၌သဘောညီချက်ရရှိခဲ့ပြီး လိုအပ်သော မျိုးစပါးများကို ကစ္ဆပအားမာန်ကုမ္ပဏီမှ ပံ့ပိုးပေးသွားမည်ဖြစ်ကာ ပြည်နယ်အစိုးရက နည်းပညာ၊ စက်ကိရိယာနှင့် ဓာတ်မြေသြဇာများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်လွင်က ပြောသည်။

"ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဇွန် ၃ ရက်က ဝန်ကြီးများ အစည်းအဝေးမှာ တောင်သူများရဲ့လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့အတွက် ကျွန်တော်ရယ် နောက်ဝန်ကြီးနှစ်ပါး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေပါဝင်တဲ့ ရခိုင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ တောင်သူတွေရဲ့တင်ပြချက်တွေကို ကွင်းဆင်းလေ့လာပြီး အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်လာရင် ပြည်ထောင်စုအဆင့်ကို တင်ပြပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟုလည်း ဝန်ကြီးက ပြောသည်။

တွေ့ဆုံပွဲ၌ ကစ္ဆပအားမာန်ကုမ္ပဏီမှ အရန်မျိုးစပါး တင်း ၁၀၀ ကို အစိုးရအဖွဲ့ထံသို့ ပေးအပ်ခဲ့ပြီး စပါးစိုက်ပျိုးရာသီတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားပါက တောင်သူများလက်ထဲသို့ မျိုးစပါးများ အချိန်မီထောက်ပံ့ပေးအပ်နိုင်ရန်အတွက် လျာထားခြင်းဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က တိုက်ခတ်ခဲ့သော ကိုမန်မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်တစ်ဝှမ်း ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး စိုက်ပျိုးထားသော မိုးစပါးများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ရေလွှမ်းမိုးပြီးနောက် စပါးများ ပြန်လည်စိုက်ပျိုးရာတွင် မျိုးစပါး အခက်အခဲကြောင့် စိုက်ပျိုးမှုနောက်ကျခဲ့ပြီး အထွက်နှုန်းများကျဆင်းသွားကာ အချို့တောင်သူလယ်သမားများမှာ ယခုအချိန်ထိ စိုက်ပျိုးရေးဘဏ်ချေးငွေများကို အကျေအလည်ပေးဆပ်ရန် အခက်အခဲရှိနေသေးကြောင်းလည်း တောင်သူတစ်ဦးက ပြောသည်။



"ဖြစ်နေတာက ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့တွေက တောင်သူတွေလည်း စိုက်ပျိုးစရိတ်ချေးငွေတွေကို အကျေအလည်မဆပ်နိုင်ကြသေးပါဘူး။ တချို့တောင်သူတွေကတော့ ကိုယ့်ဆီမှာရှိတဲ့ ကျွဲနွားတချို့ကို ရောင်းချပြီး ပြန်ဆပ်တာတွေ ရှိပါတယ်။ တချို့က ပြင်ပက ငါးကျပ်တိုးနဲ့ ငွေချေးပြီး ပြီးခဲ့တဲ့နှစ်က ချေးတဲ့ တစ်သိန်းကို ပြန်ဆပ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဘဏ်က ယခုနှစ်ချေးတဲ့ တစ်သိန်းခွဲကို ပြန်လည်ချေးယူနေကြတဲ့ သူတွေလည်း ရှိပါတယ်"ဟု ကျောက်တော်မြို့နယ်မှ လယ်ယာလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**မြတ်ဝေ**

## မိုးကြိုပဲတီစိမ်းများ ဖြစ်ထွန်းသော်လည်း သီးနှံပေါ်ချိန် ဈေးလျှော့နေ

**ကနီ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း စိုက်ပျိုးခဲ့သော မိုးကြိုပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းသော်လည်း သီးနှံပေါ်ချိန်တွင် ဈေးလျှော့ကျနေသဖြင့် ဈေးကောင်းရရန် တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

ကနီမြို့နယ် သရက်ပင်ကျေးရွာ ကွင်းအမှတ်(၁၂၈၃)(ဂ)၌ တောင်သူများအနေဖြင့် နှစ်စဉ်လေးလက်မပိုက်တွင်းများဖြင့် ရေများတင်ကာ မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် သီးနှံများရိတ်သိမ်းနေကြပြီဖြစ်သည်။

ဒေသခံ ပဲစိုက်တောင်သူတစ်ဦးက အဆိုပါ ကွင်းအမှတ်(၁၂၈၃)(ဂ)တွင် ယခင်နှစ်က ဆောင်းသီးနှံများရိတ်သိမ်းပြီးချိန် မတ်လကုန်နှင့် ဧပြီလဆန်းမှစတင်၍ မိုးကြိုမြေပဲနှင့် ရေဆင်း(၁၁) ပဲတီစိမ်းများကို ရေတင်ကာ တောင်သူအားလုံးနီးပါး စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ၂၈၂ ဧကရှိကိုင်းကျွန်းမြေများပေါ်၌ ရေဆင်း(၁၁)၊ ရေဆင်း(၁၄)နှင့် အိန္ဒိယပဲတီစိမ်းများအပြင် အချိန်တိုအတွင်း ဝင်ငွေများနိုင်သည့် အထွက်တိုးနွေမတ်ပဲကို စမ်းသပ်၍ စတင်စိုက်ပျိုးခဲ့ကြကြောင်း၊ မေလနောက်ဆုံးပတ်တွင် မုန်တိုင်းနောက်ဆက်တွဲ မိုးများရွာသွန်း၍ အရင်စိုက်ပျိုးရသူများမှာ ပဲများအထွက်ကောင်းကြကြောင်း၊ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးအနည်းငယ်လျှော့ကျနေသဖြင့် တောင်သူများအနေဖြင့် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း ပြောကြားသည်။

ကနီမြို့နယ်အတွင်း ပြီးခဲ့သည့်နွေရာသီက သီးနှံများ စိုက်ပျိုးရာတွင် အယ်နီညိုရာသီဥတု ကြုံတွေ့ခဲ့ရခြင်းနှင့် မေလနောက်ဆုံးပတ်တွင် မုန်တိုင်းဒဏ်ကြောင့် မိုးရွာသွန်းခဲ့ခြင်းတို့ကြောင့် စိုက်ချိန်နောက်ကျသော ပဲတီစိမ်းစိုက်ခင်းများမှ အပင်များတွင် အရွက်ဝါခြင်းများ ဖြစ်လျက်ရှိကာ တောင်သူများ ဆောင်ရွက်ရမည့်အချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးသန့်ဇင်က ဇွန် ၅ ရက်က ကွင်းဆင်း၍ အသိပေးရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မူလတန်းလွန်ကျောင်း အဆင့်တိုးဖွင့်နိုင်၍ ကျောင်းသား ကျောင်းသူများ ပညာရေးအဆင်ပြေ

**မကွေး ဇွန် ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဇီးကျွန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် ပညာရေးဦးစီးဌာနက အဆင့်တိုးမြှင့်အသိအမှတ်ပြု ဖွင့်လှစ်ထားပြီဖြစ်သဖြင့် စတုတ္ထတန်း အောင်မြင်သည့် ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများ ဆက်လက်ပညာသင်ကြားရန် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အထိ အဆိုပါကျောင်းတွင် မူလတန်းအဆင့်သာ ပညာသင်ကြရသောကြောင့် ပဉ္စမတန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများမှာ ရွှေကျင်၊ ပုထိုး၊ မကြီးကန်ကျေးရွာများတွင် ပညာသင်ကြရပြီး အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုနှစ်မှစ၍ အခြေခံမူလတန်းလွန်ကျောင်းအဖြစ် စတင်ဖွင့်လှစ်ခြင်းဖြစ်၍ ပဉ္စမတန်းမှစပြီး ပညာသင်ပေးကာ လာမည့်နှစ်တွင် ဆဋ္ဌမတန်းစသည့်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် သင်ပေးသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာကြည်က ပြောသည်။ ဇီးကျွန်းကျေးရွာ မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် မကွေးမြို့နယ် ပညာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ဇွန် ၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

**ဇွဲထက်ရှင်**

## မန္တလေးမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၇**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် ပတ်ဝန်းကျင်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲဆုရရှိသူများအား ဆုပေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်း၌ ဇွန် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ကမ္ဘာ့ဒေသအသီးသီးတွင်တည်ရှိနေသော တောရိုင်းတိရစ္ဆာန်နှင့် အပင်အစရှိသည့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများအတွက် အစားအစာ၊ လောင်စာ၊ သစ်၊ ဝါး အစရှိသည့်ကုန်ကြမ်းများ အခြေခံဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးနေသော စနစ်များဖြစ်ကြောင်း အဆိုပါ ဂေဟစနစ်များသည် လူသားများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် အထောက်အပံ့များဖြစ်ကြောင်း၊ ဂေဟစနစ်များသည် ရေနှင့်လေကို သန့်စင်ပေးခြင်း၊ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း၊ ရေလွှမ်းမိုးမှုများကို လျော့နည်းစေခြင်း၊ မုန်တိုင်းဒဏ်မှ အကာအကွယ်ပေးနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို အကာအကွယ်ပေးနိုင်ခြင်း၊ ရာသီဥတု ထိန်းညှိမှုပေးနိုင်ခြင်း၊ အပန်းဖြေနိုင်ခြင်း၊ သဘာဝအလှအပများ ပေးစွမ်းနိုင်ခြင်း အစရှိသည့်ကျေးဇူးများပေးနိုင်ကြောင်း၊ ဂေဟစနစ်များ ရေရှည်တည်တံ့နိုင်စေရန် တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ ဟန်ချက်ညီမျှစွာ အပြန်အလှန်မှီခိုရေးမှာ အလွန်အရေးကြီးကြောင်း၊ ပြုပြင်ထိန်းသိမ်းရေး မဆောင်ရွက်နိုင်လျှင် လုံးဝပျောက်ကွယ်ခြင်းသို့ ရောက်ရှိသွားမှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစဉ်ထာဝရဖွံ့ဖြိုးတိုးတက်မှုရှိစေရန် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်ပယ်သုံးရပ် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့လိုကြောင်း၊ ကုလသမဂ္ဂမှထုတ်ပြန်သည့် အစီရင်ခံစာအရ နေအိမ်ပြင်ပ လေထုညစ်ညမ်းမှု (Outdoor Air Pollution)ကြောင့် နှစ်စဉ် လူလေးသန်းခန့် အသက်ဆုံးရှုံးနေရကြောင်း၊ အဆိုပါပမာဏသည် အေအိုင်ဒီအက်(စ်)၊ ငှက်ဖျားနှင့် တီဘီရောဂါသုံးမျိုးကြောင့် အသက်ဆုံးရှုံးမှုထက် ပိုမိုများပြားကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးကလည်း လူသားများသည် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်လာရာ စက်မှုတော်လှန်ရေး စတင်ချိန်မှ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာသော်လည်း ၁၉၅၀ ခုနှစ်ကျော်မှ စတင်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် ညစ်ညမ်းမှုပြဿနာများကို သိသာစွာ ကြုံတွေ့လာရသည့်အတွက် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရေးအတွက် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကုလသမဂ္ဂမှကြီးမှူးပြီး ပထမအကြိမ် "လူသားပတ်ဝန်းကျင်ညီလာခံ" (United Nation Conference on Human Environment) ကို ကျင်းပခဲ့ကြောင်း၊ အဆိုပါညီလာခံသည် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန် ပထမဦးဆုံးကျင်းပသည့် သမိုင်းဝင်ညီလာခံဖြစ်သည့်အတွက် ဇွန် ၅ ရက်ကို "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"အဖြစ် သတ်မှတ်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထိခိုက်ပျက်စီးမှုပြဿနာများအပေါ် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများ အာရုံစိုက်လာစေရန်နှင့် အခြေအနေ အချိန်အခါအပေါ်မူတည်ပြီး နှစ်အလိုက်ဖြစ်ပွားနေသော အရေးကြီးပြဿနာများ၊ စိန်ခေါ်မှုများကို ပိုမိုသိရှိကာ အလေးထားဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကို ၁၉၇၄ ခုနှစ်မှစတင်၍ နှစ်စဉ် သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း၊ ၁၉၈၇ ခုနှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာအခမ်းနားများကို နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် နှစ်စဉ်လှည့်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအခမ်းအနားကို အင်ဂိုလာနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆောင်ပုဒ်အဖြစ် (The Fight against the illegal trade in wildlife) "တို့ကမ္ဘာမြေ ဂေဟစနစ်ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့"ဟု သတ်မှတ်ထားကာ ကြွေးကြော်သံဆောင်ပုဒ်အဖြစ် (Go Wild for life) "သက်ရှိဘဝတည်မြဲဖို့ လူ့ပယောဂကင်းတဲ့ သဘာဝစနစ်နဲ့အတူ လျှောက်လှမ်းစို့" ဟု သတ်မှတ်ထားကြောင်း ရှင်းလင်းပြောကြားသည်။




ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ပြီး အထက(၂၆) ကျောင်းဝန်းအတွင်း၌ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

**အေးမြ(မန္တလေး)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**မင်းကင်း ဇွန် ၇**

ကလေးခရိုင် မင်းကင်းမြို့နယ် သဘော်ာကျေးရွာ စာသင်ကျောင်းဝင်းအတွင်း၌ ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို မင်းကင်းမြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ယူ၍ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုး၊ သစ်တောဦးစီး အရာရှိ ဦးအုံ့ဇော်ထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက မှောက်ငိုပင် ၂၀၀၊ ကျွန်းပင် ၃၅၀၊ ပျဉ်းကတိုးပင် ၁၅၀ စုစုပေါင်း အပင် ၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျွဲ၊ နွားကောင်ရေ တစ်သောင်းခွဲနီးပါးကို ရောဂါကာကွယ်ဆေးသုံးမျိုး အခမဲ့ထိုးပေးနိုင်ခဲ့

**မတ္တရာ ဇွန် ၇**

မတ္တရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ရက် ၁၀၀ စီမံချက်အရ မတ္တရာမြို့နယ်အတွင်းရှိ ကျွဲ၊ နွားများတွင် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ရောဂါကာကွယ်ဆေးများကို မေလအတွင်းက စတင်ထိုးနှံပေးခဲ့ရာ ယခုအခါ စုစုပေါင်း ကျွဲ၊ နွား ကောင်ရေ တစ်သောင်းခွဲနီးပါးကို ကာကွယ်ဆေးများ ထိုးနှံပေးထားပြီဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးများထိုးပေးရာတွင် မတ္တရာမြို့နယ်အတွင်း ကျေးရွာပေါင်း ၅၈ ရွာမှ ကျွဲ၊ နွားကောင်ရေ ၅၀၀၀ ကို ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ပြီး ကျွဲ၊ နွားကောင်ရေ ၆၄၅၀ ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးနှင့် ကျွဲ၊ နွားကောင်ရေ ၃၄၀၀ ကို ဒေါင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးနိုင်ခဲ့ရာ စုစုပေါင်း ကျွဲ၊ နွားကောင်ရေ ၁၄၈၅၀ ကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မတ္တရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အရ ကာကွယ်ဆေးများ ထိုးပေးခြင်းအပြင် ကျွဲ၊ နွားကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် ဒေသခံပြည်သူများအား ပညာပေး ဟောပြောခြင်းများကိုလည်း မြို့နယ်အတွင်းမှ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကျေးရွာသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်လှူဒါန်း

**မြိုင် ဇွန် ၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မင်းသားကျကျေးရွာအုပ်စု မင်းသားကျ(မြောက်)ကျေးရွာ၌ ပြည်သူများ သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် စက်ရေတွင်းနှင့် ရေစက်၊ ရေကန်များကို မန္တလေးမြို့မှ ဦးမင်းဆွေ၊ ဒေါ်ခင်ထွေး ဖောင်ဒေးရှင်းမိသားစုက ဇွန် ၅ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

စက်ရေတွင်းကို မေ ၁၁ ရက်က စတင်တူးဖော်ခဲ့ပြီး လေးလက်မစက်ရေတွင်းဖြစ်ကာ မေ ၂၃ ရက်တွင် အောင်မြင်စွာ တူးဖေါ်နိုင်ခဲ့ကြောင်း၊ ရေတွင်းအနက်မှာ ပေ ၆၃၀ ရှိပြီး တစ်နာရီရေဂါလန် ၂၅၀၀ နှုန်း ထွက်ရှိကြောင်း၊ စက်ရေတွင်းအစုံနှင့်အတူ မီးစက်တစ်လုံး၊ ၄၀၀၀ လီတာဆံ့ စတီးရေကန်တစ်ကန်တို့ကိုလည်း စုစုပေါင်း ၁၂၂ သိန်းကျော် အကုန်ကျခံလှူဒါန်းခဲ့၍ မင်းသားကျ(မြောက်)ကျေးရွာနေ အိမ်ထောင်စု ၃၂၀ မှ လူဦးရေ ၆၀၀ ကျော်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာ ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းနှင့် မီးစက်၊ ရေကန်များ လှူဒါန်းပွဲတွင် စက်ရေတွင်းသစ်ကို အလှူရှင်များ၊ မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စိမ်းစိမ်းမော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် မြေအလှူရှင် ဒေါ်သိန်းမိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အရိပ်ရသစ်ပင်များကို စက်ရေတွင်းဝင်းအတွင်း၌ အမှတ်တရ စိုက်ပျိုးခဲ့ကြသည်။

**အောင်ကျော်မြင့်**

# ပျက်စီးနေသည့်တံတားငယ်ကို ပြန်လည်ပြုပြင်ပေးရန် ခရီးသွားပြည်သူများလိုလားနေ

**ပုဗ္ဗသီရိ ဇွန် ၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း တပ်ကုန်းမြို့နှင့် ပုဗ္ဗသီရိမြို့ ဆက်သွယ်ထားသည့် သံကူကွန်ကရစ်ကားလမ်းပေါ် အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းအနီးရှိ (Box Curvelt)တံတားငယ် တစ်ခုတွင် ဘေးပေါင်နှင့် မြေထိန်းနံရံများ ပျက်စီးလျက်ရှိရာ ခရီးသွားပြည်သူများအတွက် အန္တရာယ်ရှိနိုင်သဖြင့် တံတားကို မိုးမကျမီကာလအတွင်း တာဝန်ရှိသူများက ပြန်လည်ပြုပြင်ပေးရန် ခရီးသွားပြည်သူများက လိုလားနေကြကြောင်း သိရသည်။



ပျက်စီးနေသည့်တံတားကို ဇွန် ၅ ရက်က မြင်တွေ့ရစဉ်

"ဒီလမ်းတံတားက ဘေးပေါင်နဲ့ မြေထိန်းနံရံတွေ ပျက်စီးနေတဲ့အတွက် ကားနဲ့ဆိုင်ကယ်တွေ ဖြတ်သန်းသွားလာရာမှာ အန္တရာယ်များပြားလှပါတယ်။ ပြန်လည်ပြုပြင်မယ်ဆိုရင်တောင် မိုးအလယ်မရောက်ခင် အမြန်ပြုပြင်နိုင်မှ အဆင်ပြေမှာပါ။ မိုးရွာတဲ့အခါ ရေစီးနဲ့ အောက်ခံမြေတွေပါသွားပြီး သံကူကွန်ကရစ်လမ်း ကျိုးပဲ့ပျက်စီးနိုင်ပါတယ်။ အခုလည်း ညအချိန်မှာ ကားနဲ့ဆိုင်ကယ်တွေ ဖြတ်သန်းသွားလာရာမှာ သတိနဲ့ မောင်းနှင်သွားလာမှ အန္တရာယ်ကင်းမယ့် နေရာတစ်ခုဖြစ်နေပါတယ်။ ဒီတံတားဘေးပေါင်နှင့် မြေထိန်းနံရံတွေ အမြန်ဆုံးပြုပြင်ပေးဖို့ မျှော်လင့်နေပါတယ်"ဟု တပ်ကုန်းမြို့မှ ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

**တင်စိုးလွင်**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**မြင်းခြံ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်များကို ဇွန် ၅ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြင်းခြံမြို့နယ် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို 'တို့ကမ္ဘာမြေ ဂေဟစနစ်ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့'ဟူသော ခေါင်းစဉ်ဖြင့် ကမ္ဘာအနှံ့တွင် ကျင်းပကာ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ခဲ့ပြီး မြို့နယ်အသီးသီးတွင် အခမ်းအနားများ၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**




# မြို့သန့်ရှင်းရေးအတွက် အမှိုက်သိမ်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**မဒေါက် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် တူးဖော်ခြင်းတို့ကို ဇွန် ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်နှင့် အဖွဲ့ဝင်များ၊ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စည်ပင်ရုံးဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ မဒေါက်မြို့ တိုက်နယ်ဆေးရုံဝန်းအတွင်း အပြင်၌လည်းကောင်း၊ မြို့မ(၂)ရပ်ကွက် ကမ်းနားလမ်းတွင်လည်းကောင်း၊ အမှိုက်များ သိမ်းဆည်းခြင်း၊ ခြုံနွယ်များ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန် ပညာပေးမှုများ ပြုလုပ်ခဲ့သည်။



အလားတူ ညောင်လေးပင်မြို့၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်း များကို မေ ၁၉ ရက်က ပြုလုပ်ခဲ့ကာ ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများနှင့် ပြည်သူများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း မိတ္ထီလာမြို့နယ်၌ဖွင့်လှစ်

**မိတ္ထီလာ ဇွန် ၇**

မိတ္ထီလာမြို့နယ်အတွင်းမှ ဒေသခံတောင်သူများကိုယ်တိုင် လယ်ယာသုံးစက်ကိရိယာများကို မောင်းနှင်အသုံးပြုတတ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ချက်ဖြင့် လယ်သုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ်(၁/ ၂၀၁၆)ကို မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ ဇွန် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မိတ္ထီလာ စက်မှုလယ်ယာ(ဗဟို)သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်စိုးက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများအကြောင်းကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဝင်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတက်ရောက်ခွင့်ရရှိသည့် ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းကို ဇွန် ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ညောင်ပင်သာ၊ တလင်းကုန်း၊ မကျီးပင်ပု၊ ဖက်တော၊ ကံဦးစံပြစသည့် ကျေးရွာများမှ ဒေသခံတောင်သူ သင်တန်းသား ၃၀ ဦး တက်ရောက်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

**မိုးကုတ်**

မိုးကုတ်မြို့ အုန်းကိုင်းရပ်ကွက်နေ ရပ်ကွက်နေပြည်သူများမှီခိုအားထားရာ ရေထွက်နေရာတစ်ခုဖြစ်သည့် ရေဦးရေထွက် ရေရှည်ကောင်းမွန်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် သစ်ပင်ပျိုးပင်များကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန် ၅ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

လာရောက်၍ သစ်ပင်စိုက်ပျိုးသည့် အုန်းကိုင်းရပ်ကွက်သား တစ်ဦးက "ကျွန်တော်တို့ ရပ်ကွက်ထဲကလူတွေက ဒီရေဦးရေထွက်နေရာကို အခုအခြေအနေထက် ပိုကောင်းပြီး သစ်ပင်တွေနဲ့ စိမ်းစိုနေတာ၊ တစ်နှစ်ပတ်လုံး ရာသီမရွေး စိမ့်စမ်းရေထွက်တာမျိုးကို လိုချင်ကြတာပါ။ ဒါကြောင့် ရွာသားတွေ စည်းဝေးတိုင်ပင်ပြီး မြို့နယ်သစ်တောဦးစီးဌာနနဲ့ ချိတ်ဆက်ကြည့်တော့ သစ်ပင်တွေ စိုက်ချင်တယ်ဆိုရင် ပျိုးပင်တွေလည်း အခမဲ့ပံ့ပိုးပေးပြီး နည်းစနစ်ကျ စိုက်ပျိုးတတ်ဖို့ပါ ဝိုင်းဝန်းကူညီပေးမယ်ဆိုတာနဲ့ လာစိုက်ကြတာပါ။ ရပ်ကွက်ထဲက တစ်အိမ်တစ်ယောက်ဆင့်ပြီး အားလုံးတက်ညီလက်ညီပါပဲ။ ခြံနွယ်ရှင်းသူကရှင်း၊ စိုက်သူကစိုက် လုပ်နေကြတာပါ။ ကွက်လပ်နေရာတွေနဲ့ စိုက်လို့ရတဲ့ အပင်ကြားမှန်သမျှကို စိုက်ကြမှာပါ"ဟု ပြောသည်။

ရေဦးရေထွက်၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ရာတွင် အုန်းကိုင်းကျေးရွာမှ ရွာသူရွာသားများက မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ ကူညီလမ်းညွှန်မှုဖြင့် ထင်းရှူး၊ ရေသင်းဝင်၊ ချယ်ရီ၊ စိန်ပန်းပြာနှင့် ယူကလစ် ပျိုးပင်ပေါင်း ၁၂၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြကြောင်းသိရသည်။

**နေဝါ(မိုးကုတ်)**

**ငါန်းဇွန်**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ခြသေ့်လက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်လည်းကောင်း သစ်ပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျောင်းဝင်းအတွင်း၌ အရိပ်ရသစ်ပင်များဖြစ်သည့် မယ်ဇလီပင် ၁၀၀၊ တမာပင် ၅၀၊ ကုက္ကိုပင် ၅၀ နှင့် ရှားပင် ၅၀ တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမင်းမင်းသိုက်နှင့် ဝန်ထမ်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ခြသေ့်လက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိချောနှင့် ဆရာဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ဖောင်တော်ဦးစေတီဘုရားပွဲနီးလာသော်လည်း ဂေါပကအဖွဲ့မရှိသေးသဖြင့် ဂေါပကအဖွဲ့သစ် အမြန်ဆုံးဖွဲ့ပေးရန် မြို့နေပြည်သူများလိုလားနေ

**မိတ္ထီလာ ဇွန် ၇**

မိတ္ထီလာမြို့ မင်းရပ်ကွက်ရှိ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဘုရားပွဲကျင်းပမည့်အချိန် နီးလာချိန်တွင် ဘုရား၌ ဂေါပကအဖွဲ့မရှိသဖြင့် အမြန်ဆုံးဖွဲ့ပေးရန် ဒေသခံပြည်သူများ လိုလားနေကြကြောင်း သိရသည်။

မိတ္ထီလာ ဖောင်တော်ဦးစေတီသည် သက္ကရာဇ် ၄၇၃ ခုနှစ်က အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော သမိုင်းဝင်စေတီဖြစ်ပြီး မိတ္ထီလာတောင်ကန်၏ အရှေ့ဘက်ကမ်းနဖူး မင်းရပ်ကွက်တွင် တည်ရှိသည်။ သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနီယပွဲတော်အဖြစ် ဆွမ်းသပိတ်လောင်းလှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် နှစ်စဉ်တော်သလင်းလဆန်း ၁၀ ရက်မှ တော်သလင်းလပြည့်နေ့အထိ စည်ကားစွာကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၁၃၀ ကျော်ရှိလာခဲ့ပြီဖြစ်သည်။

ဘုရားပွဲတော်ကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကလည်း မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒကိုခံယူ၍ ခရိုင်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှု၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်ကွပ်ကဲမှု၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့၏ လုံခြုံရေးတာဝန်ယူမှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပါဝင်မှုဖြင့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ကုန်းပွဲ၊ ရေပွဲဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ယခုအခါ နှစ်စဉ်ကျင်းပသော တော်သလင်းလ ဖောင်တော်ဦးဘုရားပွဲတော် ကျင်းပရန် သုံးလခန့်သာ လိုတော့သည်။ ယခင်နှစ်က ဂေါပကအဖွဲ့မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နုတ်ထွက်သွားပြီဖြစ်သည်။ သို့သော် ယနေ့ထက်တိုင် ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့သစ်ကို မဖွဲ့သေးသဖြင့် ယခုနှစ် ဖောင်တော်ဦးဘုရားပွဲတော် မဖြစ်မည်ကို မြို့နေပြည်သူလူထုက စိုးရိမ်ပူပန်နေကြသည်။ ထို့ကြောင့် မြို့နယ်သံဃနာယကအဖွဲ့က ဦးစီး၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကာ ဘုရားပွဲတော်ကျင်းပနိုင်ရေးအတွက် ဂေါပကအဖွဲ့သစ် အမြန်ဆုံးဖွဲ့ပေးရန် မြို့လူထုကလိုလားနေကြသည်။

မိတ္ထီလာဖောင်တော်ဦးဘုရားမှာ သမိုင်းဝင်ဘုရားပွဲဖြစ်၍ ကုန်းပွဲ၊ ရေပွဲ၊ ခြားရဟတ်၊ နယ်လှည့်ဈေးသည် ၁၀၀၀ ကျော်တို့ဖြင့် အထူးစည်ကားသောပွဲဖြစ်သည်။ ဘုရားဂေါပကအဖွဲ့အတွက်လည်း နှစ်စဉ် ဘဏ္ဍာငွေများ သိန်းရာချီ၍ရသော ဘုရားပွဲဖြစ်ကြောင်း သိရသည်။

ယခင် ဂေါပကအဖွဲ့လက်ထက်တွင် လှေပြိုင်ပွဲကျင်းပရန် တစ်စီးလျှင် ကျပ် ၁၂၅၀၀၀ နှုန်းဖြင့် ၂၅ သိန်း ပေးဝယ်ထားသော ဖိုက်ဘာလှေနှစ်စီးမှာလည်း လှော်၍မရသဖြင့် သည်အတိုင်း ပစ်ထားရကြောင်းနှင့် ဆွမ်းချက်ဆောင်အသစ် ဆောက်လုပ်ရာတွင်လည်း ဆောက်လုပ်ပြီးမှ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဆောက်လုပ်ခွင့်မပေးသဖြင့် ဘုရားဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးသွားခဲ့ဖူးကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# ရက် ၁၀၀ စီမံချက်အရ လမ်းပြုပြင်မှုများ စုပေါင်းဆောင်ရွက်

**ဖြူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ မြို့ပေါ်ရပ်ကွက်များမှ လမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရက် ၁၀၀ စီမံချက်အရ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ မေလတတိယပတ်အတွင်းမှ စတင်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်ပြီး မြို့ပေါ်ရပ်ကွက် ၁၁ ခုမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များအတွင်း လမ်းများတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှုမဖြစ်ပွားရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အနိမ့်ပိုင်းရပ်ကွက်များမှ ရေဝပ်သောလမ်းများကို အများပြည်သူသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ကျောက်စရစ်မြေများဖို့ပေးခြင်းနှင့် ပြုပြင်ခြင်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ဖြူးမြို့မြို့မအနောက်ရပ်ကွက်မှ အနိမ့်ပိုင်းလမ်းတစ်ခုဖြစ်သော အကျယ် ၁၂ ပေ၊ အရှည် ၁၅၀ ပေရှိ ကော်ပတ်ခြံ(၁၄)လမ်းတွင် မိုးရွာသည့်အခါ ရေများဝပ်၍ ပြည်သူများ သွားလာရေးခက်ခဲမှုရှိနေသဖြင့် ဇွန် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်စရစ်လမ်းခင်းမြေများကို ကားလေးစီးတိုက် လာရောက်ချပေးခဲ့ကာ ရပ်ကွက်နေပြည်သူများ စုပေါင်းလုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုး၍ လမ်းမြေဖို့ပြုပြင်ခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**






## မြေငှားစာချုပ်(ဂရန်)ပေးရန်အတွက် ကန့်ကွက်လွှာ ခေါ်ယူသည့်ကြော်ငြာစာ

**(အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေပုဒ်မ ၁၉(၁)နှင့်(၂)အရ)**

**မုံရွာခရိုင်၊ မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်၊ ၃/၃၃ နန္ဒဝန်၊ ဦးပိုင်အမှတ် (၂၅လမ်း ၂၃)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ အောက်ပါ နယ်နိမိတ်ပိုင်းခြားထားသည့်မြေကို မြေငှားစာချုပ်ဂရန် လျှောက်ထားလာပါသည်။**

- အရှေ့လားသော် - ဦးလှိုင်ထွန်းအောင်
- အနောက်လားသော် - ဦးဇော်လင်းမောင်
- မြောက်လားသော် - ဦးကိုအောင်
- တောင်လားသော် - ၂၅လမ်း

ယခုမြေကွက်ကို မည်သည့်အတွက် မြေငှားစာချုပ်(ဂရန်)မပေးသင့်ကြောင်း ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူကိုမဆို သိစေအပ်သည်မှာ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်နေ့ (သို့မဟုတ်) ထိုနေ့မတိုင်မီ ပေးပို့ရမည့် ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ ပြည့်သည့်နောက်ပိုင်းတွင် ပေးပို့မည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်ရက် (သို့မဟုတ်)ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက အဆိုပါမြေကို မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးမည်ဖြစ်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့**

## မြေငှားစာချုပ်(ဂရန်)ပေးရန်အတွက် ကန့်ကွက်လွှာ ခေါ်ယူသည့်ကြော်ငြာစာ

**(အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေပုဒ်မ ၁၉(၁)နှင့် (၂)အရ)**

**မုံရွာခရိုင်၊ မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ် (၈၉-အင်းစပ်)၊ ဦးပိုင်အမှတ် (၁၄၀)၊ ဧရိယာ ၀ဒသမ ၀၄၉ဧကရှိ အောက်ပါ နယ်နိမိတ်ပိုင်းခြားထားသည့်မြေကို မြေငှား စာချုပ်ဂရန် လျှောက်ထားလာပါသည်။**

- အရှေ့လားသော် - ဦးသောင်း
- အနောက်လားသော် - မီးရထားလမ်း
- မြောက်လားသော် - ဦးကျင်ခဲ
- တောင်လားသော် - ဦးသိန်း

ယခုမြေကွက်ကို မည်သည့်အတွက် မြေငှားစာချုပ်(ဂရန်)မပေးသင့်ကြောင်း ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူကိုမဆို သိစေအပ်သည်မှာ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ပြည့်မြောက်သည့်နေ့(သို့မဟုတ်)ထိုနေ့မတိုင်မီပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း(၃၀)ပြည့်သည့်နောက်ပိုင်းတွင် ပေးပို့မည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်ရက်(သို့မဟုတ်)ထို့နေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက အဆိုပါမြေကို မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးမည် ဖြစ်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းထွန်းစန် ၁၀/ကမရ(နိုင်)၀၇၉၁၂၂၏ Passport(No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ (၂)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂၁နေ ဦးမြင့်သိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂-၁၉၆၀ ဖြစ်ပါကြောင်း။

**ဦးမြင့်သိန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆) ရပ်ကွက်၊ အကွက်အမှတ်(၁၁၁)၊ လှည်းစုအကွက်၊ ဦးပိုင်အမှတ် (၁၁၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ အစိုးရမြေအား ဦးမျိုးမင်းထွန်း အမည်ဖြင့် မြေနေရာချထား မိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅၅)၊ ဦးပိုင်အမှတ် (၄၃+၅၈)၊ ၅၈×၅၉ ကြား၊ စံပြ×သခင်ဖိုးလှကြီးကြားရှိ ဦးကြည်မောင် အမည်ဖြင့် ချထားပေးသော မြေကွက်အားဦးကန်မင် ၉/မကန(နိုင်)၀၉၉၁၈၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည် ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

# မင်းကွတ်သီးဈေးကောင်းရနေ၍ စိုက်ပျိုးသူများအဆင်ပြေ



**ရေး ဇွန် ၇**

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်းမှ ထွက်ရှိသောရာသီပေါ်သီးနှံများအနက် မင်းကွတ်သီးများမှာ ဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိကာ စိုက်ပျိုးသည့်တောင်သူများမှာလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိအချိန်တွင် မင်းကွတ်သီးတစ်လုံးလျှင် ၈၀ ကျပ်အထိ ရရှိနေပြီး အရင်နှစ်များထက်ပို၍ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ ယခုနှစ် သီးနှံပေါ်သည့်ရာသီအချိန်တွင် မင်းကွတ်သီးထွက်ရှိမှုမှာ နည်းနေသေးသဖြင့် ဈေးကောင်းရနေခြင်းဖြစ်ကြောင်း မင်းကွတ်သီးခြံစိုက်ပျိုးထားသည့် ခြံရှင်တစ်ဦးက ပြောသည်။

ရေးမြို့နယ် သီးနှံဈေးကွက်တွင် မင်းကွတ်သီးများမှာ ကဆုန်လအတွင်းမှ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးမြို့များအထိ အဓိကတင်ပို့ရောင်းချနေရကြောင်း၊ ဝယ်လိုအားမြင့်တက်နေသော်လည်း အသီးဝင်ရောက်မှုက နည်းပါးနေသောကြောင့် ဈေးကောင်းရလျက်ရှိကြောင်း ရေးမြို့သစ်သီးအဝယ်ဒိုင်များမှ သိရသည်။

**နေမျိုးထွဋ်(ရေး)**

# သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် မဇ္ဈိမဝံသစာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြု

**တောင်ငူ ဇွန် ၇**

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် မဇ္ဈိမဝံသစာမေးပွဲများတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်းတိုက် စာရိတ္တဓမ္မကျောင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၁၇ ဦးအား ဂုဏ်ပြုပွဲကို တောင်ငူမြို့တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ရွှေဆံတော်မရမ်းကျောင်းတိုက်ဆရာတော်က ဩဝါဒကထာ ချီးမြှင့်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲဗဟိုမှ တာဝန်ခံဆရာတော်က ပြိုင်ပွဲဆိုင်ရာများ ရှင်းလင်းမိန့်ကြားကာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် စာရိတ္တဓမ္မကျောင်းကော်မတီဉက္ကဋ္ဌက လုပ်ငန်းဆိုင်ရာများနှင့် သင်တန်းမှူးဆရာမကြီးက စာမေးပွဲဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲတွင် ပထမဆုရ မရွှေရည်ပြည့်ဖြိုး၊ ဒုတိယဆုရ မဇာခြည်ဝင်း၊ စတုတ္ထဆုရ မလပြည့်သန့်နှင့် မဇ္ဈိမဝံသဗုဒ္ဓယဉ်ကျေးမှုစာမေးပွဲ အထက်တန်းအဆင့်တွင် တစ်နိုင်ငံလုံး ပထမဆုရ မောင်ဝေယံသူရိန်၊ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲမှ နှစ်သိမ့်ဆုရသူ လေးဦး၊ အထူးအောင် ငါးဦး၊ မဇ္ဈိမဝံသဗုဒ္ဓယဉ်ကျေးမှုစာမေးပွဲတွင် ဂုဏ်ထူးအောင်သုံးဦး၊ အထူးအောင်ဆု ကိုးဦး စုစုပေါင်း ၁၇ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(၁၁၅)**

# မူခင်းလျှော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြော

**သံဖြူဇရပ် ဇွန် ၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း မူခင်းဖြစ်ပွားမှုလျှော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို မြို့နယ်ရဲတပ်ဖွဲ့၏ ပြည်သူအကျိုးပြုလုပ်ငန်း ရက်၁၀၀ စီမံချက်အရ ဇွန် ၄ ရက်နှင့် ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို သံဖြူဇရပ်မြို့အောင်ဇေယျရပ်ကွက် ထားဝယ်လမ်း မူလတန်းလွန်ကျောင်း၌ ဇွန် ၄ ရက်က လည်းကောင်း၊ ကရုပ္ပိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၅ ရက်ကလည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်ပြီး သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆောင်ရွက်နေမှုနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှုများကို လည်းကောင်း၊ နယ်ထိန်းရဲတပ်ဖွဲ့ခေါင်းဆောင် ရဲအုပ်အေးမင်းထွန်းက မူခင်းဖြစ်ပွားမှုလျှော့နည်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရဲတပ်ဖွဲ့၏ မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် မော်လမြိုင် လူကုန်ကူးမှုတားဆီးရေးတပ်စုမှ ဒုရဲအုပ်ဌေးလွင်က နယ်စပ်ဒေသမှတစ်ဆင့် တစ်ဖက်နိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းမှ လူကုန်ကူးခံရခြင်း၊ ရောင်းစားခံရခြင်း ဖြစ်စဉ်များနှင့် ကြုံတွေ့ကာ အတိဒုက္ခရောက်ကြရသည့် ဖြစ်ရပ်များကို ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပြီး ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ကျော်ဝင်း(ပြန်/ဆက်)**







ဟိုက်ဒြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035882, 09 73199410
09 420035884, 09 73199257

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/9856 Toyota Vitz KSP 90 , H/B (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာသန်း ၁၂/မဂဒ(နိုင်)၀၉၁၈၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/4970 HONDA FIT, GE6, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုထွေး ၁၃/ကလန(နိုင်)၀၅၈၅၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**






## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဆေးရုံအုပ်ကြီးရုံး
## ဘားအံမြို့-ပြည်နယ်ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပထမအရစ်အဖြစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။ FDA အသိအမှတ်ပြုဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ** - ၁၃-၆-၂၀၁၆ ရက်မှ
**ရောင်းချမည့်ရက်** ၂၄-၆-၂၀၁၆ ရက်အထိ

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၆-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ

၄။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်နယ်ဆေးရုံကြီး-ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၂၅၁**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လုပ်ငန်းသုံးစက်ကိရိယာများ
(ခ) ရုံးသုံးစက်ကိရိယာများ
(ဂ) လုပ်ငန်းသုံးပစ္စည်းများ
(ဃ) ရုံးအသုံးအဆောင်ပစ္စည်းများ

၂။ တင်ဒါပိတ်မည့်ရက်နှင့် အချိန် ၄-၇-၂၀၁၆ ရက် ၁၅း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

---

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)အတွက်
# သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်တွင် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ သက်မွေးပညာရပ်ဆိုင်ရာ သင်တန်းများကို ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ **လျှောက်ထားသူသည်-**
**(က)** မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
**(ခ)** အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူဖြစ်ရမည်။

၃။ အပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate)ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့်စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့်သင်တန်းကာလ**
**(က)** လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း
(သင်တန်းကာလ-၁ လ)
**(ခ)** ငါးဖိန်းသားဖောက်သင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်း
(သင်တန်းကာလ-၂ ပတ်)
**(ဂ)** တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း
(သင်တန်းကာလ-၁ လ)
**(ဃ)** အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း
(သင်တန်းကာလ- ၁လ)

**သင်တန်းဖွင့်လှစ်မည့်ရက်**
ဇွန် ၁၅ရက် ၂၀၁၆ ခုနှစ်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
ငါးလုပ်ငန်းဦးစီးဌာန ဖုန်း- ၀၉-၅၁၈၇၁၂၄
စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၈၂၀၈၄၀၀
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖုန်း-၀၉-၄၃၀၂၆၃၄၃၊ ၀၆၇-၄၀၉၂၄၃
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) ဖုန်း-၀၉-၅၂၁၅၆၄၉
[လျှောက်လွှာများကို ၁၃-၆-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။]

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံး ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်** - ၇-၆-၂၀၁၆ ရက် (အင်္ဂါနေ့)
**ရက်နှင့်အချိန်** နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဖုန်း-၀၆၇-၄၂၁၄၆၂**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဝယ်ယူရန်အတွက် FDA (အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ ရက်
ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၃၀၉**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ ရက်(ကြာသပတေးနေ့)
ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အသိပေးခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ၂၀၁၆ ခုနှစ် မေ ၂၉၊ ၃၀၊ ၃၁ ရက်များ၌ ခေါ်ယူခဲ့သည့် အသုံးပြုရန်လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ပါရှိသည့် ဖော်ပြပါ လုပ်ငန်း(၆)ခုအနက် အောက်ဖော်ပြပါ လုပ်ငန်း(၁)ခုအား သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းမှ အခြားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းမရှိသေးပါသဖြင့် တင်ဒါတင်သွင်းခြင်းကို ခေတ္တဆိုင်းငံ့ထားပြီး ဆက်စပ်အဖွဲ့အစည်း၏ လုပ်ငန်းများပြီးစီးသည့်အခါမှသာ သတင်းစာများမှ ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၃။ | နေပြည်တော် ပျဉ်းမနား၊ 315KVA Transfomer (ဓာတ်အားခွဲရုံတည်ဆောက်ခြင်း) | (၁) လုံး |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန(နေပြည်တော်)**
**ဖုန်း-၀၆၇-၄၁၀၂၅၃**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဆိုင်ရာဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါ တင်သွင်းလွှာပုံစံများ** - ၁-၆-၂၀၁၆ ရက်၊
**စတင်ရောင်းချရမည့်ရက်နှင့် အချိန်** နံနက် ၉း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါ** - ၂၈-၆-၂၀၁၆ ရက်၊
**ပိတ်မည့်ရက်နှင့် အချိန်** ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၁-၆-၂၀၁၆ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းစိစစ်ရေးကော်မတီ**
**စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၈၁-၂၁၂၁၀၄**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်၊ ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ဝယ်ယူရေးလုပ်ငန်းများ**

| | | |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးပစ္စည်း | ၃၈ မျိုး |
| ၂။ | လယ်ယာသုံးပစ္စည်းနှင့်အခြားစက်ကိရိယာပစ္စည်း | ၅၈ မျိုး |
| ၃။ | Air Con နှင့်အခြားပစ္စည်း | ၄ မျိုး |
| ၄။ | ရုံးသုံးစက်ကိရိယာပစ္စည်း | ၁၂ မျိုး |
| ၅။ | ရုံးသုံးပရိဘောဂ | ၂၆ မျိုး |

(ခ) **တည်ဆောက်ရေးလုပ်ငန်းများ**

| | | |
|---|---|---|
| ၁။ | တည်ဆောက်ရေးလုပ်ငန်း | ၁၅ ခု |
| ၂။ | ရေရရှိရေးလုပ်ငန်း | ၄ ခု |
| ၃။ | အဆောက်အအုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း | ၆ ခု |
| ၄။ | လျှပ်စစ်မီးလုပ်ငန်း | ၅ ခု |
| ၅။ | ကွန်ကရစ်ခင်းခြင်းနှင့်အုတ်ခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်း | ၁၅ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၆-၂၀၁၆ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၂၀-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၆၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အသိပေးခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ၂၀၁၆ ခုနှစ် မေ ၂၈၊ ၂၉၊ ၃၀ ရက်များ၌ ခေါ်ယူခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော အဆောက်အအုံနှင့် အခြားတည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း လုပ်ငန်း(၂၀) အနက် အောက်ဖော်ပြပါ လုပ်ငန်း(၄)ခုအား သက်ဆိုင်ရာဆက်စပ်အဖွဲ့အစည်းမှ အခြားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းမရှိသေးပါသဖြင့် တင်ဒါတင်သွင်းခြင်းကို ခေတ္တရပ်ဆိုင်းငံ့ထားပြီး ဆက်စပ်အဖွဲ့အစည်း၏ လုပ်ငန်းများပြီးစီးသည့်အခါမှသာ သတင်းစာများမှ ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁၂။ | နေပြည်တော် ပျဉ်းမနား(၄")ရေတွင်း ၄၈၀ ပေအနက်နှင့် ကွန်ကရစ်ရေသွင်းမြောင်း (၂၃၀၀)ပေ ဆောက်လုပ်ခြင်း | (၁)လုပ်ငန်း |
| ၁၃။ | နေပြည်တော် ပျဉ်းမနား ဂါလန်(၃၀၀၀)ဆံ့ အမြင့်ပေ ၄၀၊ RC ရေစင်(၂"Ø ပိုက် ၂၀၀၀ သွယ်တန်းခြင်း) | (၁)စင် |
| ၁၄။ | နေပြည်တော် ပျဉ်းမနား ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန် (ရေရရှိရေးလုပ်ငန်းပါ) | (၁)လုံး |
| ၁၅။ | နေပြည်တော် ပျဉ်းမနား ဂါလန်(၆၄၀၀)ဆံ့ အုတ်ရေကန် (အမိုး+ကန်ပတ်လည်အခင်းပါ) | (၁)လုံး |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန(နေပြည်တော်)**
**ဖုန်း-၀၆၇-၄၁၀၂၅၃**

---

## ဝန်ထမ်းအလိုရှိသည်

အမှတ် (၀၀၁)၊ တိုက် (A)၊ မြေညီထပ်၊ သစ်မင်းရိပ်သာ၊ သုမင်္ဂလာလမ်း၊ နန္ဒင်း ကုန်းရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၃၁၇၁၃၄၄၊ ၀၉၇၃၁၅၀၂၀၆၊ ၀၉၄၅၉၃၁၆၀၂၀
သတင်းစာတွင် ဖော်ပြသည့်နေ့မှ (၁) လအတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(1) Project Engineer — Male/Female (2 Post)
- B.E (Civil)

(2) Accountant — Female (1Post)
- B.Com/B.Econ/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး LCCI Level (3) အောင်မြင်ပြီးသူ။
- Microsoft Office, Advanced Excel
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိသူဖြစ်ရမည်။

(3) Marketing Executive — Female (3 Post)
- ဘွဲ့ရ အသက် (၃၅) နှစ်အောက်၊ စကားပြောပြေပြစ်သူ၊ ရုပ်ရည်အသင့်အတင့်ရှိသူ။

အထက်ဖော်ပြပါ ရာထူးများအားလုံးအတွက် ကွန်ပျူတာနှင့် အင်္ဂလိပ်စာ အခြေခံများရှိထားရန် လိုအပ်ပါသည်။ လျှောက်ထားလိုသူများသည် CV အပြည့်အစုံ၊ ဓာတ်ပုံ (၂)ပုံ၊ ပညာ အရည်အချင်း အောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လျှောက်ထားနိုင်ပါသည်။ (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။)

---

# အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ကျိုက်ထိုမြို့နယ် တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုလျှောက်လွှာအမှတ်(၁)

ဦးကြည်မိုး **နှင့်** (၁) ဒေါ်မိုးသီတာဦး၊ (၂) ဒေါ်မိုးမိုး
**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းတွင် နေထိုင်သူ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်မိုးမိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါသူ ဦးကြည်မိုးမှ ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ ၅၈ အရ ပြည်တော်ဝရမ်းခွာပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် ဇွန် ၂၄ရက် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) နံနက် ၁၀း၃၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေက ဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**ကျိုက်ထိုမြို့နယ်တရားရုံး**

---

# တိုက်ခန်းငှားမည်

အင်းစိန် အောင်ဇေယျတံတားအနီး လှိုင်မြစ်လမ်း၊ မြေညီထပ်၊ တစ်သိန်းခြောက်သောင်း၊ နှစ်သိန်း၊ နှစ်သိန်းခြောက်သောင်း

**ဖုန်း-၀၉-၄၄၈၀၁၂၈၂၊ ၃၃၂၁၄၄၁**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊မြေကွက်အမှတ် ၁၉/၇-ခ၊ မြေကွက်တည်နေရာအမှတ်(၃၅)၊ ကင်ပွန်းခြံလမ်း၊ (၁၀)ရပ်ကွက် (ဦးဆိုင်)အမည်ပေါက် ဘီ(အိမ်ရာမြေ)၊ (အိမ်ရာသတ်မှတ်)အား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၅၁၈/၂၀၁၄ (၂၇-၈-၂၀၁၅)၏ စီရင်ချက်နှင့်ဒီကရီ တရားမဇာရီမှုအမှတ် ၁၁၃/၂၀၁၅ (၂၅-၂-၂၀၁၆)၏ အမိန့် ၂၁-၃-၂၀၁၆ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ ဘီလစ် ဒေါ်မေသူဟန် ၁၂/ဥကမ(နိုင်)၁၈၈၃၇၀ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၁၀၊ မြေကွက်အမှတ် ၅၄၄/ခ၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ မြေကွက်တည်နေရာ အမှတ်(၅၄၄/ခ)၊ ပိတောက်ရွှေဝါလမ်း၊ ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ် ဒေါ်ဆိုင်းညွန့် ၁၂/လမတ(နိုင်)၀၂၃၃၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ဆိုင်းညွန့် ၁၂/လမတ(နိုင်)၀၂၃၃၂ ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်နှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် အမှုတွဲအမှတ် လသယ/သကတ ၁၀/၁၇၀/၀၂ ဖြင့် ၂၀-၁၂-၂၀၀၂ရက်မှစ၍ ထုတ်ပေးခဲ့သည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာ အမှတ် ၁၆၅၊ (၈၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (ဦးကျော်မြင့်) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးကျော်မြင့်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်စန်းစန်းလွင်(ခ)LIM CHEN HEE ၁၂/ရကန(ဧည့်)၀၀၀၀၈၃ မှ ပါမစ်မူရင်း၊ အရောင်းအဝယ် အရပ်ကတိစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)အား လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၃/၂·ခ၊ မြေကွက်တည်နေရာအမှတ် ၆၊ မြဇေယျာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် (မြေပိုင်မြေ)အမည်ပေါက် ဒေါ်သန်းအေး၊ ဦးကျော်သောင်း၊ ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်မြင့် မြေအား ဒေါ်သန်းအေး၊ ဦးကျော်သောင်းတို့ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်မြင့်မြင့်သန်း ၁၂/ကမရ(နိုင်)၀၃၇၃၃၉၊ ဦးအောင်မြင့် ၁၂/ကမရ(နိုင်)၀၂၅၃၁၇နှင့် ဦးကျော်သောင်း(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်သက်သက်အေး ၁၂/ကမရ(နိုင်)၀၀၈၅၆၃ တို့မှ အမည်ပေါက်စာချုပ်ဖြစ်သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် (မိတ္တူမှန်) (၆၁၁၉/၂၀၁၁) (၂၇-၉-၂၀၁၁)၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကို တင်ပြ၍ (ပိုင်ဆိုင်+အရောင်း) စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# တရုတ်နှင့် ဥရောပဈေးကွက်သို့ အဝယ်လိုက်လာ၍ ဆန်ကြမ်းဈေး အနည်းငယ်ပြန်တက်




**ဖြိုးလွင်အောင်(AMIA)**
**ဓာတ်ပုံ-မြန်မာ့အလင်း**

**နေပြည်တော်  ဇွန်  ၇**
ယခုဇွန်လပထမပတ်အတွင်း ပြည်ပဆန်တင်ပို့မှု အနည်းငယ်မြင့်တက်လာသည့်အတွက် ပြည်တွင်းဆန်ကြမ်းဈေး အနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဘဏ္ဍာရေးမှူး ဦးအောင်မြင့်က ပြောသည်။

ယခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်းက ဥရောပနှင့်အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် ဒေါ်လာ ၃၂၀ ဈေးနှုန်းရှိရာမှ လက်ရှိတွင် ၂၅ မှတ်တန် ဆန်ကြမ်း တစ်တန်လျှင် ဒေါ်လာ ၃၆၀မှ ၃၇၀ အထိ

*စာမျက်နှာ ၈ ကော်လံ ၁* ●

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ဇွန် ၁၁ ရက်တွင် ထုတ်ပြန်မည်

**နေပြည်တော်  ဇွန်  ၇**
၂၀၁၆ ခုနှစ် မတ်လတွင် ဖြေဆိုခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ဇွန် ၁၁ ရက် စနေနေ့ နံနက် ၆ နာရီတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန စာစစ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ အောင်စာရင်းများကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနများနှင့် ပညာရေးမှူးရုံးများတွင် ကပ်ထားကြေညာပေးမည် ဖြစ်သည်။

ယမန်နှစ် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖြေဆိုသူ စုစုပေါင်း ၅၉၇၉၄၆ ဦး ရှိခဲ့ပြီး အောင်မြင်သူ ၂၂၄၈၄၇ ဦး ရှိ၍ အောင်မြင်မှုရာခိုင်နှုန်း ၃၇ ဒသမ ၆၀ ရာခိုင်နှုန်းရှိခဲ့သည်။

**သန်းဦး(လေးမျက်နှာ)**

## မြန်မာနိုင်ငံသားများ သာမန်နိုင်ငံကူးလက်မှတ်ဖြင့် စင်ကာပူနိုင်ငံသို့ ဗီဇာလျှောက်ထားစရာမလိုဘဲ ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရတော့မည်

**နေပြည်တော်  ဇွန်  ၇**
စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ် ရက်ပေါင်း ၃၀ နေထိုင်ခွင့် အပြန်အလှန် သဘောတူညီချက်ကို လဲလှယ်ခဲ့ကြသည်။ ထိုသဘောတူညီချက်အရ မြန်မာနိုင်ငံသားများ သာမန်နိုင်ငံကူးလက်မှတ် (Ordinary Passport) ဖြင့် စင်ကာပူ နိုင်ငံသို့ သွားရောက်ကြရာတွင် ဗီဇာလျှောက်ထားစရာမလိုဘဲ ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။ အလားတူ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ စင်ကာပူနိုင်ငံသားများအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ဗီဇာလျှောက်ထားစရာမလိုတော့ဘဲ လာရောက်နိုင်ပြီး ရက်ပေါင်း ၃၀ အထိ နေထိုင်ခွင့်ရရှိမည်ဖြစ်သည်။ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ် ရက်ပေါင်း ၃၀ နေထိုင်ခွင့်ပြုခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

## အတွေ့အကြုံယူနေသည့် မြန်မာအမျိုးသမီးအသင်း တောင်ကိုရီးယားကို ထပ်မံရှုံးနိမ့်



**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန်  ဇွန်  ၇**
၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယား လက်ရွေးစင်အမျိုးသမီးအသင်းတို့၏ခြေစမ်းပွဲဒုတိယပွဲစဉ်ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ တောင်ကိုရီးယားအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အာရှထိပ်သီးတောင်ကိုရီးယားအသင်းထံမှ အတွေ့အကြုံကောင်းများ ရယူနိုင်ရန် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာအသင်းသည်

**တောင်ကိုရီးယား လက်ရွေးစင်အမျိုးသမီးအသင်းတိုက်စစ်မှူး မြန်မာအသင်းဘက်သို့ ဂိုးသွင်းယူစဉ်**

ထပ်မံရှုံးနိမ့်ခဲ့သော်လည်း ပထမပွဲထက်ကစားပုံ ပိုကောင်းခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင်ချေပဂိုးတစ်ဂိုးပြန်သွင်းနိုင်ခဲ့သလို ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ရရှိအောင်ကစားနိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်းသည် လူငယ်အများစုဖြင့်ပွဲထွက်ခဲ့သော်လည်း အမာခံကစားသမားများပါလာမှ အနိုင်ဂိုးများရခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲကစားခဲ့သည့် လူစာရင်းအတိုင်း ခင်မာလာထွန်း၊ ရီရီဦး၊ ခင်မိုးဝေ၊ ဇင်မာဝင်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး တောင်ကိုရီးယားအသင်းကို ရင်ဆိုင်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းသည် တောင်ကိုရီးယားတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သောကြောင့် တစ်ဂိုးသာပေးခဲ့ရပြီး ချေပဂိုး တစ်ဂိုးလည်း ရရှိရန်ကစားနိုင်ခဲ့သည်။ တောင်ကိုရီးယားအတွက် ဦးဆောင်ဂိုးကို ၁၂ မိနစ်တွင် ဂျန်ဆယ်ဂျီက သွင်းယူခဲ့ပြီး ၂၄ မိနစ်တွင် ခင်မိုးဝေက မြန်မာအသင်းအတွက်

*စာမျက်နှာ ၁၄ ကော်လံ ၅* ✻

